# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၀ ရက်   ၂၀၂၁ ခုနှစ်၊ မေ ၆ ရက်၊ ကြာသပတေးနေ့   အတွဲ (၆၀)၊ အမှတ် (၂၁၅)


## ပြည်ထောင်စုဝန်ကြီးဌာန ပြောင်းရွှေ့ပြင်ဆင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၁၁၉ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်)

**ပြည်ထောင်စုဝန်ကြီးဌာန ပြောင်းရွှေ့ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအား ပြည်ထဲရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် (၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် မေ ၅

(၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် အုတ်ပုံဆိပ်လမ်း စွယ်တော်မြတ်စေတီ အနီးရှိ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်ဝင်းအတွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်မိန့်ခွန်းပြောကြားသည်။

အခမ်းအနား ပထမပိုင်း အစီအစဉ်အဖြစ် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်၊ သီတာ ခန်းမ၌ မိန့်ခွန်းပြောကြားခြင်းနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်းအစီအစဉ်များ ကျင်းပခဲ့ပြီး ဒုတိယပိုင်း အစီအစဉ်အဖြစ် စစ်ရေးပြကွင်းတွင် ခေတ်အဆက်ဆက်က မီးသတ်သမားများ အသုံးပြုခဲ့သည့် ရှေးဟောင်း မီးသတ်ယာဉ်/ စက်များ၊ ခေတ်မီ မီးသတ်ယာဉ်/ စက်များ၊ မီးသတ်ပစ္စည်း ကိရိယာများ၊ ဓာတ်ပုံပြခန်းများ လေ့လာကြည့်ရှုခြင်း အစီအစဉ်များဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားအစီအစဉ် ပထမပိုင်းတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ မီးသတ်တပ်ဖွဲ့ဝင်များ အတွက် ပေးအပ်သည့် ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ နှင့် ဆန်အိတ် ၂၀၀၊ ဆီ ၁၁၅၆ ပိဿာ၊ ကုလားပဲ ပိဿာ ၆၀၀၊ ဆား ၁၃၀၈ ပိဿာတို့အား ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူထံပေးအပ်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❑

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၏ ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ)သင်တန်းများနှင့် နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများ ပြန်လည်ဖွင့်လှစ်

နေပြည်တော် မေ ၅

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ထမ်းဆောင်နိုင်ရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ရယူအသုံးချကာ လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်သော ဘွဲ့ရလူငယ်မောင်မယ် ပညာတတ်များ မွေးထုတ်ရေးကို ဦးတည်လျက် ပညာရေးဝန်ကြီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများ၏ ပါရဂူဘွဲ့ကြိုသင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ) သင်တန်းများနှင့် နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများကို ယနေ့ (မေ ၅ ရက်)တွင် တစ်ပြိုင်တည်း ပြန်လည်ဖွင့်လှစ်ခဲ့သည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❖



မေ ၅ ရက်က ထားဝယ်တက္ကသိုလ်ပြန်လည်ဖွင့်လှစ်ရာ ကျောင်းသား ကျောင်းသူများအား တွေ့ရစဉ်။


**အနုပညာ အဆိပ်မသင့်ပါစေနဲ့**

ဆောင်းပါး (စာ » ၆)

**ဆင်ဟွာသတင်းဌာနနှင့်တွေ့ဆုံမေးမြန်းခန်း**

မြန်မာနိုင်ငံအရေးကို အာဆီယံနည်းလမ်းဖြင့် ဖြေရှင်းနိုင်ဟု တပ်မတော်ပြောရေးဆိုခွင့်ရှိသူပြော

အင်တာဗျူး (စာ » ၈)

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**

ပြည်တွင်းသတင်း (စာ » ၁၀)

**မြန်မာ့အလင်း**

# မပျက်မကွက် ကျောင်းသို့တက်

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်များကို မေလ ၅ ရက်နေ့တွင် စတင်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။ အခြေခံပညာကျောင်းများအတွက်မူ လာမည့် မေလ ၂၄ ရက်မှ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ပြီး ကျောင်းအပ်လက်ခံသွားမည်ဖြစ်သည်။ ကျောင်းအပ်နှံရာတွင် အခကြေးငွေ တစ်စုံတစ်ရာ ကောက်ခံမှုလုံးဝမရှိကြောင်းနှင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ပါးစပ်နှာခေါင်းစည်း (Mask) နှင့် မျက်နှာအကာ (Face Shield) တို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့မည်ဖြစ်ကြောင်းကိုလည်း ပညာရေးဝန်ကြီးဌာနက ပြည်သူကို အသိပေးနှိုးဆော်ထားသည်။

ကျောင်းသားကျောင်းသူများ အမှန်တကယ် ပညာတတ်မြောက်ရေး၊ အခြေခံပညာအဆင့်တွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့ကို တန်းစဉ်မှန်မှန် တက်ရောက်နိုင်ရေးနှင့် ကျောင်းထွက်သူ လုံးဝပပျောက်ရေး၊ မူးယစ်ဆေးဝါးနှင့် အရက်၊ ဆေးလိပ်၊ ကွမ်းယာ မသုံးစွဲရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး အသိပညာပေးရေး၊ ဂိမ်းစွဲလမ်းမှု ပပျောက်ရေး၊ ကိုဗစ်-၁၉ ရောဂါတားဆီးကာကွယ်ရေးတို့အတွက် ကျောင်းဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ၊ မိဘများနှင့် ကျောင်းသားကျောင်းသူများ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်သွားကြရန် အသိပေး ထုတ်ပြန်ထားသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကမ္ဘာတွင် ပြန့်ပွားလာမှုကြောင့် ပြီးခဲ့သည့် စာသင်နှစ်တစ်နှစ်လုံး ကျောင်းများမဖွင့်နိုင်ဘဲ ပိတ်ထားခဲ့ရသည့်အတွက် ကျောင်းသားကျောင်းသူများအဖို့ များစွာ ထိခိုက်နစ်နာခဲ့ရသည်။ စာသင်နှစ်တစ်နှစ်ဆုံးရှုံးသွားရပြီး အသက်တစ်နှစ်ကြီးလာသလို ဘွဲ့ယူနိုင်ရန် တစ်နှစ်နောက်ကျသွားခဲ့ရပြီး အလုပ်အကိုင်ရရှိရန်မှာလည်း တစ်နှစ်နောက်ဆုတ်သွားခဲ့ရခြင်းဖြစ်ရာ စာသင်နှစ်များ နောက်ထပ်နောက်ထပ် ဆုံးရှုံးရသည်နှင့်အမျှ ကျောင်းသား ကျောင်းသူတို့၏ဘဝမှာလည်း နောက်ကျမှုများစွာနှင့် ကြုံတွေ့ကြရမှာ ဖြစ်သည်။

ယခုအခါ အဆင့်မြင့်ပညာကျောင်းများ ဖွင့်လှစ်လိုက်ပြီး အခြေခံပညာကျောင်းများ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ဆရာ၊ မိဘများက ပညာသင်ကြားရေး သင်ယူရေးတို့အတွက် စိတ်အားထက်သန်စွာ ကြိုးပမ်းလျက်ရှိနေကြသည်ကို တွေ့ရှိကြရသည်။ အခြားတစ်ဖက်တွင်မူ အကြမ်းဖက် အဖျက်အမှောင့်သမားတို့ကလည်း တားဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းစသည့် နည်းလမ်းအသွယ်သွယ်တို့ဖြင့် ကျောင်းသား ကျောင်းသူတို့၏ ပညာသင်မှုကို ဖျက်လိုဖျက်ဆီးပြုရန် အားထုတ်နေကြသည်ကို သိရှိနေကြရသည်။ ကျောင်းသား ကျောင်းသူများက ကျောင်းမတက်ဘဲ ကျောင်းပျက်ကြရန်၊ ကျောင်းသား ကျောင်းသူများ၏ မိဘများကလည်း မိမိတို့၏ သားသမီးများကို ကျောင်းမပို့ကြရန်၊ ဆရာ ဆရာမများကလည်း ကျောင်းသို့မသွားရန်၊ သင်ကြားမပေးရန် စသည်တို့ကို လှုံ့ဆော်မှုများနှင့်အတူ ခြိမ်းခြောက်မှုများကိုပါ ပြုလုပ်နေကြသည်ကို တွေ့ရသည်။ ပြည်သူလူထုကျန်းမာရေး စောင့်ရှောက်မှုကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ ကလေးသူငယ်များနှင့် လူငယ်တို့၏ အနာဂတ်ဘဝအတွက် ပညာသင်ကြားရေးကို နှောင့်ယှက်ဖျက်ဆီးခြင်းတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကို ထိခိုက်စေမည်မဟုတ်ဘဲ နိုင်ငံသူ နိုင်ငံသား ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများကိုသာ ကြီးစွာသောနစ်နာဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဖြစ်သည်။ နိုင်ငံတော် အစိုးရက ဆေးရုံများနှင့် ကျောင်းများကို ကြိုးပမ်းအားထုတ် ဖွင့်လှစ်နေခြင်းသည် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသူများနှင့် ကျောင်းသား ကျောင်းသူများအတွက် တစ်နည်းအားဖြင့် ပြည်သူများအတွက်သာ ဖြစ်ပြီး အဖျက်အမှောင့်သမား၊ အကြမ်းဖက်သမားတို့က ဆေးရုံများ၊ ကျောင်းများကို မဖွင့်လှစ်နိုင်ရန် ကြိုးပမ်းနေကြခြင်းမှာ မည်သူ၏ အကျိုးစီးပွားအတွက် ဖြစ်သနည်းဟု မေးခွန်းထုတ်ရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်တွင် လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူ၍ ပါရှိရာ အစိုးရတစ်ရပ်အနေဖြင့် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားအတွက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ချမှတ်ထားခြင်းဖြစ်သည်။ အကြမ်းဖက်အဖျက်သမားတို့က ၎င်းတို့၏ နိုင်ငံရေးရည်မှန်းချက်အတွက် ဘယ်သူသေသေ ငတေမာပြီးရော စိတ်ဓာတ်ဖြင့် ပြည်သူကိုချနင်းကာ ပြည်သူတို့၏ အသက်နှင့် လူငယ်တို့၏အနာဂတ်တို့ကို စတေးနေကြခြင်းဖြစ်သည့် အလျောက် အကြမ်းဖက်အဖျက်ဝါဒကျဆုံးပါစေဟု ဆန္ဒပြုအပ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်ရှိ ဒေသခံပြည်သူများအား ဆန်နှင့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၅

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မင်းတဲအီကင်း ရပ်ကွက်အတွင်းရှိ အိမ်ထောင်စု ၃၀၀ အတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ နယ်မြေခံတပ်မတော်သားများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်း

နေပြည်တော် မေ ၅

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

ပညာရေးဝန်ကြီးဌာန

၂၀၂၁-၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

**ကျောင်းအပ်နှံရေးသီတင်းပတ်** **၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ**

ပညာရေးဝန်ကြီးဌာန

"၂၀၂၁-၂၀၂၂ ပညာသင်နှစ်"

အသိပေးကြေညာချက်

❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း(KG) သို့ အပ်နှံရန်။

❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

❖ မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။

❖ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## လက်ပံတန်း၌ အင်းလေလံတင်ရောင်းချ

လက်ပံတန်း မေ ၅

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ ငါးလုပ်ငန်းဦးစီးဌာနရုံးခန်း၌ မေ ၄ ရက် နံနက် ၉ နာရီခွဲက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ပထမအကြိမ် အင်းလေလံတင်ရောင်းချပွဲပြုလုပ်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်နှင့် အင်းသူကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးဌာနမှူးတို့က အမှာစကားပြောကြားသည်။

ယင်းနောက် မြို့နယ်ငါးလုပ်ငန်းဦးစီးအရာရှိ ဦးဇော်မင်းလွင်က လေလံစည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ဒုတိယတိုင်းဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် အင်းပေါင်း ၂၀ အား ပွင့်လင်းမြင်သာစွာ ဈေးပြိုင် စနစ်ဖြင့် ရောင်းချရာ အင်းပေါင်း ၁၁ အင်း ရောင်းချရငွေကျပ် ၄၀၂ သိန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

ကျန်အင်းများအား သတ်မှတ်ရက်များတွင် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဆင့်(လက်ပံတန်း)**

## တက္ကသိုလ်အဆင့်များကို မေလဆန်း နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတိုင်းသည် ပညာရေးကဏ္ဍအား အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပညာရေးမြင့်မားရေးအတွက် အားပေးဆောင်ရွက်ရာတွင် ဆရာ၊ ဆရာမများအတွက် ၎င်းတို့ ပညာအရည်အချင်းနှင့် ကိုက်ညီသည့် ခံစားခွင့်များရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်သဖြင့် နည်းလမ်းရှာဖွေဆောင်ရွက်သွားရန် လိုကြောင်း၊ တက္ကသိုလ်အဆင့်များကို မေလဆန်းတွင် ဖွင့်လှစ်နိုင်ရန်နှင့် အခြေခံပညာကျောင်းများအား ဇွန်လဆန်းတွင် ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာအတွက် ဆရာ၊ ဆရာမများကို သင်ကြားမှု သင်ယူမှု အထောက်အကူပြု သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ကိုဗစ်- ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်းကိရိယာအပါအဝင် လိုအပ်ချက်များကို မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်အညီ အချိန်မီပူးပေါင်းပံ့ပိုးဆောင်ရွက်သွားမည်

**နေပြည်တော် မေ ၅**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းဝယ်ယူရေး ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး (၁/၂၀၂၁) ကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ် (၁)၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးနှင့် ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ညှိနှိုင်းဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ယခင်နှစ်က ကိုဗစ်- ၁၉ ရောဂါ ကူးစက်မှုအခြေအနေအရ ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအခါ ကာကွယ်ထိန်းချုပ်ထားနိုင်မှုအခြေအနေ ပိုမိုကောင်းမွန်လာသည်ကို တွေ့ရသဖြင့် ဖြစ်ပေါ်လာသည့် အခြေအနေနှင့်အညီ ကော်မတီအနေဖြင့် လုပ်နည်းလုပ်ဟန် ပြင်ဆင်ဆောင်ရွက်သွားရန် လိုပါကြောင်း၊ ပြည်တွင်း၌ ကိုဗစ်- ၁၉ ၏ သက်ရောက်မှုအပေါ် ပြန်လည်တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲထားသော ကိုဗစ်- ၁၉ စီးပွားရေး ထိခိုက်မှုသက်သာစေရေး စီမံချက် (CERP)အရ စီးပွားရေးလုပ်ငန်းများအတွက် သာမက အခြားသော ဘဏ္ဍာရေး ဖြေလျှော့ပေးမှုများ၊ စီးပွားရေးလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေး လုပ်ငန်းစဉ်များ၊ ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်မှု လုပ်ငန်းများကိုပါ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံ စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက် (Myanmar Economic Recovery Plan-MERP) ကို ရေးဆွဲ၍ ဆက်လက်ဆောင်ရွက်သွားရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း။

### တိုးမြှင့်လုပ်ဆောင်

လက်ရှိအခြေအနေတွင် မိမိတို့ အိမ်နီးနားချင်းဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်းနိုင်ငံတို့ အပြင် ကမ္ဘာ့နိုင်ငံအချို့၌ ကိုဗစ်- ၁၉ တတိယလှိုင်း၏ ကူးစက်ပျံ့နှံ့မှုနှင့် ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါသဖြင့် ယင်းအခြေအနေတို့အပေါ် လေ့လာသုံးသပ်၍ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် ကိုဗစ်- ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးနှင့် ဆေးပစ္စည်း ကိရိယာအပါအဝင် လိုအပ်ချက်များကို မိမိတို့ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့် အညီ အချိန်မီ ပူးပေါင်းပံ့ပိုး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကာကွယ်ရေး၊ ကုသရေးနှင့် ပညာပေး လုပ်ငန်းများ အရှိန်မပျက် ဆက်လက်လုပ်ဆောင်သွားရန် အရေးကြီးသဖြင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများအတွက်လည်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### အကြံပြုတင်ပြ

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက ဆေးနှင့် ဆေးပစ္စည်းကိရိယာများအား လေကြောင်းလိုင်းများဖြင့် နိုင်ငံတစ်ဝန်း သယ်ယူပို့ဆောင်ပေးမှု အခြေအနေများ၊ CERP အရ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဝယ်ယူထားသည့် ဆေးနှင့် ဆေးပစ္စည်းများ အခြေအနေ၊ ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံ/အဖွဲ့အစည်းများမှ လှူဒါန်းထားသည့် ပစ္စည်းများ လက်ခံရရှိမှု အခြေအနေ၊ လက်ရှိ ပြည်တွင်းကူးစက်မှုများအတွက် လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများကို ထပ်မံဝယ်ယူရမည့် ကိစ္စရပ်များ၊ ဆက်စပ်လုပ်ငန်းစဉ်များနှင့် အသီးသီးဆွေးနွေး အကြံပြုတင်ပြကြသည်။ **သတင်းစဉ်**

# ရန်ကုန်- မန္တလေးလမ်းပိုင်း၌ အမှတ်(၁)အဆန်၊ အမှတ်(၂) အစုန် စာပို့ရထားနှင့် ပဲခူး-ရန်ကုန်လမ်းပိုင်းတွင် အမှတ်(၁၃)အဆန်၊ အမှတ်(၁၄)အစုန် RBE ရထားများ ပြေးဆွဲမည်

**နေပြည်တော် မေ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွား မိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် ရန်ကုန်-နေပြည်တော်၊ ရန်ကုန်- မော်လမြိုင်၊ ရန်ကုန်-ပြည်လမ်းပိုင်းများအား ပြေးဆွဲပေးလျက်ရှိရာ ယခုထပ်မံ၍ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၁)အဆန်၊ အမှတ် (၂) အစုန်စာပို့ရထားနှင့် ပဲခူး -ရန်ကုန်လမ်းပိုင်း၌ အမှတ်(၁၃) အဆန်၊ အမှတ်(၁၄)အစုန် RBE လူစီးရထား ပြေးဆွဲပေးသွားမည် ဖြစ်သည်။

ရန်ကုန်- မန္တလေး ရထားလမ်းပိုင်း၌ အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန် စာပို့ရထား ခရီးစဉ်ကို မေ ၆ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး အမှတ်(၁) အဆန်စာပို့ရထားသည် ရန်ကုန်မှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာ၍ မန္တလေးသို့နောက်တစ်နေ့ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၂)အစုန် စာပို့ရထားသည် မန္တလေးမှ နံနက် ၇ နာရီထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့နံနက် ၅ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ တွဲဆိုင်းဖွဲ့ဆင်မှုမှာ စက်ခေါင်းမောင်းနားနေတွဲ တစ်တွဲ၊ ရိုးရိုးတန်းနှစ်တွဲ၊ စာတိုက်တွဲ တစ်တွဲ၊ ဘရိတ် တစ်တွဲ၊ လပ်ဂိတ်သုံးတွဲ ပါရှိသည်။ လမ်းခရီးတွင် ဘူတာ ၃၁ ဘူတာ၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး ခရီးသည်များ စီးနင်းလိုက်ပါနိုင်ကြောင်းနှင့် ပါဆယ်ပစ္စည်း တင်ပို့ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ထို့နည်းတူ ရန်ကုန်- ပဲခူး လမ်းပိုင်း၌ အမှတ်(၁၃)အဆန်၊ အမှတ်(၁၄)အစုန် RBE လူစီးရထားတွဲနှစ်တွဲဖြင့် မေ ၈ ရက်တွင် စတင်ပြေးဆွဲမည်ဖြစ်ပြီး အမှတ် (၁၄)အစုန် ရထားသည် ပဲခူးမှ နံနက် ၆ နာရီထွက်ခွာ၍ ရန်ကုန်သို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အဆိုပါ RBE လူစီးရထားအား အမှတ်(၁၃)အဆန်ရထားအဖြစ် ရန်ကုန်မှ ညနေ ၃ နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ ပဲခူးသို့ ညနေ ၆ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်းနှင့် နေ့စဉ်ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တွေ့ဆုံဆွေးနွေး



**နေပြည်တော် မေ ၅**
‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီနပ်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတားသိန်းဖော်တို့သည် ယနေ့ မွန်းလွဲ ၃ နာရီခန့်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မေခလာခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် လာရောက်တွေ့ဆုံသည်။ (ယာပုံ)

**ဆွေးနွေး**

တွေ့ဆုံစဉ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများအတွင်း လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနများမှ ရုံးများ ဖွင့်လှစ်နိုင်ရေးအတွက် မြေနေရာ ရရှိရေး ဆောင်ရွက်ပေးမည့် အခြေအနေများ၊ တောင်ပေါ်ဒေသဖြစ်သည့်အတွက် မြေဖြတ်၊ မြေညှိလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်မှုနှင့် ဘတ်ဂျက်ထည့်သွင်းလျာထားဆောင်ရွက်ပေးနိုင်မည့် အခြေအနေများ၊ ဝန်ထမ်းသစ်များခန့်ထားရာတွင် ဒေသခံများဦးစားပေး ခန့်ထားရန် လိုအပ်မည့်အခြေအနေများ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း တိုက်ပွဲရှောင်ပြည်သူများ၏ စားနပ်ရိက္ခာလိုအပ်မှုအတွက် ထောက်ပံ့ကူညီပေးနိုင်မည့် အခြေအနေများ၊ ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းပြီး ပြန်လည်နေရာချထားရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဖြည့်စွက်ပံ့ပိုးကူညီရန်လိုအပ်မှုအခြေအနေများ၊ မူကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖြည့်ဆည်းကူညီဆောင်ရွက်ပေးရမည့်အခြေအနေများနှင့်ပတ်သက်၍ အပြန်အလှန် ရင်းရင်းနှီးနှီး ညှိနှိုင်းတိုင်ပင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အခမ်းအနားများသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုဆုငွေကျပ်သိန်း ၁၀၀ နှင့် အခြေခံစားသောက်ကုန်လေးမျိုးအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးအပ်စဉ်။

## နေ့အပူချိန်များ

**နေပြည်တော် မေ ၅**
နေ့အပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် မေလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

**မိုး/ဇလ**

# ဒဂုံတက္ကသိုလ်ကျောင်းတော်ကြီး ယနေ့ အေးချမ်းစွာ ပြန်လည်ဖွင့်လှစ်

**ရန်ကုန် မေ ၅**
ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်မှ ဒဂုံတက္ကသိုလ်ကျောင်းတော်ကြီးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ မေ ၅ ရက် (ယနေ့)တွင် ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ပညာသင်ကြားမှုကို အေးချမ်းစွာဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း ဒဂုံတက္ကသိုလ် တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

“ ဒဂုံတက္ကသိုလ်ကြီးကို ဒီကနေ့ ပြန်လည်ဖွင့်လှစ်သင်ကြားပေးတာက အရင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပထမနှစ်ဝက်မှာ ဘာသာရပ်ပေါင်းစုံက နောက်ဆုံးနှစ်ကျောင်းသားတွေနဲ့ ဂုဏ်ထူးတန်းကျောင်းသားတွေကို စတင်ဖွင့်လှစ်သင်ကြားပေးတာပါ။ အခုလို ပြန်လည်ဖွင့်လှစ်သင်ကြားပေးတဲ့အခါမှာလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ထားတဲ့ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်တွေနဲ့အညီ ဖွင့်လှစ်ပေးထားလို့ အားလုံးအဆင်ပြေပြေ သင်ကြားခွင့်ရကြပါတယ်” ဟု ဒဂုံတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ကျောင်းများ ပြန်လည်ဖွင့်လှစ်မှုနှင့်ပတ်သက်၍ ပြောကြားသည်။

“ ကျွန်တော်က ဒီဒဂုံတက္ကသိုလ်မှာ နောက်ဆုံးနှစ်တက်နေတာပါ။ ဓာတုဗေဒ နောက်ဆုံးနှစ်ပေါ့။ နောက်ဆုံးနှစ် ပထမနှစ်ဝက်ဖြေရင်း ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားတာနဲ့ စာမေးပွဲဖြေရင်း ကျောင်းပိတ်သွားခဲ့တာ။ အခုဆိုရင် တစ်နှစ်ကျော်ပြီ။ ကျောင်းတွေ အရေးပေါ်ပိတ်လိုက်တော့ ကျွန်တော်တို့အတွက်က အတော်လေး နစ်နာတယ်။ ဘယ်လိုအကြောင်းကြောင်းကြောင့် အခုလို ပြန်မပိတ်စေချင်တော့ဘူး။ တကယ်လို့သာ အဲဒီ ကိုဗစ်- ၁၉ ရောဂါ မပေါ်ပေါက်ခဲ့ဘူးဆိုရင် ဒီအချိန်ကျွန်တော်တို့ ကျောင်းပြီးလို့ လုပ်ငန်းခွင်ထဲတောင် ဝင်နေပြီ။ အဲဒါကြောင့် ကျောင်းတွေပြန်ဖွင့်မယ့်ရက်စောင့်နေတာ။ အခုလို ကျောင်းတွေ ပြန်လည်ဖွင့်လှစ်ပေးလို့လည်း အလွန်ပဲဝမ်းသာမဆုံး ဖြစ်မိပါတယ်။ ဒီကနေ့ ပထမဆုံး တက်ရတာဖြစ်ပေမယ့် အဆင်ပြေပါတယ်” ဟု ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်အတွင်းမှ ဒဂုံတက္ကသိုလ် နောက်ဆုံးနှစ် တက်ရောက်သင်ကြားနေသော ကျောင်းသားတစ်ဦးက ပြောကြားသည်။

ဒဂုံတက္ကသိုလ်ကြီးကို ပြီးခဲ့သော ၂၀၁၉- ၂၀၂၀ ပညာသင်နှစ်ဖြစ်သော မတ် ၂၃ ရက် ( ပထမနှစ်ဝက်ဘာသာရပ်ဆိုင်ရာ စာမေးပွဲများ ဖြေဆိုစဉ်ကာလအတွင်း)တွင် ကိုဗစ်- ၁၉ ရောဂါကြောင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အရေးပေါ်ယာယီပိတ်ခဲ့ရာမှ ယခုပြန်လည်ဖွင့်လှစ်ချိန်တွင် တစ်နှစ်ကျော်ခဲ့ပြီဖြစ်သည်။

ယခုအခါ ဒဂုံတက္ကသိုလ်ကြီး၌ ဂုဏ်ထူးတန်း အောင်မြင်ပြီးသော မည်သည့်ဘာသာရပ် ကျောင်းသားများမဆို နည်းပြနှင့် သရုပ်ပြရာထူးနေရာများအတွက် ခန့်အပ်ထားနိုင်ရေး လျှောက်လွှာများလည်း ခေါ်ယူလျက်ရှိကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ(ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်များ၊ ပညာရေးဒီဂရီကောလိပ်များ) ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲကြီးကြပ်မှု မွမ်းမံသင်တန်းဖွင့်လှစ်

**နေပြည်တော် မေ ၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာကဏ္ဍ (ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်များ၊ ပညာရေးဒီဂရီ ကောလိပ်များ) ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲကြီးကြပ်မှု မွမ်းမံသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**





အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်များနှင့် ပညာရေးဒီဂရီကောလိပ်များမှ သင်တန်းသား ဘဏ္ဍာရေးတာဝန်ခံ အရာရှိကြီးများ၊ ရာထူးတိုးခန့်အပ်သော စီမံ/ဘဏ္ဍာဌာနမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအသီးသီး၌ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး ပိုမိုတိုးတက်လာစေရေး ရည်ရွယ်ချက်ဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ခြင်း ဖြစ်ပါကြောင်း၊ သင်တန်းသို့ အပြည့်အဝတက်ရောက်လာကြသည့်အတွက် ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း၊ ဝန်ထမ်းဖြစ်လာပါက နေရာသစ် ပတ်ဝန်းကျင်သစ်တွင် ဗဟုသုတ၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် အရည်အသွေး အတွေ့အကြုံများ ရရှိရေး အတွက် နေရာဒေသ မရွေး တာဝန် ထမ်းဆောင်နိုင်ရမည်ဟု ခံယူထားကြစေလိုပါကြောင်း၊ ဝန်ထမ်းအားလုံးသည် မည်သည့်အစိုးရ တက်တက် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် မိမိအလုပ်ကို အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရမည် ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူ တာဝန်ခံ ဆောင်ရွက်နေကြရသည့် ဝန်ထမ်းများ အနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ အကန့်အသတ်ဖြင့် ခွင့်ပြုချက်ရရှိထားသော ဘဏ္ဍာရေးရန်ပုံငွေများကို အကျိုးရှိ ထိရောက်မှန်ကန်စွာ အသုံးပြုနိုင်ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၏ နိုင်ငံ့တာဝန် ထမ်းဆောင်မှုကို အောင်မြင်စေရေးအတွက် ပံ့ပိုးပေးကြရမည် ဖြစ်ကြောင်း၊ မိမိတို့၏ လက်အောက် လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်ဝန်းကျင်အပေါ် မာန်မာနမထားဘဲ လုပ်ငန်း စည်းကမ်းဘောင်အတွင်း ကိုယ်ချင်းစာတရား မေတ္တာများဖြင့် လုပ်ကိုင်ဆောင်ရွက်ကြစေလို ကြောင်း၊ ထိရောက်သော ဘဏ္ဍာရေး စီမံခန့်ခွဲမှုများဖြင့် ပညာရေး အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းများကို အမှားအယွင်းမရှိ အကောင်အထည်ဖော် ဆောင်ရွက် စေလိုပါကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အရည်အသွေး မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းကို ဘာသာရပ်သုံးခု ခွဲခြား၍ ဆက်လက်ပို့ချရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်လျာထားသုံးစွဲခြင်း (Planning and Budgeting)၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲမှု (Financial Management) နှင့် ဘဏ္ဍာရေးဆိုင်ရာ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ (Financial Rules and Regulations) ကို မေ ၅ ရက်မှ ၆ ရက်အထိ သင်တန်း ပို့ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၅**

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ပြေးအစိုးရနှင့် CRPH အမည်ခံ ပြည်ပြေး လွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက် ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အနုပညာ အဆိပ်မသင့်ပါစေနဲ့

**မိုးမိုးမြင့်**

ဖြစ်နိုင်မယ်ဆိုရင် ကျွန်မကတော့ အခုချိန်မှာ အဆိုတော်ကြီး မာမာအေးရဲ့ ပြောစရာတွေလည်း တစ်ပုံကြီးဆိုတဲ့စကားကို ခဏ ငှားပြီး ပြောရဦးမှာပါပဲ။ အနုပညာရှင်အချို့ကို ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နဲ့ အမှုဖွင့်အရေးယူတာနဲ့ပတ်သက်ပြီး ကျွန်မပတ်ဝန်းကျင်မှာ ဝေဖန်စောကြောနေတာတွေ ကြားရမြင်ရတာ အင်မတန်စိတ်ပျက် လွန်လွန်းလို့ အခုလို ပြောလိုက်ရပါတယ်။ တစ်နည်းအားဖြင့် အနုပညာရှင်အမည်ခံ လူပုဂ္ဂိုလ်အချို့ရဲ့ တိုင်းဆူပြည်ဖျက်လုပ်ရပ်တွေအပေါ် အားပေးအားမြှောက်ပြုတဲ့ လေသံတွေနဲ့ ပြည်သူကို ဂျင်းထည့်ပြောဆိုမှုတွေလို့ပဲ နားလည်မိပါတယ်။ အချိန်တန်ရင် ပြီးသွားမှာပါလို့ ကြိတ်မှိတ်ဖြေသိမ့် သည်းခံခဲ့ရပေမယ့် အခုလို အခါအခွင့်သင့်လာတော့ ပြောရ ဆိုရပါတော့တယ်။

## ရုပ်ရှင်ဆိုတာ ဘာလဲ

မြန်မာ့ရုပ်ရှင်ဖခင်ကြီး သရုပ်ဆောင်၊ ဒါရိုက်တာ၊ စက်မှုပညာရှင်၊ ဆရာကြီး ဦးညီပုက **“ရုပ်ရှင်ဆိုတာ ရုပ်ရယ်၊ ရှင်ရယ် ပေါင်းစပ်ထားတဲ့အတွက် ရုပ်ရူပက ရှင်သန်သွားလာ လှုပ်ရှားနေတဲ့ ပညာရပ်ပဲဖြစ်ပါတယ်”** ဟု ပြောခဲ့ဖူးပါတယ်။ တစ်နည်းအားဖြင့် ရုပ်ရှင်ဆိုတာ ရုပ်ပုံတွေနဲ့ ဇာတ်လမ်းပြောပြတဲ့ အနုပညာတစ်ရပ်လို့ ပြောရမှာပါပဲ။ ရုပ်ရှင်ကျမ်းစာအုပ်တွေ လှန်ကြည့်ရင်တော့ ရုပ်ရှင်ဆိုတာ ဇာတ်သဘင်၊ ဂီတ၊ ဝတ္ထု၊ ပန်းချီ၊ ကဗျာ၊ ပန်းပုစတဲ့ အနုပညာ (၆) မျိုး ပေါ်ပေါက်ပြီးမှ ထွက်ပေါ်လာလို့ ရုပ်ရှင်ကို သတ္တမမြောက် အနုပညာလို့ ပညာရှင်တွေက အမည်ကင်ပွန်းတပ်ကြပြန်ပါတယ်။

ကျွန်မကတော့ ရုပ်ရှင်ဆိုတာ သာမန်ဇာတ်လမ်းဇာတ်အိမ်တစ်ခုကို ဖန်တီးခင်းကျင်းပြသတာမျိုးထက် အတုကို အစစ်လို့ထင်အောင် လှည့်ဖြားခြင်း၊ လှည့်စားခြင်းဆိုတဲ့ မာယာမျိုးစုံရောနှောပြီး ယုံကြည်အောင်ဖန်တီးပြသတဲ့ အတတ်ပညာလို့ပဲ ရိုးရိုးရှင်းရှင်း နားလည်မိပါတယ်။

အချို့ကတော့ ရုပ်ရှင်ဆိုတာ အနုပညာ။ အနုပညာဆိုတာ လူသားတွေရဲ့ အလှကြိုက်တဲ့ အာရုံကို နှစ်သိမ့်မှုပေးနိုင်တဲ့၊ ပုံကောင်းပုံလှတွေကို ပြုစုပျိုးထောင်ပေးတဲ့ စိတ်လှုပ်ရှားမှုဖြစ်တယ်။ ဝတ္ထုကို ရသစာပေ(Literature)လို့ ခေါ်ရင် ရုပ်ရှင်ကို ရသပုံရိပ်(Image)လို့ ခေါ်ထိုက်တယ်ဆိုပြီး အယူအဆအမျိုးမျိုးနဲ့ အဓိပ္ပာယ်တွေ ဖွင့်နေကြပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်၊ ရုပ်ရှင်အနုပညာဆိုတာ ကျွန်မတို့ လူ့အဖွဲ့အစည်းမှာ စီးပွားရေးအရရော ဩဇာအာဏာအရပါ အင်မတန်အရေးပါနေတာကို လူတိုင်းလက်ခံထားကြတယ်။ မိဘဆရာသမားတွေနဲ့ နီတိကျမ်းတွေထဲက ဆုံးမစကားတွေထက် ရုပ်ရှင်ဇာတ်ကားတွေ၊ ဝတ္ထုစာအုပ်တွေထဲက စကားတွေဟာ ပရိသတ်အပေါ် လွှမ်းမိုးငြိတွယ်သွားနိုင်တယ်ဆိုတာ လူတိုင်းအသိပဲ ဖြစ်ပါတယ်။ ကုန်ကုန်ပြောရရင် ရုပ်ရှင်တွေဖန်တီးတဲ့ လူတွေဟာ တကယ့် ပါဝါရှင်တွေလို ကျွန်မတို့ရဲ့ ဦးနှောက်ထဲကို ဝင်နိုင်တယ်။ ကျွန်မတို့ မြင်သမျှလုပ်သမျှ အရာခပ်သိမ်းကို ထိန်းချုပ်နိုင်တယ်။ အဖြစ်အပျက် ခပ်သိမ်းအပေါ်မှာ လမ်းကြောင်းပြောင်းပစ်နိုင်ကြသူတွေပဲ ဖြစ်ပါတယ်။

## အနုပညာကို တလွဲမသုံးသင့်

ကျွန်မပြောခဲ့သလို ရုပ်ရှင်အနုပညာဆိုတာ ပရိသတ်အပေါ် လွှမ်းမိုးလွှမ်းအားကြီးတယ်။ အာဏာပါဝါကြီးတယ်။ အဖြစ်အပျက်တွေအပေါ် ခံစားရတာတွေကိုတောင် လမ်းကြောင်းပြောင်းပစ်နိုင်ပါတယ်။ အဲဒီလို ပါဝါကြီးမှုအပေါ် အခွင့်ကောင်းယူပြီး အနုပညာရှင်အချို့ တလွဲဆံပင်ကောင်း လုပ်ဆောင်နေကြတာကတော့ ကျွန်မတို့အတွက် စိတ်ပျက်ဖွယ်ဖြစ်မိပါတယ်။

တကယ်တမ်းပြောရရင် ခေတ်အဆက်ဆက်အနုပညာနဲ့ နိုင်ငံရေးတို့ကြား အားကောင်းတဲ့ ဆက်နွယ်ချက်တွေကြောင့် ရိုက်ခတ်မှုအမျိုးမျိုးကို သမိုင်းကြောင်းတစ်လျှောက် ကျွန်မတို့ မြင်ကြ တွေ့ကြရခဲ့ပါတယ်။ အနုပညာအသီးသီးဟာ ခေတ်ပြိုင်ဖြစ်ရပ်တွေနဲ့ ခေတ်ပြိုင်နိုင်ငံရေးတို့ကို တုံ့ပြန်ကြတဲ့အခါ အနုပညာသည်တွေဟာ နိုင်ငံရေးဆိုင်ရာ ဒိုင်မေးရှင်းတွေနဲ့ လူမှုရေးဆိုင်ရာ ဒိုင်မေးရှင်းတွေကို လိုသလိုဆွဲယူပုံဖော်တတ်ကြပါတယ်။

အထူးသဖြင့် ရုပ်ရှင်နယ်ပယ်အတွင်းက အနုပညာသည်အချို့ဟာ မိမိတို့ရဲ့ နိုင်ငံရေးဆိုင်ရာ ရပ်တည်ချက်ကို ဖုံးကွယ်မထားနိုင်ကြဘဲ နိုင်ငံရေးကစားပွဲတွေမှာ မိမိတို့ရဲ့ပါဝါကို အသုံးပြုပြီး ဝင်ရောက်ကစားနေကြတာကို တွေ့နေရပါတယ်။

ထင်ရှားတဲ့ သာဓကအနေနဲ့ ပြောရရင် ကျွန်မတို့ မြန်မာ့ရုပ်ရှင်လောကသားအများစုဟာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ နိုင်ငံတော်ရဲ့ ပကတိဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် လျစ်လျူရှုပြီး မိမိတို့ ယုံကြည်ရာ ပါတီအဖွဲ့အစည်း လူပုဂ္ဂိုလ်တွေအကျိုးစီးပွားကို ရှေ့တန်းတင်ကာ နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်ပေါ်အောင်၊ ပြည်သူတွေ၊ ကျောင်းသားတွေ၊ လူငယ်တွေ လမ်းပေါ်ထွက်ပြီး နိုင်ငံတော်အစိုးရကို ဆန့်ကျင်အောင် လှုံ့ဆော်ဆောင်ရွက်ခဲ့ကြတာကို စိတ်မကောင်းဖွယ် တွေ့ခဲ့ရပါတယ်။

အဆိုးဆုံးကတော့ နိုင်ငံ့ဝန်ထမ်းတွေကို CDM လုပ်ဖို့၊ ရုံးမတက်ဘဲ ဆန့်ကျင်ဖို့၊ သံပုံးတီးပြီး ဆန့်ကျင်ဖို့၊ အမျိုးမျိုးလှုံ့ဆော်ရင်း နိုင်ငံရေးသမားအချို့ရေးတဲ့ ဇာတ်ညွှန်းဇာတ်ကွက်တွေအပေါ်မှာ ဗီလိန်လိုလို၊ မင်းသားလိုလို၊ သူရဲကောင်းလိုလို၊ လူကြမ်းလိုလိုနဲ့ ပါဝင်သရုပ်ဆောင်ခဲ့ကြရပါတယ်။

ပါးစပ်က ပြည်သူတွေအတွက်လို့ တွင်တွင်အော်ပြီး နောက်ကွယ်က ငွေကြေးမျိုးစုံ၊ အလှူငွေမျိုးစုံကို ရယူကာ နိုင်ငံရေးကစားကွင်းထဲ ထင်တိုင်းကြဲခဲ့ကြပါတယ်။ အချို့ကတော့ ပုံပြင်ထဲက မြေခွေးလို ကိုယ်အမြီးပြတ်တိုင်း သူများအမြီးပြတ်အောင်၊ သူတို့လို လမ်းပေါ်ထွက် ဆန္ဒပြအောင် အနုပညာရှင်အချင်းချင်းအပေါ် ဖိအားအမျိုးမျိုးပေး၊ ခြိမ်းခြောက်အကျပ်ကိုင်မှုအမျိုးမျိုးလုပ်ပြီး ပွဲကို ဆူသထက်ဆူအောင်၊ ကြီးသထက်ကြီးအောင် အနုပညာကို နိုင်ငံရေးအတွက် အသုံးချခဲ့ကြပါတယ်။ ဒါတွေဟာ ကျွန်မတို့ နိုင်ငံအတွက် အင်မတန် အရုပ်ဆိုး အကျည်းတန်တဲ့ လုပ်ရပ်တွေပါပဲ။

> ❑ **ပါးစပ်က ပြည်သူတွေအတွက်လို့ တွင်တွင်အော်ပြီး နောက်ကွယ်က ငွေကြေးမျိုးစုံ၊ အလှူငွေမျိုးစုံကို ရယူကာ နိုင်ငံရေးကစားကွင်းထဲ ထင်တိုင်းကြဲခဲ့ကြပါတယ်။ အချို့ကတော့ ပုံပြင်ထဲက မြေခွေးလို ကိုယ်အမြီးပြတ်တိုင်း သူများအမြီးပြတ်အောင်၊ သူတို့လို လမ်းပေါ်ထွက်ဆန္ဒပြအောင် အနုပညာရှင်အချင်းချင်းအပေါ် ဖိအားအမျိုးမျိုးပေး၊ ခြိမ်းခြောက်အကျပ်ကိုင်မှုအမျိုးမျိုးလုပ်ပြီး ပွဲကို ဆူသထက်ဆူအောင်၊ ကြီးသထက်ကြီးအောင် အနုပညာကို နိုင်ငံရေးအတွက် အသုံးချခဲ့ကြပါတယ်။ ဒါတွေဟာ ကျွန်မတို့ နိုင်ငံအတွက် အင်မတန် အရုပ်ဆိုးအကျည်းတန်တဲ့ လုပ်ရပ်တွေပါပဲ။**

## ပြည်သူလား ပါတီလား

ယနေ့ဖြစ်ပေါ်နေတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကိုကြည့်ရင် ရုပ်ရှင်အနုပညာသည်တွေဟာ ပြည်သူ အတွက်လား၊ ပါတီအတွက်လားလို့ မေးခွန်းထုတ်စရာတွေ များစွာရှိနေပါတယ်။ အထင်ရှားဆုံးပြရရင် ၂၀၂၀ ပြည့်နှစ်က အဆိုတော်ရုပ်ရှင်သရုပ်ဆောင် ယုန်လေးရိုက်ကူးတင်ပြတဲ့ **“ငါတို့အားလုံးရဲ့ မြေ၊ စည်းလုံးသင့်ပြီ မြန်မာပြည်”** ဆိုတဲ့ Music Video ကို အွန်လိုင်းပေါ်မှာ လွှင့်တင်ခဲ့ကြပါတယ်။

အဲဒီဇာတ်လမ်းမှာပါဝင်တဲ့ တေးသီချင်းဟာ စည်းလုံးညီညွတ်မှုအတွက် ရည်ရွယ်ထုတ်လွှင့်ခဲ့ပေမယ့် နိုင်ငံရေးအရောင်ရှိတဲ့ ရုပ်ရှင်ဒါရိုက်တာကြီးတွေ၊ ရုပ်ရှင်အနုပညာရှင်ကြီးတွေဟာ အနာပေါ်တုတ်ကျသလို ဘာကြောင့် မကျေမနပ်ဖြစ်ခဲ့ကြတယ်မသိဘဲ ရိုက်ကူးထုတ်လွှင့်သူ အဆိုတော် ယုန်လေးအပေါ် ဝိုင်းဝန်းရှုတ်ချပြစ်တင်သံတွေ ကျွန်မတို့ကြားခဲ့ရပါတယ်။ လူတိုင်းဟာ နိုင်ငံရေးနဲ့ပတ်သက်လာရင် အယူအဆသဘောတရားထပ်တူမကျနိုင်တာ သဘာဝပါပဲ။ ဒါပေမယ့် မိမိယုံကြည်ချက်၊ မိမိရပ်တည်ချက်နဲ့ ထပ်တူမကျတဲ့အပေါ် နာကြည်းမုန်းတီးမှုတွေ၊ ရန်လိုတိုက်ခိုက်မှုတွေ လုပ်ဆောင်လာတာဟာ အင်မတန် သဘောထားကျဉ်းမြောင်းပြီး အနုပညာရှင်တွေအနေနဲ့ လုံးဝမပြုသင့် မပြုထိုက်တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။

အဲဒီဖြစ်စဉ်မှာ ရုပ်ရှင်အဖွဲ့အစည်းကြီးတစ်ခုက အကြီးအမှူးလုပ်နေတဲ့ ဒါရိုက်တာကြီးကိုယ်တိုင်က နိုင်ငံရေးအရောင်အဝါတွေ ထုတ်ပြပြီး တပ်မတော်အပေါ် ပုတ်ခတ်ပြောဆိုခဲ့ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ရုပ်ရှင်အနုပညာလောကမှာ သူတို့နဲ့ အရောင်မတူရင်၊ သူတို့ အားထားတဲ့ပုဂ္ဂိုလ်မဟုတ်ရင် ဘာပဲလုပ်လုပ် လက်မခံဘူး။ ဆန့်ကျင်မယ်၊ ရပ်တည်လို့မရအောင် တွန်းလှဲမယ်ဆိုတဲ့စိတ်နဲ့ လုပ်ဆောင်ခဲ့ကြတာ တွေ့ခဲ့ရပါတယ်။

အဲဒီအခြေအနေကိုကြည့်ရင် ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်ဖခင်ကြီးများ ကြွေးကြော်ခဲ့တဲ့ **“ရုပ်ရှင်သည် ပြည်သူ့အတွက်”** ဆိုတဲ့ဆောင်ပုဒ်နဲ့ ဆန့်ကျင်ပြီး တစ်ဦးတစ်ယောက်၊ တစ်ပါတီအပေါ် သစ္စာခံကာ၊ တစ်ပါတီအကျိုးကိုသာ ရှေးရှုဆောင်ရွက်နေကြတယ်ဆိုတာ လက်တွေ့ကျကျ သိမြင်နိုင်ကြပါတယ်။

## အနုပညာ အဆိပ်မသင့်စေလို

အားလုံးသိကြတဲ့အတိုင်း (၂၁) ရာစုဟာ အရှိန်အဟုန်အပြင်းထန်ဆုံး ရာစုတစ်ခုဖြစ်ပါတယ်။ သိပ္ပံပညာ၊ လူမှုရေး၊ နိုင်ငံရေးနဲ့ အနုပညာစတဲ့ နယ်ပယ်တွေဟာ တိုးတက်ပြောင်းလဲမှုမြန်ဆန်ပြီး ကဏ္ဍပေါင်းစုံဖြစ်ထွန်းပေါ်ပေါက်လာတဲ့ ရာစုတစ်ခုပဲဖြစ်ပါတယ်။ (၂၁) ရာစုမှာ ယခင့်ယခင်က ကမ္ဘာပေါ်မှာ မရှိခဲ့ဖူးတဲ့ အနုပညာပုံစံသစ်တွေ၊ အယူအဆသစ်တွေ ပေါ်ပေါက်ခဲ့ကြပါတယ်။ တစ်နည်းအားဖြင့် (၂၁)ရာစုမှာ

စာမျက်နှာ ၇ သို့

> ❑ **၂၀၂၁ ဖေဖော်ဝါရီလက ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအသွင်ပြောင်းမှုဖြစ်စဉ်ကြီး စတင်ဖြစ်ပွားချိန်မှာ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် စတင်နိုင်ခဲ့ပေမယ့် အနုပညာကို နိုင်ငံရေးနဲ့ရောစပ်ကာ ပါတီတစ်ခုရဲ့အကျိုး၊ လူပုဂ္ဂိုလ်တစ်ဦးရဲ့အကျိုးကို ဆောင်ရွက်ခဲ့သူများရဲ့ လှုံ့ဆော်မှုများကြောင့် ပြည်သူတွေလမ်းပေါ်ရောက်ကာ ဆူပူအုံကြွမှုတွေဖြစ်ပေါ်ပြီး အမြို့မြို့အနယ်နယ်မှာ မင်းမဲ့စရိုက်တွေ ဖြစ်ချင်သလို ဖြစ်ခဲ့ကြပါတယ်။ နိုင်ငံရေးသမားတွေရဲ့ ပွဲလန့်အောင်ဖန်တီးမှုကြောင့် မြို့ဖျက်၊ ရွာဖျက်၊ တိုင်းဖျက်၊ ပြည်ဖျက်လုပ်ရပ်တွေနဲ့ အင်မတန် အရုပ်ဆိုးအကျည်းတန်နေကြပါပြီ။**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကာလအတွင်း တက္ကသိုလ်ရှိ သင်ကြားရေးဆိုင်ရာ သင်တန်းအသီးသီး ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ကြေညာချက်

၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကာလအတွင်း တက္ကသိုလ်ရှိ သင်ကြားရေးဆိုင်ရာ သင်တန်းအသီးသီးအား (၁-၆-၂၀၂၁) နေ့မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာသင်တန်းအသီးသီးသို့ ဝင်ခွင့်ရရှိ/ဖြေဆိုအောင်မြင်ပြီးကြသော သင်တန်းသားများအနေဖြင့် တက္ကသိုလ်မော်ကွန်းထိန်းဌာနသို့ (၂၀-၅-၂၀၂၁) ရက်နေ့ထက်မစောဘဲ (၃၀-၅-၂၀၂၁) ရက်နေ့ထက် နောက်မကျဘဲ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

ပြည်ပသင်တန်းသားများသည် ကျန်းမာကြောင်း ထောက်ခံစာ ယူဆောင်လာရမည့်အပြင် သက်ဆိုင်ရာနိုင်ငံမှ (၇၂) နာရီအတွင်း စစ်ဆေးထားသော COVID-19 RT-PCR negative result ပါရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံသို့ရောက်ရှိချိန်တွင် သတ်မှတ်ထားသော Facility/Hotel Quarantine တွင် (၁၀)ရက် အသွားအလာ ကန့်သတ်ထားရှိမည်ဖြစ်ပါသည်။

ပြည်တွင်းသင်တန်းသားများအနေဖြင့် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး မြို့နယ်တစ်ခုခုမှ ကျန်းမာရေးဦးစီးဌာန၏ COVID-19 ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် သို့မဟုတ် COVID-19 ရောဂါကာကွယ်ဆေးထိုးပြီးကြောင်း အထောက်အထားများနှင့်တကွ မော်ကွန်းထိန်းဌာနသို့ ရောက်ရှိ သတင်းပေးပို့ရမည် ဖြစ်ပါသည်။

ကျောင်းဖွင့်ချိန်ထက် တစ်ပတ်နောက်ကျ၍ ရောက်ရှိလာပါက ၂၀၂၁-၂၀၂၂ ပညာသင်နှစ်ကို တက်ရောက်ခွင့်ပြုမည် မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်**

❖ *ရှေ့ဖုံးမှ*

ယင်းသို့ဖွင့်လှစ်ရာတွင် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် (၄၉) ကျောင်း၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်ကျောင်း (၆၀)၊ ပညာရေးဒီဂရီကောလိပ် (၂၅) ကျောင်း စုစုပေါင်း (၁၃၄) ကျောင်းတွင် ပါရဂူဘွဲ့ကြို သင်တန်းများ၊ မဟာဘွဲ့ (ရေးဖြေ) သင်တန်းများ၊ မဟာ အရည်အချင်းစစ်သင်တန်းများ၊ ဂုဏ်ထူးတန်း ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများ၊ နောက်ဆုံးနှစ် ဘွဲ့ကြိုသင်တန်းများ၊ ဒုတိယနှစ်ပညာရေးဒီပလိုမာသင်တန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု အစီအစဉ်ဖြင့် ဖွင့်လှစ်လျက်ရှိသော ဘွဲ့လွန်ဒီပလိုမာသင်တန်းများနှင့် မဟာဘွဲ့နောက်ဆုံးနှစ်သင်တန်းများကို လည်းကောင်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှု လက်မှုသိပ္ပံနှင့် အစိုးရနည်းပညာ



စစ်တွေတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေသည်ကို တွေ့ရစဉ်။



အေးသာယာမြို့ နည်းပညာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

အထက်တန်းကျောင်းများ စုစုပေါင်း ကျောင်း (၇၀) ရှိ A.G.T.I (၃) နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ် သင်တန်းများ၊ GTHS (၂) နှစ် သင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ် သင်တန်းများကို လည်းကောင်း ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများကို လိုက်နာစေလျက် ယနေ့ မေ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ရာ ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခွင့်အလမ်းနှင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းများ ပွင့်လန်းလာသဖြင့် ဝမ်းမြောက်လျက် ရှိကြကြောင်းနှင့် ဆရာ ဆရာမများကလည်း ပညာသင်ကြား ပေးနိုင်ရေးအတွက် မေ ၃ ရက်မှ စတင်ကာ အသင့်ပြင်ဆင်ထားရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

အနုပညာဟာ လူနေမှုဘဝတွေကို လွှမ်းမိုးသလို လူနေမှုဘဝတွေကလည်း အနုပညာအပေါ် လွှမ်းမိုးမှုရှိပါတယ်။ လူမည်းတွေရဲ့ ဘလူးစ်ဂီတ၊ ဂျပ်ဇ်ဂီတတွေ၊ လူဖြူတို့ရဲ့ ရော့ခ် ဂီတတွေ၊ အနုပညာမြောက် ခေတ်သစ်ရုပ်ရှင်ကားတွေ၊ ပေ့ါပ်ပန်းချီတွေ၊ ခေတ်ကိုပြောင်းလဲနိုင်တဲ့ ခေတ်ကို ထင်ဟပ်နိုင်တဲ့ ဝတ္ထု၊ ကဗျာတွေ၊ မီဒီယာနဲ့ ဖျော်ဖြေရေးနယ်ပယ်တွေက ဖျော်ဖြေရေးအစီအစဉ်တွေဟာ ကျွန်မတို့ ဖြတ်သန်းနေကြတဲ့ ခေတ်ကို တိုင်းတာနိုင်မယ့်အရာတွေပဲ ဖြစ်ပါတယ်။

ယခုလို အနုပညာတွေ ထွန်းကားနေတဲ့ခေတ်မှာ အနုပညာရှင်တွေ၊ တစ်နည်းအားဖြင့် ရုပ်ရှင်၊ ဂီတ၊ သဘင်စတဲ့ နယ်ပယ်အသီးသီးက အနုပညာရှင်တွေဟာ ပြည်သူလူထုအပေါ် လွှမ်းမိုးနိုင်တဲ့ အစွမ်းအစ ကြီးမားလွန်းပါတယ်။ ကျွန်မဟာ ရုပ်ရှင်ကို ချစ်မြတ်နိုးရုံသာမက ကျွန်မပတ်ဝန်းကျင်မှာ ရုပ်ရှင်အနုပညာသည်များစွာရှိနေတာမို့ ရုပ်ရှင်အကြောင်း၊ ရုပ်ရှင်အနုပညာသည်တွေအကြောင်းကို အခြားသူတွေထက် ပိုသိပါတယ်။

ကျွန်မစိတ်မကောင်းဖြစ်ရတာတွေထဲမှာ ရုပ်ရှင်ကို ပြည်သူ့အတွက် အသုံးမချဘဲ ပါတီတစ်ခုအတွက်၊ လူပုဂ္ဂိုလ်တစ်ခုအတွက် အသုံးချနေကြတာပါပဲ။ အမှန်အတိုင်းပြောရရင် ကျွန်မချစ်ခင်ရတဲ့ အနုပညာရှင်တွေထဲမှာ ပါတီတစ်ခုရဲ့ လွှမ်းမိုးမှုခံရသူတွေ၊ ပါတီတစ်ခုရဲ့ အကျိုးစီးပွား၊ လူပုဂ္ဂိုလ်တစ်ဦးရဲ့ အကျိုးစီးပွားကိုသာ ဖော်ပြပြောဆိုလုပ်ကိုင်နေတာတွေကို တွေ့နေရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်ယုံကြည်ရာကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ပေမယ့် ရုပ်ရှင်နဲ့ပတ်သက်တဲ့ အဖွဲ့အစည်းကြီးတစ်ခုလုံးကို၊ ရုပ်ရှင်လောကသားအားလုံးကို ပါတီတစ်ခုရဲ့ လောင်းရိပ်အောက်ကို အတင်းသွတ်သွင်းစည်းရုံးတာတွေ၊ ပါတီတစ်ခုရဲ့ အကျိုးစီးပွားကိုသာ ဦးတည်ကြိုးပမ်းခိုင်းတာတွေ၊ မိမိနဲ့ သဘောထားမတူသူတွေ၊ ကြားနေရပ်တည်သူတွေကို ခြိမ်းခြောက်စွပ်စွဲ၊ အနိုင်ကျင့် ဆောင်ရွက်တာတွေကတော့ အနုပညာကို နိုင်ငံရေးနဲ့ ရောစပ်ပြီး အသုံးချတာ၊ အနုပညာကို အဆိပ်သင့်စေတာသာ ဖြစ်ပါတယ်။

အဲဒီလို လုပ်ဆောင်လိုက်တဲ့ အကျိုးဆက်အနေနဲ့ကတော့ မြန်မာ့နိုင်ငံရေးအတိမ်အနက်ကို ဂဃနဏမသိခဲ့တဲ့ လူငယ်အနုပညာသည်လေးတွေဟာ အခုလို ရာဇသတ်ကြီးပုဒ်မ ၅၀၅-က နဲ့ အမှုဖွင့် အရေးယူခံရပြီး မိမိတို့နေထိုင်ရာနေရာကို စွန့်ခွာရှောင်ပြေးခဲ့ရပါတယ်။ မိမိတို့ရဲ့ အနုပညာအလုပ်တွေကို အေးအေးဆေးဆေးမလုပ်နိုင်တော့ဘဲ ဘဝတစ်ခုလုံး ပြောင်းဆန်အောင် လှုပ်ယမ်းသွားခဲ့ရပါပြီ။

## သမိုင်းကပေးမယ့်အဖြေ လှပပါစေ

**၂၀၂၁ ဖေဖော်ဝါရီလက ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးအသွင်ပြောင်းမှုဖြစ်စဉ်ကြီး စတင်ဖြစ်ပွားချိန်မှာ အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ် စတင်နိုင်ခဲ့ပေမယ့် အနုပညာကို နိုင်ငံရေးနဲ့ရောစပ်ကာ ပါတီတစ်ခုရဲ့အကျိုး၊ လူပုဂ္ဂိုလ်တစ်ဦးရဲ့အကျိုးကို ဆောင်ရွက်ခဲ့သူများရဲ့ လှုံ့ဆော်မှုများကြောင့် ပြည်သူတွေလမ်းပေါ်ရောက်ကာ ဆူပူအုံကြွမှုတွေဖြစ်ပေါ်ပြီး အမြို့မြို့အနယ်နယ်မှာ မင်းမဲ့စရိုက်တွေ ဖြစ်ချင်သလို ဖြစ်ခဲ့ကြပါတယ်။ နိုင်ငံရေးသမားတွေရဲ့ ပွဲလန့်အောင်ဖန်တီးမှုကြောင့် မြို့ဖျက်၊ ရွာဖျက်၊ တိုင်းဖျက်၊ ပြည်ဖျက်လုပ်ရပ်တွေနဲ့ အင်မတန် အရုပ်ဆိုးအကျည်းတန်နေကြပါပြီ။**

ပြည်သူတွေရဲ့ သွားလာရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ လူမှုဘဝအထွေထွေဟာ အဆင်မပြေမှုတွေနဲ့ ကြုံတွေ့နေကြရတယ်။ ဒါတွေအားလုံးရဲ့ တရားခံဟာ အနုပညာသမားအမည်ခံ နိုင်ငံရေးသမားတွေ၊ အနုပညာအဆိပ်သင့်ခံနေရတဲ့ လူငယ်တွေပဲ ဖြစ်တယ်လို့ ကျွန်မတို့ ပြောရပါတော့မယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကတော့ ရုပ်ရှင်ဖခင်ကြီးများ ချမှတ်ခဲ့တဲ့ **“ ရုပ်ရှင်သည် ပြည်သူ့အတွက်”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ယနေ့ပြည်သူတွေရဲ့ စားဝတ်နေရေးကိစ္စရပ်တွေ အဆင်ပြေစေဖို့၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်စေဖို့၊ အနုပညာဖန်တီးမှုတွေနဲ့ အေးချမ်းသာယာတဲ့ လူ့အဖွဲ့အစည်းတစ်ခု ဖန်တီးတည်ဆောက်နိုင်စေဖို့အတွက် ခေတ်အဆက်ဆက် သမိုင်းရေစီးကြောင်းထဲက သင်ခန်းစာယူစရာအချက်တွေကို မမေ့မလျော့ ဆင်ခြင်ကြရပါမယ်။ ခေတ်သစ်သီအိုရီတစ်ခုဖြစ်တဲ့ Win & Win ကို လက်ခံပြီး မြန်မာ့လူ့အဖွဲ့အစည်းကို လေးစားတဲ့ အနုပညာသမားတွေ ဖြစ်ရပါမယ်လို့ ထင်မြင်မိပါတယ်။ ဒါမှသာ သမိုင်းကပေးမယ့်အဖြေ လှပပါလိမ့်မယ်။ ။

## ဆင်ဟွာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်း

# မြန်မာနိုင်ငံအရေးကို အာဆီယံနည်းလမ်းဖြင့် ဖြေရှင်းနိုင်ဟု တပ်မတော်ပြောရေးဆိုခွင့်ရှိသူပြော

**မြန်မာနိုင်ငံအရေးကို အရှေ့တောင်အာရှနိုင်ငံများအသင်းအဖွဲ့ (အာဆီယံ) ၏ နည်းလမ်းဖြင့် ဖြေရှင်းနိုင်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ဇော်မင်းထွန်းက ဆင်ဟွာ (Xinhua) သတင်းဌာနနှင့် မကြာသေးမီကပြုလုပ်သော တွေ့ဆုံမေးမြန်းခန်းတွင် ပြောသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မေ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော အာဆီယံ ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်စဉ် အာဆီယံခေါင်းဆောင်များနှင့် လူကိုယ်တိုင်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေများကို ရှင်းပြကာ ၎င်းတို့၏ သဘောထားများ၊ အမြင်များနှင့် အကြံပြုချက်များကိုလည်း နားထောင်ခဲ့ကြောင်း ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြောသည်။

www.news.cn

新华网 NEWS www.xinhuanet.com

Asia&Pacific

Monday, May 3, 2021

Editions

Interview: Solution to Myanmar issue can be worked out in "ASEAN way," says military spokesman

Source: Xinhua| 2021-05-01 22:58:29|Editor: huaxia




Zaw Min Tun (L), spokesman for Myanmar military and the State Administration Council (SAC), speaks during an interview with Xinhua in Nay Pyi Taw, Myanmar, on April 28, 2021. A solution to the Myanmar issue can be worked out in the "Association of Southeast Asian Nations (ASEAN) way," said Zaw Min Tun. (Xinhua/Zhang Dongqiang)

အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် မြန်မာနိုင်ငံအရေးနှင့် ပတ်သက်၍ ဘုံသဘောတူညီချက် (၅) ချက်ကိုရရှိခဲ့ပြီး မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသော အကြမ်းဖက်မှုများ ချက်ချင်း ရပ်တန့်ရန်နှင့် ဖြစ်စဉ်အတွင်း ပါဝင်နေသည့် အဖွဲ့များကြားတွင် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးမှုတစ်ခုပြုလုပ်ရန် အဆိုပါသဘောတူညီချက်တွင် ဖော်ပြတောင်းဆိုထားသည့်အပြင် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် အာဆီယံဥက္ကဋ္ဌ၏ အထူးသံတမန်တစ်ဦးကို ခန့်အပ်ရန်လည်း အကြံပြုထားသည်။

"အာဆီယံ ခေါင်းဆောင်တွေက သက်ဆိုင်ရာနိုင်ငံတွေနဲ့ ဒေသတွင်းမှာ နိုင်ငံရေး အတွေ့အကြုံတွေများစွာရှိတဲ့အတွက် မိမိတို့အနေနဲ့ လေးစားတန်ဖိုးထားပါတယ်" ဟု ဗိုလ်ချုပ်ဇော်မင်းထွန်းကပြောသည်။ ထို့ပြင် ဒေသတွင်းနိုင်ငံများ၏ အရေးကိစ္စများကို အာဆီယံနည်းလမ်းအတိုင်း အာဆီယံပဋိညာဉ်စာတမ်းနှင့်အညီ ဖြေရှင်းနိုင်ကြောင်း ၎င်းကဆက်ပြောသည်။

မြန်မာနိုင်ငံအပေါ် အပြုသဘောဆောင်သော အကြံပြုချက်များကို သေချာစဉ်းစား သုံးသပ်သွားမည်ဖြစ်ကြောင်း၊ အာဆီယံက အဆိုပြုသည့် ခရီးစဉ်များကိုလည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု အခြေအနေအပေါ်တွင် အခြေခံကာ စဉ်းစားသုံးသပ်သွားမည်ဖြစ် ကြောင်းနှင့် လက်ရှိအချိန်တွင် ဦးစားပေးကိစ္စရပ်များမှာ နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပြန်လည်တည်ဆောက်ရန်ဖြစ်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက အာဆီယံခေါင်းဆောင်များ အစည်းအဝေးတွင် ရရှိခဲ့သည့် ဘုံသဘောတူညီချက်နှင့် စပ်လျဉ်း၍ ပြောသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို အဆင်ပြေချောမွေ့စေနိုင်ပြီး နိုင်ငံတော်၏ အကျိုးစီးပွား၊ အာဆီယံပဋိညာဉ် စာတမ်း၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်တို့နှင့်အညီဖြစ်သော အကြံပြုချက်များကို အသေအချာစဉ်းစား သုံးသပ်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

ထို့ပြင် လုပ်ထုံးလုပ်နည်းပိုင်းဆိုင်ရာ အဖွဲ့များကို ဖွဲ့စည်းခြင်းအားဖြင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းစဉ်နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ယင်းနောက်ပိုင်းတွင် ထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင် ပြီးခဲ့သည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်ကို ပြန်လည် သုံးသပ်နိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းမှု၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လက်ရှိဆောင်ရွက်နေသော ကာကွယ်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မှု၊ စီးပွားရေး လုပ်ငန်းများကို ကုစားမှုနှင့် နိုင်ငံတစ်ဝန်းထာဝရငြိမ်းချမ်းရေးရရှိစေရေး ဆောင်ရွက်မှုတို့ ပါဝင်ကြောင်းသိရသည်။

အလားတူ မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းကို လက်ခံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲများကို ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များ ပြီးစီးပါက အနိုင်ရပါတီထံသို့ နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ ထိုလုပ်ငန်းများကို နိုင်ငံတော်အရေးပေါ်အခြေအနေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံများက ထိုကိစ္စနှင့်ပတ်သက်၍ ယုံကြည်ပေးမည်ဟု မျှော်လင့်ကြောင်း ၎င်းကပြောသည်။

ထို့ပြင် ၎င်းက မြန်မာနိုင်ငံသည် အိမ်နီးချင်းကောင်းများကို ပိုင်ဆိုင်ထားကြောင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ကြား ပြည့်စုံကျယ်ပြန့်သော မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးနှင့် ညီရင်းအစ်ကိုဆွေမျိုးပေါက်ဖော် ဆက်ဆံရေးတည်ဆောက်ထားနိုင်မှုကို အသားပေးပြီးပြောသည်။

အာဆီယံခေါင်းဆောင်များ အစည်းအဝေးနှင့်ပတ်သက်ပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ၏ မှတ်ချက်ပြုပြောဆိုမှုနှင့် ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်းက မြန်မာနိုင်ငံအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် တရုတ်နိုင်ငံ၏ အထူးဂရုပြုမှုကို အသိအမှတ်ပြုကြောင်း၊ တရုတ်နိုင်ငံ၏ သဘောထားများကိုလည်း တန်ဖိုးထား လေးစားကြောင်း ပြောသည်။

၎င်းတို့အနေဖြင့် ကုလသမဂ္ဂကို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် မိသားစုအဖြစ်ရှုမြင်လိုကြောင်း၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို လေ့လာသုံးသပ်ခြင်းအားဖြင့် ၎င်းတို့အပေါ် နားလည်နိုင်မည်ဟုမျှော်လင့်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောသည်။

အခြားနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ နောက်တစ်ကျော့ဖြစ်ပွားနေစဉ် မြန်မာနိုင်ငံကလည်း ကောင်းစွာဂရုပြုရန် လိုအပ်ကြောင်း၊ အိန္ဒိယ၊ ရုရှားနှင့် တရုတ်နိုင်ငံတို့မှ ရရှိသည့် ကာကွယ်ဆေးများအသုံးပြုမှုကိုလည်း အတည်ပြုထားပြီးဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

တရုတ်နိုင်ငံသည် ဆေးဝါးများနှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းသည်သာမကဘဲ မြန်မာနိုင်ငံအတွင်းသို့ ကျန်းမာရေး ကျွမ်းကျင်ပညာရှင်များ စေလွှတ်ခြင်းဖြင့် အတွေ့အကြုံများ မျှဝေပေးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ကုသရေးတို့တွင် ကမ္ဘာတစ်ဝန်းက အသိအမှတ်ပြုခြင်းခံရသည့် တရုတ်နိုင်ငံမှ ကူညီထောက်ပံ့မှုများကို ဆက်လက်ရရှိမည်ဟုမျှော်လင့်ကြောင်း ၎င်းကဆိုသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်း ဆူပူအကြမ်းဖက်မှုနှင့် ဒဏ်ရာရသေဆုံးမှုများ ရှိနေဆဲဖြစ်ကြောင်း၊ ဆန္ဒပြမှုအကြိမ်ရေ လျော့ကျလာသည့်အတွက် တင်းမာမှုများသည်လည်း အတိုင်းအတာတစ်ခုအထိ ပြေလျော့သွားပြီဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ပြန်လည် ဖော်ဆောင်ရေးအတွက် လုပ်ဆောင်စရာရှိသည်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောသည်။

တွေ့ဆုံမေးမြန်းမှုအသေးစိတ်မှာ-

ဆင်ဟွာသတင်းဌာနမှ Mr. Che Hong Liang က မေးမြန်းရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က လွန်ခဲ့သည့် ရက်ပိုင်းအတွင်းမှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ခဲ့သည့်အခါမှာ မြန်မာနိုင်ငံအတွက် ဘယ်လိုများအကျိုးရလဒ်များကို ရရှိခဲ့ပါလဲ၊ အစည်းအဝေးမှာ အာဆီယံအထူးကိုယ်စားလှယ် စေလွှတ်ပြီးတော့ ညှိနှိုင်းဖြေရှင်းရေးမှာပါဝင်ဖို့နဲ့ မြန်မာနိုင်ငံကို လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန်အတွက် သဘောတူညီချက်များလည်း ရရှိခဲ့တယ်လို့သိရပါကြောင်း၊ ထိုသဘောတူညီချက်များကို အာဆီယံနှင့်အတူ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအနေဖြင့် မည်ကဲ့သို့ အသေးစိတ် ဆောင်ရွက်သွားမည်လဲ ဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း။** မိမိတို့တပ်မတော်က တာဝန်ယူပြီးသည့်နောက်ပိုင်းတွင် မိမိတို့နိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ ( ၂၀၀၈ ) ခုနှစ်နှင့်အညီ မိမိတို့က ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်က နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ကြောင်း၊ ဧပြီလ ၂၄ ရက်နေ့မှာ မိမိတို့ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

ကျင်းပသည့် အာဆီယံနိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးမှာ မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်ရှိမိမိတို့နိုင်ငံမှာ ဖြစ်ပျက်နေတဲ့ အခြေအနေအမှန်များကို မိမိတို့ အထောက်အထားခိုင်ခိုင်လုံလုံ အကြောင်းအရာအချက်အလက် ပြည့်ပြည့်စုံစုံနဲ့ မိမိတို့က အာဆီယံနိုင်ငံ့ ခေါင်းဆောင်များကို လူချင်းတွေ့ပြီး တူညီသည့် စကား၊ တူညီသည့် တစ်နေရာတည်း တစ်ချိန်တည်းမှာ ရှင်းပြခွင့်ရခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲက ပထမဦးဆုံးရှင်းပြသည့်အထဲမှာ တပ်မတော်အနေဖြင့် ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ နိုင်ငံတော်တာဝန်ကို လွှဲပြောင်းတာဝန်ယူခဲ့သည့် အခြေခံအကြောင်းအရင်းများ၊ ငြိမ်းချမ်းစွာဆန္ဒပြမှုကနေ ဆူပူဆန္ဒပြမှု အကြမ်းဖက်ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဖွဲ့စည်းပုံရှေ့လုပ်ငန်းစဉ်များကို မိမိတို့အနေဖြင့် နိုင်ငံတကာ အာဆီယံနိုင်ငံခေါင်းဆောင်များရှေ့မှာ ရှင်းပြခဲ့ကြောင်း၊ ခိုင်မာသည့် စစ်မှန်သော သတင်းအချက်အလက် စာရင်းဇယားများနဲ့အတူ ခိုင်ခိုင်လုံလုံ ရှင်းပြခဲ့ကြောင်း၊ ယင်းသို့ရှင်းပြပြီးနောက် အာဆီယံနိုင်ငံ့ခေါင်းဆောင်ကြီးများက တစ်နိုင်ငံချင်းအလိုက် သဘောထားများ၊ အမြင်များ၊ အကြံပြုချက်များကို မိမိတို့ တိုက်ရိုက်နားထောင်ခဲ့ရကြောင်း၊ အပြန်အလှန်လည်း ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဆွေးနွေးပွဲကတော့ အပိုင်း နှစ်ပိုင်းနဲ့ ဆွေးနွေးတာဖြစ်ကြောင်း၊ အများကပြောတာသည် မြန်မာနိုင်ငံ၏ အရေးကိုပဲ သီးသန့်ဆွေးနွေးတာလို့ ထင်ကြကြောင်း၊ ၎င်းကဲ့သို့မဟုတ်ပါကြောင်း၊ အပိုင်းနှစ်ပိုင်းနှင့် ဆွေးနွေးတာဖြစ်ပြီး အပိုင်းနှစ်ပိုင်းမှာ အစိတ်အပိုင်း သုံးခုပါဝင်ကြောင်း။

အဲဒီအစိတ်အပိုင်းသုံးခုမှာ နံပါတ်တစ်က အာဆီယံ အသိုက်အဝန်းထူထောင်ရေး၊ အာဆီယံပြင်ပဆက်ဆံရေးတို့ ဆွေးနွေးကြောင်း၊ ထိုအထဲမှာ ကိုဗစ်-၁၉ ကပ်ရောဂါတားဆီးကာကွယ်ထိန်းချုပ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနဲ့ **မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးမှာ အာဆီယံရန်ပုံငွေကို အမေရိကန်ဒေါ်လာ ၁ သိန်း ထည့်ဝင်လှူဒါန်းတာ**ပြောခဲ့ပါကြောင်း၊ အာဆီယံရဲ့ ဆောင်ပုဒ်တစ်ခုဖြစ်သည့် **"မျှဝေခြင်းနဲ့ စောင့်ရှောက်ခြင်း" အပြင် ကျင့်သုံးလျက်ရှိသည့် တူညီဆန္ဒဖြင့် ဆုံးဖြတ်ခြင်းကို ဆက်လက်ထိန်းသိမ်း ကျင့်သုံးရေးနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံပဋိညာဉ်နှင့် အရှေ့တောင်အာရှချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်ရေးစာချုပ် TAC ပါ အချက်များအပေါ် မူတည်ပြီး အာဆီယံအဖွဲ့များနှင့် နီးကပ်စွာပူးပေါင်းဆောင်ရွက်မည့်အကြောင်းကို ပြောကြားခဲ့**ကြောင်း။

တတိယပိုင်းတွင် ခေါင်းစဉ်မှာ ဒေသတွင်း နိုင်ငံတကာ ကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ခြင်းဖြစ်ကြောင်း၊ ၎င်း၌ မြန်မာနိုင်ငံအကြောင်းကို ဆွေးနွေးဖြစ်ကြကြောင်း၊ မြန်မာနိုင်ငံအရေးနှင့်ပတ်သက်ပြီး နိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုဆွေးနွေးချက်များ အပြီးတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ့ခေါင်းဆောင်အသီးသီးနှင့် ကိုယ်စားလှယ်အသီးသီး၏ ကောင်းမွန်သည့် ဆွေးနွေးအကြံပြုချက်များကို အလေးပေးဆောင်ရွက်သွားမည့်အကြောင်းကို ပြောကြားခဲ့ကြောင်း၊ မိမိတို့အနေဖြင့် **မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်းနှင့် ၎င်းရှင်းလင်းပြောကြားချက်များကို အချိန်ပေးပြီး လေ့လာသုံးသပ်စေလိုကြောင်း၊ ခြုံငုံပြီးအချက် (၃) ချက်** ပြောခဲ့ကြောင်း၊ ထိုအချက် (၃) ချက်သည်လည်း သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ **မိမိတို့နိုင်ငံအပေါ် ပေးအပ်ခဲ့သည့် အကြံပြုချက်များ၊ အပြုသဘောဆောင်သည့် ကောင်းမွန်သည့်အချက်များပါသည့်အတွက် ၎င်းအချက်များကို ပြည်တွင်း၌ လတ်တလောဖြစ်ပျက်နေသည့် အခြေအနေများနှင့် ဆက်စပ်ပြီး အလေးပေး ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် မိမိတို့အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေးကို ဦးစားပေးဆောင်ရွက်နေသောကြောင့် ပြည်တွင်း တည်ငြိမ်အေးချမ်းမှုအပေါ် မူတည်ပြီးမှသာ အာဆီယံက အဆိုပြုသည့် မြန်မာနိုင်ငံသို့ လာရောက်လိုသည့် ခရီးစဉ်များကို စဉ်းစားသွားမည်ဆိုသည့် အကြောင်းနှင့် မိမိတို့ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် အကောင်အထည်ဖော်ရာတွင် အာဆီယံက အပြုသဘော ကူညီပံ့ပိုးမှုများနှင့်စပ်လျဉ်းပြီး Asean Charter ၊ Asean Way ၊ Asean Sprit များအပေါ် အခြေခံစဉ်းစားပြီး နိုင်ငံ့ကောင်းကျိုးအတွက် စဉ်းစားပေးမည်ဖြစ်**ကြောင်းကို ပြောကြားခဲ့ကြောင်း၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခု၏ international protocol နိုင်ငံတကာ ဆက်ဆံရေး သဘောတရားများအရ နစကအနေနှင့် အာဆီယံခေါင်းဆောင်များဖြင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်း၊ အသိအမှတ်ပြုခံခဲ့ရခြင်းဖြစ်သည်ဟု မိမိ ပြောလိုကြောင်း။

**Mr. Che Hong Liang**။ အာဆီယံ သဘောတူညီချက်များကို အသေးစိတ် အကောင်အထည် ဖော်ခြင်းနှင့် ပတ်သက်၍ ထပ်မံသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**။ မိမိတို့အနေဖြင့်အာဆီယံ၏သဘောတူညီချက် (၅) ရပ် ထုတ်ပြန်ခဲ့တာရှိကြောင်း၊ ထိုအကြောင်းအရာနှင့် ပတ်သက်ပြီး မိမိတို့ပြောသွားသည့် အချက် (၃) ချက်နှင့် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုအရာများကို လုပ်ဆောင်နိုင်ရန် Technical Team များ ဖွဲ့စည်းပြီး လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ Technical Team များ ဖွဲ့စည်းပြီးမှသာ မည်သို့ လုပ်ဆောင်ရမည်ကို အသေးစိတ်သိရှိရမည်ဖြစ်ကြောင်း၊ ထိုအခါမှသာ အသိပေးသွားမည်ဖြစ်ကြောင်း။

**Mr. Che Hong Liang**။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အာဆီယံနှင့် တရုတ်အပါအဝင် အိမ်နီးချင်းနိုင်ငံများက မြန်မာနိုင်ငံအရေးကိစ္စအပေါ် ထားရှိသည့် ရပ်တည်ချက်နှင့် အခန်းကဏ္ဍကို သုံးသပ်ချက်နှင့် မည်သည့်မျှော်လင့်မှုမျိုးရှိသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**။ ယခုမေးခွန်းသည် တစ်ခုစီသီးသန့် ခွဲပြောရမည့် သဘောရှိကြောင်း၊ ပထမဆုံး ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအကြောင်း ပြောလိုကြောင်း၊ **ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းအချို့၏ မြန်မာ့အရေးနှင့် ပတ်သက်ပြီး သတင်းအမှားများ၊ လုပ်ကြံသတင်းများ၊ wrong information များ၊ Fake News များအပေါ် သုံးသပ်နေသည်ဟု မိမိယူဆကြောင်း၊** ကုလသမဂ္ဂဆိုသည်မှာ ပြဿနာရှိလာပါက ပြဿနာများကို ဖြေလျှော့ပေးရန်၊ ငြိမ်းချမ်းရေးကို ဦးတည်ရန် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဟု မိမိသဘောပေါက်ပါကြောင်း၊ ဥပမာပြောရလျှင် အမေရိကန်နှင့် ကျူးဘားပြဿနာများ၊ အရေးအခင်းများဖြစ်ကြောင်း၊ ထို့နောက် တင်းမာမှုများ လျှော့သွားအောင် ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း၊ သို့သော် ယနေ့ခေတ်တွင်မူ ထိုသို့မဟုတ်တော့သည်ကို မိမိတို့ ထင်ထင်ရှားရှား တွေ့မြင်နေရကြောင်း၊ အထူးသဖြင့် နိုင်ငံငယ်များနှင့် ပတ်သက်လာပါက ထိရောက်သည့် ကူညီအားပေးမှု ဆောင်ရွက်ရန် အားနည်းသည်ဟု မိမိမြင်ကြောင်း၊ မြန်မာနိုင်ငံကိစ္စတွင်လည်း ကုလသမဂ္ဂမှ တာဝန်ရှိသူအချို့က စွပ်စွဲပြောဆိုမှုများရှိပါကြောင်း၊ မိမိတို့မြန်မာစကားနှင့် ပြောရလျှင် **"မီးလောင်ရာ လေပင့်"** နေသည့် ပုံစံမျိုးလုပ်နေသည်ကို တွေ့ရကြောင်း၊ **နိုင်ငံငယ်များအနေဖြင့် အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံအားလုံး ချစ်ကြည်ရင်းနှီးမှုအတွက် ကုလသမဂ္ဂ၏ အရိပ်အာဝါသအပေါ် မိမိတို့ခိုလှုံလိုကြောင်း၊ သို့သော် ၎င်းတို့ ထင်မြင်ယူဆချက်သည် နိုင်ငံကြီးတချို့၏လွှမ်းမိုးမှုအောက်ကနေ မလွတ်**ဘူးဟု မိမိအနေဖြင့် ခံစားရပါကြောင်း၊ မိမိတို့အနေဖြင့် **ကုလသမဂ္ဂကို ကမ္ဘာ့မိသားစုကြီးအဖြစ် မြင်တွေ့လို**ကြောင်း၊ အဆိုပါအမြင်သည်ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအပေါ် ထားသည့် သဘောထားဖြစ်ကြောင်း။

**ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်ဖြစ်သည့် ရုရှားနှင့် တရုတ်နိုင်ငံသည် မိမိတို့နိုင်ငံအပေါ် အမြဲတမ်းနားလည်ပေးသည့် နိုင်ငံကြီးများဖြစ်**ကြောင်း၊ ထိုအတွက် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း၊ အာဆီယံနှင့်ပတ်သက်ပြီး ပြောရလျှင် **အာဆီယံဆိုသည်မှာ မိမိတို့၏ မိသားစုဆွေမျိုးသားချင်းများဖြစ်ကြောင်း၊ အာဆီယံခေါင်းဆောင်များသည် တစ်နိုင်ငံချင်းအလိုက်နှင့် ဒေသအတွင်း၌ နိုင်ငံရေးအတွေ့အကြုံနှင့် အခြားအတွေ့အကြုံများပါ များစွာရှိသည့် ခေါင်းဆောင်များဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် အထူးလေးစား တန်ဖိုးထားပါကြောင်း၊ **နိုင်ငံများ၏ အရေးကို အာဆီယံနယ်ပယ်အတွင်းက အာဆီယံပဋိညာဉ်နှင့်အညီ ဖြေရှင်းသွားနိုင်လိမ့်မည်ဟု ယုံကြည်**ပါကြောင်း၊ **အိမ်နီးချင်းနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအပေါ် အိမ်နီးချင်းကောင်းပီသသည့် နိုင်ငံများဖြစ်**ကြောင်း၊ မိမိတို့တန်ဖိုးထားလေးစားပါကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် မဟာဗျူဟာမြောက်ဆက်ဆံရေး၊ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးရှိသည့် အခိုင်မာဆုံးသော အိမ်နီးချင်းကောင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးမှာ တရုတ်နိုင်ငံ၏ ကူညီပံ့ပိုးမှုများသည် ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ကြောင်း။

အာဆီယံ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးအပြီးတွင် တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Mr. Wang Wenbin က ပြောကြားခဲ့သည့် တရုတ်နိုင်ငံအနေဖြင့် အာဆီယံနှင့်အတူ ရင်းနှီးခင်မင်စွာ ချိတ်ဆက်ပြီး အာဆီယံ၏ကြားဝင်စေ့စပ်ကာ ကြိုးပမ်းမှုကို ထောက်ခံအားပေးခဲ့ကြောင်းနှင့် တရုတ်နိုင်ငံ၏ နည်းလမ်းဖြင့် မြန်မာနိုင်ငံရဲ့လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံ၏အခြေအနေကိုဆောလျင်စွာအဆင်ပြေချောမွေ့စွာ ဖြေရှင်းနိုင်ရေး ဖော်ဆောင်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း၊ ယခုလို မြန်မာနိုင်ငံအပေါ် တရုတ်နိုင်ငံ၏သဘောထားကို သိရခြင်းကြောင့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားခြင်းကြောင့် အထူးကျေးဇူးတင်ကြောင်း၊ အဆိုပါထင်မြင်ချက်ကို တန်ဖိုးထားလေးစားကြောင်း ဖြေကြားသည်။

**Mr. Che Hong Liang**။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံနှင့် တရုတ်နိုင်ငံအပေါ် မြန်မာနိုင်ငံအနေဖြင့် မည်ကဲ့သို့ မျှော်လင့်ချက်ရှိကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**။ အဓိကမျှော်လင့်ချက်က ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ ကုလသမဂ္ဂအဖွဲ့အစည်း အနေဖြင့် မြန်မာနိုင်ငံအပေါ် ဖြစ်စဉ်ဖြစ်ရပ်အမှန်များကို သုံးသပ်ပြီး နားလည်နိုင်စေရန်မျှော်လင့်ကြောင်း၊ အာဆီယံနိုင်ငံများအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံအပါအဝင် မိမိတို့သည် မြန်မာနိုင်ငံတွင် ပြည်သူလူထု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်လုပ်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို ပိုမိုပြီး စည်းစနစ်ကျအောင် လုပ်နေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့၏ အာမခံချက်အတိုင်း မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်က သွေဖည်သွားမည် မဟုတ်ကြောင်း၊ မိမိတို့အပေါ် ယုံကြည်ပေးနိုင်ရန် မျှော်လင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**နေပြည်တော် မေ ၅**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ဆေးကုသရေး လုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များအား စေလွှတ်ကုသရာတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ် ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ်ရှိ ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ်၊ ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ်ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများနှင့် ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေး စောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မေလ ၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်နှင့် မြိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင် ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မဲရုံ ၁၆၉ ရုံ | ၁၃၆၆၉၆ | ၁၁၇၇၅၂ | ၅၅၇၈ | ၄၁၃၈ | ၁၉၆၉၈ |
| ၂ | မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မဲရုံ ၂၄၉ ရုံ | ၂၁၁၈၀၄ | ၁၉၄၆၈၃ | ၁၀၀၇၀ | ၁၈၄၃ | ၂၆၂၈၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်နှင့် မြိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၄၁၈ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၉၇၅၀၈ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၆၂၅၉၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၃၄၉၁၂၊ မြေပြင်လက်ကျန် ၁၂၅၃၈၈ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၂၇၉၉ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၂၇၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

### မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မြို့သစ်မြို့နယ် | ၁၆၉ | ၁၅၆၉၇၆ | ၁၀၀၁၄၃ | ၅၆၈၃၃ | ၅၂၄၄၇ | ၄၃၈၆ | |
| ၂ | မြိုင်မြို့နယ် | ၂၄၉ | ၂၄၀၅၃၂ | ၁၆၂၄၅၃ | ၇၈၀၇၉ | ၇၂၉၄၁ | ၈၄၁၃ | ၃၂၇၅ |
| | စုစုပေါင်း | ၄၁၈ | ၃၉၇၅၀၈ | ၂၆၂၅၉၆ | ၁၃၄၉၁၂ | ၁၂၅၃၈၈ | ၁၂၇၉၉ | ၃၂၇၅ |

### မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်တွင် ရပ်ကွက် ၅ ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၇ အုပ်စု၊ မဲရုံပေါင်း ၁၆၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၅၆၉၇၆ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၀၁၄၃ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၅၆၈၃၃ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၅၂၄၄၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်လျော့နည်းပျောက်ဆုံးမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၄၉၂၅၀ | ၉၉၇၂၂ | ၄၉၅၂၈ | ၄၅၁၄၂ | ၄၃၈၆ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၉၂၆ | ၄၂၁ | ၅၀၅ | ၅၀၅ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၈၀၀ | | ၆၈၀၀ | ၆၈၀၀ | | |
| | စုစုပေါင်း | ၁၅၆၉၇၆ | ၁၀၀၁၄၃ | ၅၆၈၃၃ | ၅၂၄၄၇ | ၄၃၈၆ | |



မြို့သစ်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံ။

၆။ မြေပြင်စစ်ဆေးချက်အရ မြို့သစ်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၅၂ ခု၊ မဲရုံပေါင်း ၁၆၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၄၃၈၆ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတွင် လက်ကျန် ဆန္ဒမဲလက်မှတ် ၆၈၀၀ ကျန်ရှိပါသည်။

၇။ မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ဘုရားကြီးရပ်ကွက် | ၁ | ၁၅၅၀ | ၁၅၁၅ | ၃၅ | ၃၅ | | |
| ၂ | ကွက်သစ်ရပ်ကွက် | ၁ | ၂၃၅၀ | ၁၆၄၀ | ၇၁၀ | ၇၁၀ | | |
| ၃ | ဈေးရပ်ကွက် | ၁ | ၈၀၀ | ၅၃၀ | ၂၇၀ | ၂၇၀ | | |
| ၄ | လယ်ပြင်ရပ်ကွက် | ၁ | ၁၅၀၀ | ၁၀၆၃ | ၄၃၇ | ၄၃၇ | | |
| ၅ | မင်းရပ်ကွက် | ၁ | ၁၁၅၀ | ၇၆၅ | ၃၈၅ | ၃၈၅ | | |
| ၆ | အိုင်မကျေးရွာအုပ်စု | ၁ | ၂၇၀၀ | ၁၁၉၃ | ၁၅၀၇ | ၁၀၇ | ၁၄၀၀ | |
| ၇ | ကွင်းကြီးကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၃၉ | ၅၁၁ | ၅၁၁ | | |
| ၈ | အိုင်မဲကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၈၅၀ | ၃၅၀ | ၃၅၀ | | |
| ၉ | ပုလင်းပြားကြီးကျေးရွာအုပ်စု | ၃ | ၃၂၀၀ | ၂၄၆၅ | ၇၃၅ | ၇၃၅ | | |
| ၁၀ | မကြီးကုန်းကြီးကျေးရွာအုပ်စု | ၄ | ၄၉၅၀ | ၃၃၃၄ | ၁၆၁၆ | ၁၆၁၆ | | |
| ၁၁ | ကိုင်းကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၂၃၆ | ၆၆၄ | ၆၆၄ | | |
| ၁၂ | တယ်ပင်စမ်းကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၂၇၉ | ၈၂၁ | ၇၂၁ | ၁၀၀ | |
| ၁၃ | မကြီးထူးကျေးရွာအုပ်စု | ၆ | ၃၇၅၀ | ၂၄၀၄ | ၁၃၄၆ | ၁၁၇၄ | ၁၇၂ | |
| ၁၄ | တလုပ်ပင်ကျေးရွာအုပ်စု | ၄ | ၃၀၀၀ | ၂၂၃၁ | ၇၆၉ | ၇၆၉ | | |
| ၁၅ | မကြီးချိုကျေးရွာအုပ်စု | ၃ | ၃၉၅၀ | ၂၈၀၄ | ၁၁၄၆ | ၁၀၉၆ | ၅၀ | |
| ၁၆ | အင်းရွာကြီးကျေးရွာအုပ်စု | ၄ | ၄၇၀၀ | ၃၃၉၁ | ၁၃၀၉ | ၁၃၀၉ | | |
| ၁၇ | စီသာကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၇၃၂ | ၅၁၈ | ၄၁၈ | ၁၀၀ | |
| ၁၈ | လေးတိုင်စင်ကျေးရွာအုပ်စု | ၈ | ၉၂၅၀ | ၆၀၈၀ | ၃၁၇၀ | ၂၉၂၀ | ၂၅၀ | |
| ၁၉ | ထောက်ရှာတန်းကျေးရွာအုပ်စု | ၄ | ၃၆၅၀ | ၂၄၉၀ | ၁၁၆၀ | ၁၁၆၀ | | |
| ၂၀ | နွားလှကျေးရွာအုပ်စု | ၃ | ၃၀၅၀ | ၁၇၉၆ | ၁၂၅၄ | ၁၁၅၄ | ၁၀၀ | |
| ၂၁ | တပ်ကုန်းကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၁၂၄ | ၁၀၂၆ | ၁၀၂၆ | | |
| ၂၂ | ဆင်ဖြူချီကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၂၅၇ | ၇၉၃ | ၅၉၃ | ၂၀၀ | |
| ၂၃ | လဲလူကျေးရွာအုပ်စု | ၄ | ၃၉၅၀ | ၂၅၇၀ | ၁၃၈၀ | ၁၃၈၀ | | |
| ၂၄ | ရေပြည့်ကျေးရွာအုပ်စု | ၄ | ၃၃၅၀ | ၂၁၄၈ | ၁၂၀၂ | ၁၂၀၂ | | |
| ၂၅ | ညောင်ဇင်ကျေးရွာအုပ်စု | ၄ | ၂၀၀၀ | ၁၃၈၆ | ၆၁၄ | ၆၁၄ | | |
| ၂၆ | ငွေးချိုကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၂၂၁ | ၈၂၉ | ၇၇၉ | ၅၀ | |
| ၂၇ | ကံဆွယ်ကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၂၉ | ၄၇၁ | ၄၇၁ | | |
| ၂၈ | ငွေးကုန်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၃၁၉ | ၅၃၁ | ၄၈၁ | ၅၀ | |
| ၂၉ | ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု | ၅ | ၆၄၅၀ | ၄၂၈၈ | ၂၁၆၂ | ၂၁၆၂ | | |
| ၃၀ | ရွှေပန်းကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၁၉၄၁ | ၁၃၀၉ | ၁၁၉၉ | ၁၁၀ | |

စာမျက်နှာ ၁၁ သို့

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၃၁ | ဘော့ကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၃၀ | ၂၂၀ | ၂၂၀ | | |
| ၃၂ | ဇီးလုံးကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၇၉၂ | ၆၀၈ | ၅၀၈ | ၁၀၀ | |
| ၃၃ | မြေပြင်သာကျေးရွာအုပ်စု | ၆ | ၆၄၀၀ | ၄၃၄၄ | ၂၀၅၆ | ၁၉၅၆ | ၁၀၀ | |
| ၃၄ | ပုလင်းကြီးကျေးရွာအုပ်စု | ၆ | ၃၈၀၀ | ၂၅၄၃ | ၁၂၅၇ | ၁၂၅၇ | | |
| ၃၅ | ဖလံတိုင်းကျေးရွာအုပ်စု | ၄ | ၃၄၀၀ | ၂၅၉၈ | ၈၀၂ | ၈၀၂ | | |
| ၃၆ | ဆူးတပ်ကြီးကျေးရွာအုပ်စု | ၅ | ၅၅၀၀ | ၃၅၄၈ | ၁၉၅၂ | ၁၇၀၂ | ၂၅၀ | |
| ၃၇ | ရှုံးတောကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၃၄၃ | ၆၀၇ | ၆၀၇ | | |
| ၃၈ | မနေ့ကုန်းကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၆၉၁ | ၃၀၉ | ၃၀၉ | | |
| ၃၉ | သဖန်းကုန်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၀၆၁ | ၆၈၉ | ၆၈၉ | | |
| ၄၀ | ဆည်လည်ကျေးရွာအုပ်စု | ၇ | ၄၀၅၀ | ၂၇၈၇ | ၁၂၆၃ | ၁၁၀၃ | ၁၆၀ | |
| ၄၁ | စစ်တလင်းကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၃၂၂ | ၁၀၇၈ | ၁၀၇၆ | ၂ | |
| ၄၂ | လင်းလည်ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၉၂၀ | ၉၈၀ | ၉၈၀ | | |
| ၄၃ | ဝါးကြီးအိုင်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၅၉၈ | ၁၂၀၂ | ၁၁၀၄ | ၉၈ | |
| ၄၄ | နင်းကြမ်းကျေးရွာအုပ်စု | ၃ | ၃၃၀၀ | ၂၃၂၁ | ၉၇၉ | ၃၃၅ | ၆၄၄ | |
| ၄၅ | မြို့လုလင်ကျေးရွာအုပ်စု | ၆ | ၃၉၀၀ | ၂၅၅၀ | ၁၃၅၀ | ၁၃၅၀ | | |
| ၄၆ | ချောက်ကြားကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၁၉၃ | ၇၀၇ | ၄၅၇ | ၂၅၀ | |
| ၄၇ | ပေကုန်းကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၃၆၇ | ၇၈၃ | ၇၈၃ | | |
| ၄၈ | နဘဲကုန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၂၂၃ | ၄၂၇ | ၃၇၇ | ၅၀ | |
| ၄၉ | ပုတီးကုန်းကျေးရွာအုပ်စု | ၄ | ၃၃၀၀ | ၁၉၂၈ | ၁၃၇၂ | ၁၂၇၂ | ၁၀၀ | |
| ၅၀ | ထန်းတပင်ကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၂၄၃၉ | ၁၀၁၁ | ၁၀၁၁ | | |
| ၅၁ | ညောင်ကိုင်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၅၉ | ၆၄၁ | ၆၄၁ | | |
| ၅၂ | မြတ်လေးကုန်းကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၄၅ | ၂၀၅ | ၁၅၅ | ၅၀ | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၆၉ | ၁၄၉၂၅၀ | ၉၉၇၂၂ | ၄၉၅၂၈ | ၄၅၁၄၂ | ၄၃၈၆ | |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၉၂၆ | ၄၂၁ | ၅၀၅ | ၅၀၅ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၈၀၀ | | ၆၈၀၀ | ၆၈၀၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၆၉ | ၁၅၆၉၇၆ | ၁၀၀၁၄၃ | ၅၆၈၃၃ | ၅၂၄၄၇ | ၄၃၈၆ | |

## မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် မဲရုံပေါင်း ၂၄၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၄၀၅၃၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၆၂၄၅၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မဲလက်မှတ် အပို/ ပျောက်ဆုံးများတွေ့ရှိရပြီး ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက်မှာ ၈၄၁၃ ဖြစ်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပေးထားခြင်းမရှိဘဲ ပိုမိုအသုံးပြုထားသော ဆန္ဒမဲလက်မှတ် ၃၂၇၅ ရှိကြောင်း တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၂၂၅၇၅၀ | ၁၆၁၃၉၂ | ၆၄၃၅၈ | ၅၉၁၆၅ | ၈၃၉၆ | ၃၂၀၃ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၀၇၈ | ၁၀၆၁ | ၁၇ | | ၁၇ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၃၇၀၄ | | ၁၃၇၀၄ | ၁၃၇၇၆ | | ၇၂ |
| | စုစုပေါင်း | ၂၄၀၅၃၂ | ၁၆၂၄၅၃ | ၇၈၀၇၉ | ၇၂၉၄၁ | ၈၄၁၃ | ၃၂၇၅ |

၉။ မြိုင်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၈၄ ခုရှိသည့်အနက် ကျေးရွာအုပ်စု ၆ အုပ်စုတို့တွင် အပိုမဲလက်မှတ်များ သုံးစွဲထားသည်ကို တွေ့ရှိရပြီး ကျေးရွာအုပ်စု ၄၅ အုပ်စုတွင် ဆန္ဒမဲ လက်မှတ်များ လျော့နည်းပျောက်ဆုံးနေသည်ကို တွေ့ရပါသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၆၆ (ဇ) တွင် ညွှန်ကြားထားရှိသော မဲရုံမှူးများဆောင်ရွက်ရမည့်အချက်အား လိုက်နာခြင်းမရှိဘဲ ကြည့်ကန်၊ ချောင်းဆုံ၊ သံဘိုကြီး၊ ရွှေလင်းဆွဲ၊ ဗဟင်း၊ ပေပင်တိုက်၊ သီးတုန်း၊ ကြံစိမ့်၊ ချိုင်ဇောက်၊ မြို့တင် စသည့် ကျေးရွာအုပ်စုများနှင့် အမည်စာရင်းမမှတ်မိသော ကျေးရွာအုပ်စုတို့မှ မဲလက်မှတ်အုပ်ရေ ၃၅ အုပ်တို့အား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ သီးသန့်လာရောက်အပ်နှံခဲ့ပါသည်။

၁၀။ မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရ မည့် မဲ လက်မှတ် | မြေပြင် လက် ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | အမှတ် (၁) ရပ်ကွက် | ၂ | ၂၆၀၀ | ၁၉၄၈ | ၆၅၂ | ၆၅၁ | ၁ | |
| ၂ | အမှတ် (၂) ရပ်ကွက် | ၁ | ၁၇၀၀ | ၁၂၈၀ | ၄၂၀ | ၄၂၀ | | |
| ၃ | အမှတ် (၃) ရပ်ကွက် | ၃ | ၂၉၅၀ | ၁၈၃၃ | ၁၁၁၇ | ၇၆၇ | ၃၅၀ | |
| ၄ | ကန်နီကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၉၃၃ | ၇၆၇ | ၅၆၇ | ၂၀၀ | |
| ၅ | ကွမ်းတောကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၂၇၁ | ၆၇၉ | ၆၇၉ | | |
| ၆ | ကျောက်ကန်ကျေးရွာအုပ်စု | ၃ | ၃၆၀၀ | ၂၅၅၃ | ၁၀၄၇ | ၁၀၄၇ | | |
| ၇ | ကျောက်တောင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၈၆၉ | ၅၈၁ | ၅၈၁ | | |
| ၈ | ကြည့်ကန်ကျေးရွာအုပ်စု | ၄ | ၄၇၀၀ | ၃၃၂၂ | ၁၃၇၈ | ၁၃၃၀ | ၄၈ | |
| ၉ | ကြက်မောက်ကျေးရွာအုပ်စု | ၃ | ၂၀၅၀ | ၁၄၁၇ | ၆၃၃ | ၅၃၉ | ၉၄ | |
| ၁၀ | ချောင်းဆုံကျေးရွာအုပ်စု | ၄ | ၆၁၀၀ | ၄၁၉၅ | ၁၉၀၅ | ၁၈၅၅ | ၅၀ | |
| ၁၁ | ငွေးပင်လယ်ကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၆၃၈ | ၈၆၂ | ၉၁၂ | | ၅၀ |
| ၁၂ | ငွေးအောင်ကျေးရွာအုပ်စု | ၆ | ၄၃၅၀ | ၂၆၃၈ | ၁၇၁၂ | ၁၃၁၂ | ၄၀၀ | |
| ၁၃ | တောင်ကိုင်းကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၈၃ | ၃၆၇ | ၃၆၇ | | |
| ၁၄ | တဲကြီးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၁၈၂၈ | ၁၁၂၂ | ၁၁၂၂ | | |
| ၁၅ | တောင်ဘို့ကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၄၇ | ၉၀၃ | ၆၀၃ | ၃၀၀ | |
| ၁၆ | ထနောင်းဝင်းကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၉၅၁ | ၄၉၉ | ၄၄၉ | ၅၀ | |
| ၁၇ | ထန်းဘုန်းတောကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၆၄၈ | ၆၅၂ | ၃၅၂ | ၃၀၀ | |
| ၁၈ | ပန်းစွာကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၅၇ | ၄၉၃ | ၄၉၃ | | |
| ၁၉ | ပေါက်ပြင်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၆၆၁ | ၁၃၉ | ၁၃၉ | | |
| ၂၀ | ပေါင်းတည်ကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၃၁၇ | ၅၈၃ | ၅၈၃ | | |
| ၂၁ | ဖျာသီးကျေးရွာအုပ်စု | ၄ | ၄၄၅၀ | ၃၄၃၃ | ၁၀၁၇ | ၁၀၁၇ | | |
| ၂၂ | ဘန့်ဘိုးကျေးရွာအုပ်စု | ၃ | ၂၃၀၀ | ၁၇၀၈ | ၅၉၂ | ၆၉၀ | | ၉၈ |
| ၂၃ | ဘုန်းကြီးကန်ကျေးရွာအုပ်စု | ၅ | ၄၇၀၀ | ၂၈၇၀ | ၁၈၃၀ | ၁၆၇၀ | ၁၆၀ | |
| ၂၄ | မကျီးကန်ကျေးရွာအုပ်စု | ၆ | ၇၂၀၀ | ၄၉၁၆ | ၂၂၈၄ | ၁၁၉၄ | ၁၀၉၀ | |
| ၂၅ | မင်းသားကျကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၁၁၀ | ၁၉၀ | ၁၉၀ | | |
| ၂၆ | ရွှေလင်းဆွဲကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၂၂၇ | ၉၂၃ | ၆၇၃ | ၂၅၀ | |
| ၂၇ | ရွာရှည်ကျေးရွာအုပ်စု | ၄ | ၄၄၅၀ | ၂၈၉၃ | ၁၅၅၇ | ၁၃၅၇ | ၂၀၀ | |
| ၂၈ | ရွာသစ်ဖျကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၈၆၆ | ၆၃၄ | ၆၃၄ | | |
| ၂၉ | လင်းကတောကျေးရွာအုပ်စု | ၆ | ၃၈၀၀ | ၂၆၈၇ | ၁၁၁၃ | ၁၁၁၃ | | |
| ၃၀ | လက်ဆည်ကန်ကျေးရွာအုပ်စု | ၅ | ၄၂၀၀ | ၃၃၁၈ | ၈၈၂ | ၉၈၂ | | ၁၀၀ |
| ၃၁ | လက်ယက်မကျေးရွာအုပ်စု | ၅ | ၅၁၅၀ | ၃၈၁၄ | ၁၃၃၆ | ၁၂၈၆ | ၅၀ | |
| ၃၂ | လှည်းခုတ်ကျေးရွာအုပ်စု | ၃ | ၁၂၅၀ | ၈၅၁ | ၃၉၉ | ၃၉၉ | | |
| ၃၃ | သမင်ချောက်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၃၅၁ | ၁၁၄၉ | ၁၁၃၉ | ၁၀ | |
| ၃၄ | သံဘိုကြီးကျေးရွာအုပ်စု | ၄ | ၃၇၅၀ | ၂၇၃၂ | ၁၀၁၈ | ၇၁၈ | ၃၀၀ | |
| ၃၅ | သဒွတ်ကျေးရွာအုပ်စု | ၄ | ၃၉၀၀ | ၃၁၇၀ | ၇၃၀ | ၆၇၅ | ၅၅ | |
| ၃၆ | အလယ်ကန်ကျေးရွာအုပ်စု | ၄ | ၂၇၀၀ | ၁၈၉၁ | ၈၀၉ | ၈၀၉ | | |
| ၃၇ | အင်းရောင်းကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၄၂ | ၃၀၈ | ၃၀၈ | | |
| ၃၈ | အိုးဘိုကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၈၇၂ | ၈၂၈ | ၈၇၈ | | ၅၀ |
| ၃၉ | ကွန်လပ်ကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၈၀၆ | ၇၉၄ | ၇၄၄ | ၅၀ | |
| ၄၀ | ကံယာကောင်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၇၆ | ၂၂၄ | ၂၂၄ | | |
| ၄၁ | ကံတိန်ကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၇၉ | ၆၂၁ | ၆၂၁ | | |
| ၄၂ | ကျောက်ဆောက်ကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၇၀၃ | ၆၄၇ | ၆၄၇ | | |
| ၄၃ | ကိုင်းတောမကျေးရွာအုပ်စု | ၅ | ၃၈၅၀ | ၂၆၆၅ | ၁၁၈၅ | ၁၀၃၅ | ၁၅၀ | |
| ၄၄ | ကြံစိမ့်ကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၈၃ | ၁၆၇ | ၁၆၇ | | |
| ၄၅ | ချိုင်ဇောက်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၁၆၁ | ၃၈၉ | ၂၈၉ | ၁၀၀ | |
| ၄၆ | ဂျုတ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၁၆၅ | ၆၃၅ | ၃၈၅ | ၂၅၀ | |
| ၄၇ | စဘောကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၅၆ | ၂၉၄ | ၂၉၄ | | |
| ၄၈ | ဆင်စိန်ကျေးရွာအုပ်စု | ၄ | ၄၁၀၀ | ၂၉၅၂ | ၁၁၄၈ | ၈၉၈ | ၂၅၀ | |
| ၄၉ | ဆင်စွယ်ကျေးရွာအုပ်စု | ၂ | ၃၅၀၀ | ၂၈၄၃ | ၆၅၇ | ၆၃၆ | ၂၁ | |
| ၅၀ | ဆူးဝင်းကျေးရွာအုပ်စု | ၆ | ၄၉၀၀ | ၃၉၂၆ | ၉၇၄ | ၁၀၇၀ | | ၉၆ |
| ၅၁ | ဆိတ်ချေးကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၉၃၄ | ၄၆၆ | ၅၆၉ | | ၁၀၃ |
| ၅၂ | ဆိတ်ဆင်းကျေးရွာအုပ်စု | ၄ | ၃၆၅၀ | ၂၅၆၃ | ၁၀၈၇ | ၉၈၇ | ၁၀၀ | |

စာမျက်နှာ ၁၂ သို့

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၅၃ | ညောင်ရွာကျေးရွာအုပ်စု | ၄ | ၄၉၀၀ | ၃၃၄၄ | ၁၅၅၆ | ၁၃၀၆ | ၂၅၀ | |
| ၅၄ | ညောင်တွင်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၉၃ | ၃၅၇ | ၂၅၇ | ၁၀၀ | |
| ၅၅ | တောင်စုံကျေးရွာအုပ်စု | ၄ | ၄၁၅၀ | ၂၉၅၉ | ၁၁၉၁ | ၁၁၉၁ | | |
| ၅၆ | တွင်းမကျေးရွာအုပ်စု | ၃ | ၃၅၀၀ | ၂၆၀၃ | ၈၉၇ | ၁၁၄၇ | | ၂၅၀ |
| ၅၇ | ထန်းဘူးတောကျေးရွာအုပ်စု | ၂ | ၉၀၀ | ၅၇၀ | ၃၃၀ | ၂၈၂ | ၄၈ | |
| ၅၈ | ဒေါင်အိုကျေးရွာအုပ်စု | ၄ | ၁၈၀၀ | ၁၁၆၄ | ၆၃၆ | ၆၃၆ | | |
| ၅၉ | ဒဟတ်ချောက်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၅၄၅ | ၅၀၅ | ၅၀၅ | | |
| ၆၀ | နှောပင်ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၆၀ | ၈၉၀ | ၂၁၉ | ၆၇၁ | |
| ၆၁ | နှမ်းဆီကန်ကျေးရွာအုပ်စု | ၄ | ၄၀၀၀ | ၂၆၀၅ | ၁၃၉၅ | ၁၃၉၅ | | |
| ၆၂ | ပေပင်တိုက်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၁၅၇ | ၅၄၃ | ၃၉၃ | ၁၅၀ | |
| ၆၃ | ပိုက်သင်ကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၁၅၇ | ၂၄၃ | ၂၄၃ | | |
| ၆၄ | ဖောင်းကွဲကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၂၇၂ | ၇၂၈ | ၄၇၈ | ၂၅၀ | |
| ၆၅ | ဗဟင်းကျေးရွာအုပ်စု | ၈ | ၇၄၀၀ | ၆၁၀၃ | ၁၂၉၇ | ၁၀၄၁ | ၂၅၆ | |
| ၆၆ | မကျီးစုကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၅၉၁ | ၅၅၉ | ၄၄၉ | ၁၁၀ | |
| ၆၇ | မုံညှင်းမြောက်ကျေးရွာအုပ်စု | ၃ | ၂၄၀၀ | ၁၈၃၅ | ၅၆၅ | ၅၆၅ | | |
| ၆၈ | မြို့တင်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၄၅၃ | ၄၉၇ | ၉၇ | ၄၀၀ | |
| ၆၉ | မြို့သာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၀၇ | ၃၉၃ | ၃၆၃ | ၃၀ | |
| ၇၀ | မြေရင့်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၁၉၆ | ၅၅၄ | ၅၄၄ | ၁၀ | |
| ၇၁ | မြို့စိုးကျေးရွာအုပ်စု | ၁ | ၁၄၀၀ | ၁၀၂၀ | ၃၈၀ | ၂၈၀ | ၁၀၀ | |
| ၇၂ | ရွာတန်းရှည်ကျေးရွာအုပ်စု | ၃ | ၂၇၅၀ | ၁၇၀၆ | ၁၀၄၄ | ၈၄၄ | ၂၀၀ | |
| ၇၃ | ဝက်ကျကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၇၆၇ | ၄၈၃ | ၃၈၃ | ၁၀၀ | |
| ၇၄ | ဝယ်တောင်ကျေးရွာအုပ်စု | ၄ | ၄၄၅၀ | ၃၂၇၃ | ၁၁၇၇ | ၁၁၂၃ | ၅၄ | |
| ၇၅ | ဝက်ပုတ်ကျေးရွာအုပ်စု | ၃ | ၃၀၅၀ | ၂၀၃၆ | ၁၀၁၄ | ၆၁၆ | ၃၉၈ | |
| ၇၆ | သရက်ကွကျေးရွာအုပ်စု | ၁ | ၆၅၀ | ၆၇၈ | -၂၈ | ၆၇၈ | | ၇၀၆ |
| ၇၇ | သီးတုန်းကျေးရွာအုပ်စု | ၅ | ၃၆၅၀ | ၃၀၂၉ | ၆၂၁ | ၆၂၁ | | |
| ၇၈ | သင်းပေါင်းကန်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၃၃ | ၁၆၇ | ၁၆၇ | | |
| ၇၉ | သနပ္ပင်ကုန်းကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၂၀၀ | ၄၀၀ | ၃၅၀ | ၅၀ | |
| ၈၀ | သစ်ကြီးတောကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၆၄၈ | ၄၅၂ | ၂၆၂ | ၁၉၀ | |
| ၈၁ | သက္ကယ်ကန်ကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၆၀၄ | ၅၄၆ | ၅၄၆ | | |
| ၈၂ | သင်းမကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၇၁၈ | ၅၃၂ | ၃၈၂ | ၁၅၀ | |
| ၈၃ | အိုရင်းကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၇၉၉ | ၇၅၁ | ၇၀၁ | ၅၀ | |
| ၈၄ | အိုင်းမကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၁၅ | ၂၈၅ | ၂၈၅ | | |
| | ရပ်/ကျေးမှသီးခြားပြန်အပ် | | | | | ၁၇၅၀ | | ၁၇၅၀ |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၂၄၉ | ၂၂၅၇၅၀ | ၁၆၁၃၉၂ | ၆၄၃၅၈ | ၅၉၁၆၅ | ၈၃၉၆ | ၃၂၀၃ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၀၇၈ | ၁၀၆၁ | ၁၇ | | ၁၇ | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၃၇၀၄ | | ၁၃၇၀၄ | ၁၃၇၇၆ | | ၇၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၄၉ | ၂၄၀၅၃၂ | ၁၆၂၄၅၃ | ၇၈၀၇၉ | ၇၂၉၄၁ | ၈၄၁၃ | ၃၂၇၅ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ကလေးရောဂါအထူးကုဆေးရုံကြီး(နေပြည်တော်) ၂၄ နာရီ ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ ကလေးရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) သည် လတ်တလော အရေးပေါ်ရောဂါများဖြစ်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အတက်ရောဂါ၊ ကျောက်ကပ်နှင့်ဆိုင်သောရောဂါ၊ ထိခိုက်ဒဏ်ရာနှင့် မြွေကိုက်လူနာများ စသည့်အရေးပေါ်ရောဂါများကို ကုသစောင့်ရှောက်ပေးနိုင်ရန်အတွက် ၂၄ နာရီ ဖွင့်လှစ်ထားကြောင်း သိရသည်။

"အထူးကုဆရာဝန် ခြောက်ဦး၊ လက်ထောက် ဆရာဝန် ငါးဦးတို့နဲ့ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ရိုးရိုးပြင်ပလူနာဌာနကိုတော့ နေ့စဉ် နံနက် ၈ နာရီမှ ၁၂ နာရီအထိ ဆောင်ရွက်ပေးပါတယ်။ ဒါ့အပြင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း နံနက် ၈ နာရီမှ ၁၂ နာရီအထိ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးပါတယ်။ အရေးကြီးတဲ့လူနာနဲ့ အရေးပေါ် လူနာများကိုတော့ ၂၄ နာရီ ကုသပေးလျက်ရှိပါတယ်" ဟု ကလေးရောဂါ အထူးကုဆေးရုံကြီး (နေပြည်တော်) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါကလေးရောဂါအထူးကုဆေးရုံကြီးတွင် ကလေးကုသဆောင်(၁)၊ (၂)နှင့် ပြင်ပလူနာဌာနတို့ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး နာတာရှည်ရောဂါများဖြစ်သည့် နှလုံးရောဂါ၊ ဦးနှောက်ပိုင်း ချို့ယွင်းမှုကြောင့်ဖြစ်သောရောဂါများ၊ သွေးတိုးရောဂါနှင့်ဆိုင်သော ရောဂါများ၊ ကလေးကင်ဆာ ရောဂါများ၊ ကလေးဆီးချို ရောဂါများ၊ ကျောက်ကပ်နှင့်ဆိုင်သောရောဂါအစရှိသည့် နာတာရှည်ခံစားနေရသည့်ကလေးများကို ကုသပေးလျက်ရှိကာ ဖျားနာ၊ ဝမ်းလျှောနှင့် အိမ်တွင်ဆေးသောက်၍ရသော အခြေအနေများကိုမူ ပြင်ပလူနာအနေဖြင့် ကြည့်ရှုပေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဒက္ခိဏခရိုင်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပစဉ်။ (အဆိုပါ အခမ်းအနားသို့ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းသူနှင့် တာဝန်ရှိသူများ၊ အငြိမ်းစားမီးသတ်ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ အဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။) မောင်မွှေး

# (၇၅)နှစ်မြောက်စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး မေ ၅**

(၇၅)နှစ်မြောက် စိန်ရတုမြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် အခမ်းအနားကို ချမ်းအေးသာစံမြို့နယ် (ဗဟိုမီးသတ်) ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းကကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက သဝဏ်လွှာဖတ်ကြားခြင်း၊ ဌာနတွင်းသင်တန်းများတွင် ဆုရရှိခဲ့သည့် တပ်ဖွဲ့ဝင်များအား ဆုချီးမြှင့်ခြင်းများကို ပြုလုပ်သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးရှိ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မန်းကိုယ်ပွား**

# ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပုံမှန်အတိုင်း ဆောင်ရွက်လျက်ရှိ

**ကြာအင်းဆိပ်ကြီး မေ ၅**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံတွင် မိဘပြည်သူများအား ယခင်ပုံမှန်အတိုင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်၊ သူနာပြု ဆရာ ဆရာမများနှင့် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံတွင် ပြင်ပလူနာများ ဆေးရုံတက်ရောက်လျက်ရှိသည့် အတွင်းလူနာများ အပါအဝင် အရေးပေါ်လူနာများအား မြို့နယ်ဆရာဝန်ကြီးနှင့် သူနာပြု ဆရာ ဆရာမများ၊ ကျန်းမာရေး ဝန်ထမ်းများက နေ့စဉ် ပုံမှန်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းဦး**

❖ *ကျောဖုံးမှ*

ကျိုက်လတ်၊ လပွတ္တာ) များတွင် ၃ နှစ် ဒီပလိုမာနောက်ဆုံးနှစ် သင်တန်းများ၊ အစိုးရ နည်းပညာ အထက(ပုသိမ်၊ ဟသ်ာတ၊ မအူပင်) များတွင် အစိုးရနည်းပညာနောက်ဆုံးနှစ် သင်တန်းများကို ယနေ့မှ စတင်သင်ကြားပေးလျက်ရှိသည်။

ယနေ့ စတင်ပညာသင်ကြားသည့်နေ့တွင် သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၁၂ ဦး အေးချမ်းတည်ငြိမ်စွာ ပညာသင်ကြားလျက်ရှိကြောင်း သက်ဆိုင်ရာကျောင်းများမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**

# ဂျီ-၇ အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်လာသော အိန္ဒိယကိုယ်စားလှယ်နှစ်ဦး ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း စစ်ဆေးတွေ့ရှိ

**နယူးဒေလီ မေ ၅**

အင်္ဂလန်နိုင်ငံ လန်ဒန်တွင်ကျင်းပသော ဂျီ-၇ အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်လာသော အိန္ဒိယကိုယ်စားလှယ်နှစ်ဦး ကိုဗစ်-၁၉ ရောဂါကူးစက်ခံရကြောင်း စမ်းသပ်တွေ့ရှိခဲ့သည်ဟု သတင်းရင်းမြစ်များတွင် ဖော်ပြလိုက်သည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမန်ရန်ဂျိုင်ရှန်ကာသည် မေ ၅ ရက်ကကျင်းပသော ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအစည်းအဝေးသို့ အွန်လိုင်းမှတစ်ဆင့် တက်ရောက်ခဲ့ရကြောင်း သိရသည်။



ဂျီ-၇ အဖွဲ့ အစည်းအဝေးကျင်းပနေသည်ကို တွေ့ရစဉ်။

အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက "မိမိအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအပေါ် သတိထားဆောင်ရွက်နေရသလို အစည်းအဝေးတက်ရောက်လာသူများအပေါ် အနှောင့်အယှက်ဖြစ်သွားမည်ကို စိုးရိမ်သောအားဖြင့် အွန်လိုင်းအစည်းအဝေး၌သာ ပါဝင်ရန်ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်ဟုပြောသည်။

အစည်းအဝေးမတိုင်မီ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေသည်ကို သတိပြုမိခဲ့ကြောင်း တွစ်တာတွင် ဖော်ပြခဲ့သည်။ အိန္ဒိယနိုင်ငံသည် ဂျီ-၇ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံမဟုတ်သော်လည်း ကိုယ်စားလှယ်များကို ဧည့်သည်တော်များအဖြစ် အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားထားကြောင်း သိရသည်။ ကိုယ်စားလှယ်နှစ်ဦး ကိုဗစ်- ၁၉ ရောဂါ ကူးစက်ဖြစ်ပွားနေသည်ကို စစ်ဆေးတွေ့ရှိပြီးနောက် အိန္ဒိယကိုယ်စားလှယ်အဖွဲ့သည် ကိုယ်တိုင်သီးသန့် ခွဲခြားနေထိုင်ခြင်းကို ကျင့်သုံးခဲ့သည်။

ဂျီ-၇ အလှည့်ကျဥက္ကဋ္ဌအဖြစ် ဗြိတိန်က အစည်းအဝေးကို ဦးဆောင်ကျင်းပလျက်ရှိပြီး ဂျီ-၇ အဖွဲ့ဝင်နိုင်ငံများအဖြစ် အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဂျာမနီ၊ ကနေဒါ၊ ဂျပန်နှင့် အီတလီနိုင်ငံတို့ ပါဝင်ကြောင်း သိရသည်။

ဗြိတိန်အစိုးရက အစည်းအဝေးတက်ရောက်လာကြသူများကို နေ့စဉ် ကိုဗစ်- ၁၉ စစ်ဆေးရန်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် လူမှုဝေးကွာဆောင်ရွက်ချက်များ ဆောင်ရွက်ခြင်းအပါအဝင် ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်များ လုပ်ဆောင်ရန် တိုက်တွန်း ပြောကြားထားသည်။ **ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ၆၂၁ ဦး ကိုဗစ်- ၁၉ထပ်မံကူးစက်

**တိုကျို မေ ၅**

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် မေ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၂၁ ဦးရှိကြောင်း တိုကျိုအစိုးရက အတည်ပြုဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့်အရေအတွက်သည် လွန်ခဲ့သည့်သီတင်းပတ် တစ်ပတ်ထက် ၃၀၄ ဦး ပိုနည်းသည်။

တိုကျိုမြို့၏ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် ယခုအခါ ၁၄၂၉၄၃ဦး အထိ ရောက်ရှိလာပြီဖြစ်သည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများအနက် ၆၉ ဦးမှာ ပြင်းထန်လျက်ရှိသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်သည် လွန်ခဲ့သည့် သီတင်းပတ်သုံးပတ်ထက် ၇၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ကိုဗစ်- ၁၉ ရောဂါကို တိုက်ဖျက်ရန် တရုတ်ဆေးဘက်ဆိုင်ရာအဖွဲ့ လာအိုနိုင်ငံသို့ ရောက်ရှိ

**ဗီယန်ကျင်း မေ ၅**

ဆေးဘက်ဆိုင်ရာ ပစ္စည်းပစ္စယများနှင့်အတူ တရုတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့တစ်ဖွဲ့သည် လာအိုနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်မှုကို ကူညီရန် လာအိုနိုင်ငံ ဗီယန်ကျင်းသို့ ဧပြီ ၄ ရက်က ရောက်ရှိလာခဲ့သည်။

လာအို ဒုတိယဝန်ကြီးချုပ် ကီကိုခေခမ်ဖီသုန်နှင့် လာအိုနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့က တရုတ်အစိုးရ စေလွှတ်လိုက်သော ဆေးအဖွဲ့ကို ဗီယန်ကျင်း အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လက်ခံကြိုဆိုခဲ့သည်။



လာအိုနိုင်ငံ ဗီယန်ကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော တရုတ်ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်အဖွဲ့ကို တာဝန်ရှိသူများက ကြိုဆိုနေစဉ်။

ဆေးအဖွဲ့တွင် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေး၊ အထူးကြပ်မတ်ကုသရေး၊ ကူးစက်ရောဂါတားဆီးရေး၊ ဓာတ်ခွဲစမ်းသပ်ရေးကျွမ်းကျင်အဖွဲ့များသည် ကိုဗစ်-၁၉ စမ်းသပ်ကိရိယာများ၊ ကာကွယ်ရေးပစ္စည်းများ၊ နှာခေါင်းစည်းများ အပါအဝင် ဆေးဘက်ဆိုင်ရာအထောက်အပံ့ပစ္စည်းများနှင့်အတူ လာရောက်ခဲ့ကြသည်။

လာအိုဘက်က တရုတ်အစိုးရကို ယခုလို ဆေးဘက်ကျွမ်းကျင်အဖွဲ့များ စေလွှတ်သည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ထူးခြားလေးနက်ပြီး နက်နဲသိမ်မွေ့သော နှစ်နိုင်ငံဆက်ဆံရေးကို ထင်ဟပ်စေကြောင်း ပြောကြားသည်။ လာအိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရာတွင် အနိုင်ရရှိလိမ့်မည်ဟု ယုံကြည်ကြောင်း လာအို ဒုတိယဝန်ကြီးချုပ်က ပြောသည်။

အခက်အခဲများကို ကျော်လွှားရာတွင် တရုတ်နိုင်ငံသည် လာအိုနိုင်ငံနှင့်အတူ လက်တွဲလုပ်ဆောင်ရန် အဆင်သင့်ရှိကြောင်း တရုတ်ဘက်က ပြောသည်။

လာအိုနိုင်ငံ၌ မကြာသေးမီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လာခဲ့သည်။ မေ ၄ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၆၀ ရှိကြောင်း အတည်ပြု ဖော်ပြမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၀၂၆ ဦး ရှိလာခဲ့သည်။ **ဆင်ဟွာ**

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉အတည်ပြုလူနာ ခုနစ်သောင်းကျော်ရှိလာ

**ဘန်ကောက် မေ ၅**

ထိုင်းနိုင်ငံတွင် မေ ၅ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၀၀၀ ကျော်ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၇၄၉၀၀ ရှိလာခဲ့သည်။ ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများ မြင့်တက်လျက်ရှိပြီး ကိုဗစ်-၁၉ ကြောင့်သေဆုံးသူများ ဆက်လက်မြင့်တက်လျက်ရှိရာ နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူပေါင်း ၃၁၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကိုဗစ်-၁၉ အခြေအနေစီမံခန့်ခွဲရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အပီဆာမိုင်ဆရီရမ်ဆန်က ပြောသည်။

ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်မှုများမြင့်တက်လျက်ရှိသောကြောင့် ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ **ဆင်ဟွာ**

# ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ရောဂါဖြင့် သေဆုံးသူ လေးသိန်းကျော်လာ

**ရီယိုဒီဂျနေးရိုး မေ ၅**

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၉၆၆ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း သေဆုံးသူဦးရေမှာ ၄၁၁၅၈၈ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။

ထို့အပြင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၇၃၅၉ ဦး ရှိကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ အတည်ပြုလူနာ ၁၄၈၅၆၈၈ ဦးရှိလာခဲ့သည်။ အမေရိကန်ပြီးလျှင် ဘရာဇီးနိုင်ငံသည် ကမ္ဘာ့ဒုတိယ အများဆုံး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်နှင့် အိန္ဒိယပြီးလျှင် ကမ္ဘာ့တတိယ အများဆုံး ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ ဘရာဇီးနိုင်ငံတွင် လူဦးရေ တစ်သိန်းလျှင် ၁၉၆ ဦး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလျက်ရှိပြီး လူဦးရေ တစ်သိန်းလျှင် ၇၀၇၀ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားလျက်ရှိသည်။ ဘရာဇီးနိုင်ငံ၏ လူဦးရေအထူထပ်ဆုံး မြို့တစ်မြို့ဖြစ်သည့် ဆော်ပေါ်လိုသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှု အဆိုးဆုံးဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါဖြင့် သေဆုံးသူ ၉၈၀၂၁ ဦးရှိကာ ကူးစက် ဖြစ်ပွားသူ ၂၉၄၁၉၈၀ ဦးရှိသည်။ ထို့နောက် ရီယိုဒီဂျနေးရိုးသည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဒုတိယအဆိုးဆုံးဖြစ်ကာ ကိုဗစ်ဖြင့်သေဆုံးသူ ၄၅၂၃၂ ဦးရှိပြီး ကူးစက်ဖြစ်ပွားသူ ၇၅၃၇၃၂ဦး ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၄၈ ဒသမ ၅ သန်းရှိလာပြီဖြစ်သည်။ ဘရာဇီးနိုင်ငံတွင် ပထမဆုံး ကိုဗစ်-၁၉ ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၆ ရက်က တွေ့ရှိခဲ့သည်။ **ဆင်ဟွာ**

# ကိုဗစ်-၁၉ အရေးပေါ်ကြေညာချက်နဲ့အတူ ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှုကို စွမ်းနိုင်သမျှထိန်းချုပ်နေတဲ့ ဂျပန်နိုင်ငံ

**လင်းဟန်သစ်**

ကမ္ဘာ့နိုင်ငံများက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်ဖို့ ကြိုးစားဆောင်ရွက်နေသလို ဂျပန်နိုင်ငံမှာလည်း အလားတူ ဆောင်ရွက်ချက်တွေ ချမှတ် အကောင်အထည်ဖော်လျက်ရှိပါတယ်။ ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာ မျိုးရိုးဗီဇဆင့်ကဲပြောင်းလဲလျက်ရှိပြီး ယခင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်နဲ့ မတူစွာ အဆပေါင်းများစွာ အစွမ်းထက်တဲ့ အသွင်ပြောင်း ဗိုင်းရပ်စ်အသွင်ကို ဆောင်လာပြီး နိုင်ငံနဲ့အဝန်းကို ဒုက္ခပေးနေတာ ဖြစ်ပါတယ်။ ထပ်မံတွေ့ရှိခဲ့တဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ဟာ ယခင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ပိုမိုကြောက်စရာကောင်းပြီး ပိုမိုကူးစက်မှုမြန်ကာ ပိုမိုသေဆုံးမှုတွေကိုဖြစ်စေပါတယ်။ ဒါကြောင့်ပဲ ဂျပန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက ဒီ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုမရှိရအောင် ကြိုးစားဆောင်ရွက်နေကြတာပဲ ဖြစ်ပါတယ်။

### အရေးပေါ်အခြေအနေကြေညာခြင်း

ဂျပန်နိုင်ငံမှာ အရင် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ကူးစက်ဖြစ်ပွားမှုပိုမိုမြန်ဆန်တဲ့ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်ကြောင့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ တိုးလာပါတယ်။

ဂျပန်အစိုးရဟာ တချို့ခရိုင်တွေကို တရားဝင်နိုင်ငံတော်အရေးပေါ်အခြေအနေ ပြဋ္ဌာန်းခြင်းမဟုတ်တဲ့ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေ ချမှတ်အကောင်အထည်ဖော်နိုင်ဖို့ ခွင့်ပြုပေးခဲ့ပါတယ်။

ထို့အတူ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးစိတ်သစ်တစ်မျိုး ကူးစက်ပျံ့နှံ့မှုကြောင့် ကိုဗစ်-၁၉ ကူးစက်မှုမြင့်တက်နေချိန်မှာ ဂျပန်အစိုးရဟာ တိုကျို၊ အိုဆာကာ၊ ကျိုဟီနဲ့ ကျိုတိုခရိုင်တွေကို တတိယအကြိမ် ကိုရိုနာဗိုင်းရပ်စ်အရေးပေါ် အခြေအနေကြေညာခဲ့ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ အထူးသဖြင့် အိုဆာကာနဲ့ တိုကျိုခရိုင်တို့မှာ တိုးလျက်ရှိပါတယ်။

အဲဒီအရေးပေါ်ကြေညာချက်ဟာ ဧပြီ ၂၅ ရက်က စတင်သက်ရောက်ခဲ့ပြီးတော့ မေ ၁၁ ရက်အထိ ကြာမြင့်မှာ ဖြစ်ပါတယ်။ ဧပြီ ၂၀ ရက်မှစကာ တင်းကျပ်တဲ့ ကိုဗစ်-၁၉ ဆန့်ကျင်တိုက်ဖျက်ရေး ဆောင်ရွက်ချက်တွေကို ခရိုင် ၁၀ ခုမှာ ချမှတ်ကျင့်သုံးခဲ့ပါတယ်။ အဲဒီထဲမှာ တိုကျို၊ အိုဆာကာ၊ ကျိုဟီ၊ ကျိုတို၊ မီယာဂီ၊ အိုကီနာဝါ၊ ဆိုင်တာမာ၊ ချီဘာ၊ ကာနာဂါဝါနဲ့ အိုင်ချီခရိုင်တွေ ပါဝင်ပါတယ်။

အိုဆာကာ၊ ကျိုဟီ၊ ကျိုတို၊ မီယာဂီနဲ့ အိုကီနာဝါ

> **ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကိုစနစ်တကျကိုင်တွယ်ထိန်းချုပ်မှုတွေ မလုပ်ဆောင်ဘူးဆိုရင် မမျှော်မှန်းနိုင်လောက်တဲ့ ကူးစက်မှုတွေဖြစ်လာမှာဖြစ်ပြီးတော့ လူမှုအသိုက်အဝန်းကြီးတစ်ခုလုံးကို ဒုက္ခပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစိုးရကလည်း စွမ်းနိုင်သလောက် အစွမ်းဆုံး နည်းလမ်းကောင်းတွေ ချမှတ်ကျင့်သုံးပြီး ကိုဗစ်-၁၉ထပ်မံကူးစက်မှု မဖြစ်ပွားရေး ဆောင်ရွက်နေတာပဲဖြစ်**




ဂျပန်နိုင်ငံတွင် တတိယအကြိမ် ကိုဗစ်-၁၉ အရေးပေါ်အခြေအနေကြေညာထားသော ခရိုင်များကိုဖော်ပြထားသည့် မြေပုံတစ်ခုကိုတွေ့ရစဉ်။

ခရိုင်တွေအတွက်တော့ မေ ၅ ရက်အထိ ကြာမြင့်မှာဖြစ်ပြီး တိုကျို၊ ဆိုင်တာမာ၊ ချီဘာ၊ ကာနာဂါဝါနဲ့ အိုင်ချီခရိုင်တွေအတွက်တော့ မေ ၁၁ ရက်အထိ ကြာမြင့်မှာဖြစ်ပါတယ်။ ခရိုင်အုပ်ချုပ်ရေးမှူးတွေဟာ ဘယ်နယ်ပယ်ဒေသကို ဦးတည်ချက်ထားဆောင်ရွက်ရမလဲဆိုတာကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။

သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုမရှိအောင် ကြိုးစားဆောင်ရွက်ချိန်မှာ တစ်ဖက်မှာလည်း အဲဒီလိုကန့်သတ်မှုတွေချမှတ်ဆောင်ရွက်လိုက်တဲ့အတွက် နေ့စဉ်လူမှုဘဝကို ဘယ်လိုမျိုး သက်ရောက်မှု ရှိလာမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပါတယ်။

### မလိုအပ်ဘဲ ခရီးသွားလာ မပြုလုပ်ဖို့

အစိုးရဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေတဲ့ ခရိုင်တွေမှာ နေထိုင်နေတဲ့ ဒေသခံတွေကို မလိုအပ်ဘဲ ခရီးသွားလာခြင်းတွေ မပြုဘဲ ရှောင်ကြဉ်ကြဖို့ တိုက်တွန်းပြောကြားလိုက်သလို ခရိုင်တစ်ခုနဲ့ တစ်ခုအကြား ကူးသန်းသွားလာတာတွေ မပြုဖို့လည်း တိုက်တွန်း ပြောကြားလိုက်ပါတယ်။ ထို့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကာကွယ်ဖို့ ကုမ္ပဏီတွေကိုလည်း နေ့စဉ် အလုပ်တက် အလုပ်ဆင်း အရေအတွက်ကို ၇၀ ရာခိုင်နှုန်းအထိလျှော့ချပြီး နေအိမ်က အလုပ်လုပ်တဲ့စနစ်ကို အကောင်အထည်ဖော်ဖို့ တိုက်တွန်းပြောကြားထားပါတယ်။

ဂျပန်နိုင်ငံရဲ့ အားလပ်ရက်ကာလဟာ ဧပြီလနှောင်းပိုင်းမှာ စတင်မှာဖြစ်သော်လည်း ဂျပန်အစိုးရက ပြည်သူတွေကို မလိုအပ်ဘဲ ခရီးသွားလာတာကို ရှောင်ရှားခိုင်းတဲ့ သဘောဖြစ်ပါတယ်။ ဧပြီနှောင်းပိုင်းကနေ မေလအစောပိုင်းကာလအထိ အားလပ်ရက်ကာလကို ရွှေရောင်သီတင်းပတ်အနေဖြင့် တင်စားကြပြီးတော့ အဲဒီကာလမှာ ခရီးသွားလာမှုတွေကို အများအပြား ပြုလုပ်ကြပါတယ်။

တင်းကျပ်တဲ့ ဆောင်ရွက်ချက်တွေ ချမှတ်ထားတဲ့ ခရိုင်အရေအတွက်ကို တိုးမြှင့်ဖို့ စဉ်းစားနေချိန်မှာ သက်ဆိုင်ရာ အာဏာပိုင်တွေဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အခြေအနေတွေကို စောင့်ကြည့်လျက်ရှိသလို ဆေးရုံခုတင်လွတ်နေရာရှိမှုများကိုလည်း သတိချပ်နေရပါတယ်။

### စားသောက်ဆိုင်တွေနဲ့ ဘားတွေပိတ်ဖို့

တစ်ပြိုင်နက်တည်းမှာပဲ အစိုးရက အရက်နဲ့ ကာရာအိုကေဝန်ဆောင်မှုပေးတဲ့ ဘားတွေနဲ့ စားသောက်ဆိုင်တွေကို ပိတ်ဖို့တိုက်တွန်းပြောကြားလိုက်ပါတယ်။ သူတို့အနေနဲ့ အရက်သေစာ မရောင်းချဘူးဆိုရင် ည ၈ နာရီအထိ ဖွင့်လှစ်ရောင်းချခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဆိုင်မှာစနစ်နဲ့ အိမ်အရောက်ပို့ဝန်ဆောင်မှုလုပ်ငန်းတွေကတော့ ပုံမှန်အတိုင်းဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ ထို့အပြင် ပြည်သူတွေကို လမ်းပေါ်မှာ သို့မဟုတ် ပန်းခြံတွေထဲမှာ အုပ်စုလိုက် သောက်စားပျော်ပါးမှု မပြုလုပ်ဖို့ တောင်းဆိုထားပါတယ်။

### နေ့စဉ်လိုအပ်တဲ့နေရာတွေ ဆက်လက်ဖွင့်လှစ်

စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ စတုရန်းမီတာ ၁၀၀၀ ကျော်ရှိတဲ့ နေရာတွေမှာ ဥပမာအားဖြင့် စတိုးဆိုင်တွေ၊ ဈေးဝယ်ကုန်တိုက်တွေ၊ ရုပ်ရှင်ရုံတွေကိုလည်း ပိတ်ထားဖို့ တောင်းဆိုထားပါတယ်။ သို့သော်လည်း နေ့စဉ်လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနေတဲ့ နေရာတွေကိုတော့ ဆက်လက်ဖွင့်လှစ်စေမှာ ဖြစ်ပါတယ်။

### ဖျော်ဖြေရေးတွေကိုတော့ ပိတ်ထားခိုင်း

ဖျော်ဖြေရေး အဆောက်အအုံတွေ ဥပမာ တိရစ္ဆာန်ရုံတွေ၊ ပြတိုက်တွေနဲ့ အားကစားအဆောက်အအုံတွေကိုလည်း ပိတ်ထားခိုင်းပါတယ်။

ဆန်ရီယိုပူရိုလန်းဒ်နဲ့ ယူနီဗာဆယ်စတူဒီယိုဂျပန်တို့ကိုတော့ မေ ၁၁ ရက်အထိ ပိတ်ထားမှာဖြစ်ပါတယ်။ ဂျပန်နိုင်ငံ ချီဘာခရိုင်မှာရှိတဲ့ တိုကျိုဒစ္စနေလန်းဒ်နဲ့ ဒစ္စနေဆီးလ်တို့ရဲ့ ဖွင့်လှစ်ချိန်ကိုတော့ မေ ၁၁ ရက်အထိ နံနက် ၉ နာရီမှ ည ၈ နာရီအထိ ပြောင်းလဲသတ်မှတ်ထားပါတယ်။

နေ့စဉ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတဲ့ ဈေးဝယ်ကုန်တိုက်တွေနဲ့ စတိုးဆိုင်တွေကိုတော့ ခါတိုင်းလိုပဲ လည်ပတ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### သယ်ယူပို့ဆောင်ရေးကို လျှော့ချ

သယ်ယူပို့ဆောင်ရေးကဏ္ဍအနေနဲ့ မြေအောက်ရထား၊ ရထားနဲ့ ဘတ်စ်ကားတွေကိုလည်းလျှော့ချသွားမှာ ဖြစ်ပါတယ်။

အခမ်းအနား ပွဲလမ်းသဘင်တွေကိုလည်း ပွဲကြည့် ပရိသတ်မရှိဘဲ စီစဉ်ကြဖို့ ပွဲစီစဉ်သူတွေကို တောင်းဆိုထားပါတယ်။

### အွန်လိုင်းသင်တန်းတွေ ဖွင့်လှစ်ဖို့တောင်းဆို

ကျောင်းတွေကို ပိတ်ဖို့မတောင်းဆိုထားသော်လည်း အစိုးရကတော့ အနည်းဆုံးအွန်လိုင်းသင်တန်းတွေ ဖွင့်လှစ်သွားဖို့ တောင်းဆိုထားပါတယ်။

ဒါတွေကတော့ ဂျပန်နိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားမှုမရှိအောင် လုပ်ဆောင်ချက်တွေပဲဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို စနစ်တကျကိုင်တွယ်ထိန်းချုပ်မှုတွေ မလုပ်ဆောင်ဘူးဆိုရင် မမျှော်မှန်းနိုင်လောက်တဲ့ ကူးစက်မှုတွေဖြစ်လာမှာဖြစ်ပြီးတော့ လူမှုအသိုက်အဝန်းကြီးတစ်ခုလုံးကို ဒုက္ခပေးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အစိုးရကလည်း စွမ်းနိုင်သလောက် အစွမ်းဆုံး နည်းလမ်းကောင်းတွေ ချမှတ်ကျင့်သုံးပြီး ကိုဗစ်-၁၉ ထပ်မံကူးစက်မှုမဖြစ်ပွားရေး ဆောင်ရွက်နေတာပဲဖြစ်ပါကြောင်း။ ။

**ကိုးကား- အင်န်အိတ်ချ်ကေ**

# COVID– 19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၆ ဦး တွေ့ရှိ

## (၅–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၄–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၈၄၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၁၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၈၅,၀၀၅) ခု အား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၇၄) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၉၉) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီး ဖြစ်ပါသည်။ COVID–19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၂၁၀) ဦး ရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ် ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်- ၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မေ ၅

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်– ၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ် လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိခဲ့သည်။

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၅၁ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်း တို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆက်လက် ဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံ ပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မေ ၅



တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ဖယ်ခုံမြို့၊ ဟိုပုံးမြို့၊ ဆီဆိုင် မြို့၊ ပင်လောင်းမြို့နှင့် ကယားပြည်နယ် လွိုင်ကော်မြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်များ အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့ နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ် နေရာအသီးသီး၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် အတူပူးပေါင်း၍ ကျန်းမာရေး စစ်ဆေး ပေးပြီးကိုဗစ်– ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

### ၅-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၂၇၆၁၄၆ | ၂၅၉၆၇၁၇၃ | ၅၉၂၄၃၅ |
| ၂။ | အိန္ဒိယ | ၂၀၇၄၀၄၂၉ | ၁၆၉၉၀၂၉၅ | ၂၂၆၆၃၆ |
| ၃။ | ဘရာဇီး | ၁၄၈၆၀၈၁၂ | ၁၃၄၄၂၉၉၆ | ၄၁၁၈၅၄ |
| ၄။ | ပြင်သစ် | ၅၆၈၀၃၇၈ | ၄၇၁၇၀၈၃ | ၁၀၅၃၈၇ |
| ၅။ | တူရကီ | ၄၉၂၉၁၁၈ | ၄၅၅၄၀၃၇ | ၄၁၅၂၇ |
| ၆။ | ရုရှား | ၄၈၄၇၄၈၉ | ၄၄၆၄၅၅၀ | ၁၁၁၈၉၅ |
| ၇။ | ဗြိတိန် | ၄၄၂၃၇၉၆ | ၄၂၃၄၇၇၂ | ၁၂၇၅၄၃ |
| ၈။ | အီတလီ | ၄၀၅၉၈၁၂ | ၃၅၂၄၁၉၄ | ၁၂၁၇၃၈ |
| ၉။ | စပိန် | ၃၅၄၄၉၄၅ | ၃၂၂၆၉၇ | ၇၈၃၉၉ |
| ၁၀။ | ဂျာမနီ | ၃၄၅၇၁၁၈ | ၃၀၈၄၇၀၀ | ၈၄၄၅၇ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၅ – ၅ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၉၁၆၅၈ | ၁၅၄၇၀၉၂ | ၄၆၃၄၉ |
| ဖိလစ်ပိုင် | ၁၀၇၃၅၅၅ | ၉၉၃၀၄၂ | ၁၇၈၀၀ |
| မလေးရှား | ၄၂၄၃၇၆ | ၃၈၉၈၄၆ | ၁၅၉၁ |
| မြန်မာ | ၁၄၂၈၇၄ | ၁၃၁၉၉၉ | ၃၂၁၀ |
| ထိုင်း | ၇၄၉၀၀ | ၄၄၃၆၀ | ၃၁၈ |
| စင်ကာပူ | ၆၁၂၆၈ | ၆၀၈၂၃ | ၃၁ |
| ကမ္ဘောဒီးယား | ၁၆၉၇၁ | ၆၀၁၉ | ၁၁၀ |
| ဗီယက်နမ် | ၃၀၂၂ | ၂၅၆၀ | ၃၅ |
| လာအို | ၁၀၇၂ | ၉၉ | ၀ |
| ဘရူနိုင်း | ၂၂၈ | ၂၁၈ | ၃ |

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၅**

နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန်လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်သည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဦးစောကျော်သက်ဦး | အလယ်တန်းပြ၊ အထက(ဘူးကျေးရွာ)၊ စေတုတ္တရာမြို့နယ်။ | စေတုတ္တရာမြို့နယ်၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါ်ခင်ချိုဆက် | အလယ်တန်းပြ၊ အထက(ကညင်ကျိုး)၊ ကျောက်တံခါးမြို့နယ်။ | ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဦးအောင်ဖြိုးဝေ | မူလတန်းပြ၊ အမက(ကိုင်းဦး)၊ ပင်လည်ဘူးမြို့နယ်။ | ပင်လည်ဘူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါ်လှလေးစိန် | အလယ်တန်းပြ၊ အလက(အလယ်ချောင်း)၊ ရွာငံမြို့နယ်။ | ရွာငံမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)။ | ၅၀၅-က |  |
| ၅ | ဒေါ်မေသူစံအေး | အလယ်တန်းပြ၊ အထက(တောင်သာ)၊ မြင်းခြံမြို့။ | မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဦးကောင်းခန့်ဟိန်း | အလယ်တန်းပြ၊ အထက-ခွဲ(သားကျင်)၊ ငါန်းဇွန်မြို့နယ်။ | ငါန်းဇွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဦးသိန်းထွန်းအောင် | အလယ်တန်းပြ၊ အလက(ဝါးကျွန်းကန်)၊ မလှိုင်မြို့နယ်။ | မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါ်နေခြည်ထွေး | မူလတန်းပြ၊ အမက(ကံ့ကော်ကုန်း)၊ လပွတ္တာမြို့နယ်။ | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဦးဟိန်းထက်အောင် | မူလတန်းပြ၊ အမက-မူလွန်(ခုတ်ခွာ)၊ ကြာအင်းဆိပ်ကြီးမြို့နယ်။ | ဘုရားသုံးဆူမြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၀ | ဒေါ်နေခြည်အေးမြင့် | အကြီးတန်းစာရေး-၂၊ အထက(၃)၊ ကျိုက်လတ်မြို့။ | ကျိုက်လတ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး။ | ၅၀၅-က |  |




ဦးစောကျော်သက်ဦး(အလယ်တန်းပြ၊ အထက(ဘူးကျေးရွာ)၊ စေတုတ္တရာမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဒေါ်ခင်ချိုဆက်(အလယ်တန်းပြ၊ အထက(ကညင်ကျိုး)၊ ကျောက်တံခါးမြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဦးအောင်ဖြိုးဝေ(မူလတန်းပြ၊ အမက(ကိုင်းဦး)၊ ပင်လည်ဘူးမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်လှလေးစိန်(အလယ်တန်းပြ၊ အလက(အလယ်ချောင်း)၊ ရွာငံမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်မေသူစံအေး(အလယ်တန်းပြ၊ အထက(တောင်သာ)၊ မြင်းခြံမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်

*စာမျက်နှာ ၁၇ သို့*

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် လက်ပစ်ဗုံး၊ လက်လုပ်ဗုံးနှင့် လက်လုပ်မိုင်းများအသုံးပြု၍ အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်

**နေပြည်တော် မေ ၅**
နိုင်ငံတော်အတွင်း ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများ ပြုလုပ်လျက်ရှိသည်။



သထုံမြို့ မြို့မဈေး၌ လက်လုပ်ဗုံးများ ပစ်ပေါက်ထားမှုကို တွေ့ရစဉ်။

**လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်**

ထိုသို့လုပ်ဆောင်ရာတွင် မေ ၄ ရက် ညနေ ၅ နာရီ ၅၅ မိနစ်တွင် မွန်ပြည်နယ် သထုံမြို့ အောက်ကျင်းရပ်ကွက် မြို့မဈေးကြီး၌လည်းကောင်း၊ ည ၇ နာရီ ၅ မိနစ်တွင် သိမ်ကုန်းရပ်ကွက် ကြေးသွန်းဘုရားလမ်း အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌လည်းကောင်း၊ ယနေ့နံနက် ၅ နာရီ မိနစ် ၄၀ တွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နတ်မောက်ရပ်ကွက် ကျိုက္ကဆံလမ်းရှိ အခြေခံပညာအထက်တန်းကျောင်း (တာမွေ) ရှေ့၌လည်းကောင်း၊ နံနက် ၅ နာရီ မိနစ် ၅၀ တွင် လှိုင်မြို့နယ် (၁၆)ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးရှေ့၌လည်းကောင်း၊ နံနက် ၅ နာရီ ၅၅ မိနစ်တွင် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ် (၁၁) ရပ်ကွက် ခိုင်ရွှေလမ်း အိမ်အမှတ် (၂၁၉/ခ)နေ ဦးစိုင်းလင်းဇော် (၅၀)နှစ် (ဘ)ဦးငြိမ်း၏ နေအိမ်၌ လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းနှင့် ရာဇဓိရာဇ်လမ်းထောင့် ဘုန်းကြီးကျောင်းကွေ့ ကားမှတ်တိုင်ရှိ YBS(၃၀) ယာဉ်ပေါ်၌ လည်းကောင်း၊ နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် ၇၈ လမ်းနှင့် အမရပူရလမ်းခွဲထောင့်ရှိ အမှတ် (၃၂) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပေါင်းတည်မြို့နယ် အုတ်ဖို (၁) ရပ်ကွက်ရှိ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့မှူးနေအိမ်၌လည်းကောင်း၊ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ချမ်းမြသာယာရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း(ပုတီးကုန်း)၌ လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် လမ်း ၄၀ နှင့် ၈၇ လမ်းထောင့်ရှိကျောက်မျက်ရတနာရောင်းဝယ်ရေး အုပ်ချုပ်ရေးရုံး၌လည်းကောင်း အကြမ်းဖက်သူများက လက်လုပ်ဗုံးများဖြင့် လာရောက်ပစ်ပေါက်ထွက်ပြေးသွားခြင်းကြောင့် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး အဆိုပါနေရာများသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။



လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် နေအိမ်၌ လက်လုပ်ဗုံးများ လာရောက်ပစ်ပေါက်သွားမှုကို တွေ့ရစဉ်။

**သက်မဲ့ပြုလုပ် သိမ်းဆည်း**

ထို့ပြင် မေ ၄ ရက် ည ၇ နာရီ မိနစ် ၄၀ တွင် မုဒုံမြို့နယ် မြို့မရဲစခန်းအနီး၌ လည်းကောင်း၊ ယနေ့ နံနက် ၆ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် (၁၈)ရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီရုံးရှေ့၌ လည်းကောင်း၊ နံနက် ၇ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် တပ်ပိုးလမ်း စိုက်ပျိုးရေးသိပ္ပံကျောင်းအနီး၌လည်းကောင်း၊ နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံးအဟောင်း၌ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် နမ္မတီးမြို့နှင့် မရမ်းကျေးရွာကြား ရွှေဘို-မြစ်ကြီးနား ကားလမ်းပေါ်ရှိ နမ္မတီးနယ်မြေရဲစခန်းအနီး၌လည်းကောင်း အကြမ်းဖက်သောင်းကျန်းသူများက လက်ပစ်ဗုံးများ၊ လက်လုပ်ဗုံးများထောင်ထားကြောင်း စစ်ဆေးသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။

**ထိခိုက်ပျက်စီးဆုံးရှုံးခဲ့**

အလားတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် (၂)ရပ် ပေါင်းလောင်း(၁၇)လမ်း အမှတ်(၃) စစ်သားစုဆောင်းရေးရုံးအနီး "ကမ္ဘာသစ်" လက်ဖက်ရည်ဆိုင်ရှေ့၌ လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့သုံးယာဉ် တစ်စီးသည် အကြမ်းဖက်သူ(စိစစ်ဆဲ) ထောင်ထားသည့် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦး ဒဏ်ရာအနည်းငယ်ရရှိခဲ့ကာ တပ်ဖွဲ့သုံးမော်တော်ယာဉ် တစ်စီး ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**လူထိခိုက်မှုမရှိ**

ထို့ပြင် နံနက် ၁၀ နာရီ ၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် မြို့တွင်းကျေးရွာ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့မှူးနေအိမ်ကို အကြမ်းဖက်သူ ခေါင်းဆောင် (စိစစ်ဆဲ) အင်အား ၁၀ ဦးခန့်က ဆိုင်ကယ်ငါးစီးဖြင့် ရောက်ရှိလာပြီး တူမီးသေနတ်ဖြင့် ငါးချက် ပစ်ခတ်၍ မောင်းနှင်ထွက်ပြေးသွားကြောင်းနှင့် ပစ်ခတ်မှုကြောင့် လူထိခိုက်မှုမရှိကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်လျက်ရှိ**

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

စာမျက်နှာ ၁၆ မှ



ဦးကောင်းခန့်ဟိန်း(အလယ်တန်းပြ၊ အထက-ခွဲ(သားကျင်)၊ ငါန်းဇွန်မြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်



ဦးသိန်းထွန်းအောင်(အလယ်တန်းပြ၊ အလက(ဝါးကျွန်းကန်)၊ မလှိုင်မြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်



ဒေါ်နေခြည်ထွေး(မူလတန်းပြ၊ အမက(ကံ့ကော်ကုန်း)၊ လပွတ္တာမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဦးဟိန်းထက်အောင်(မူလတန်းပြ၊ အမက-မူလွန်(ခုတ်ခွာ)၊ ကြာအင်းဆိပ်ကြီးမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်နေခြည်အေးမြင့်(အကြီးတန်းစာရေး-၂၊ အထက(၃)၊ ကျိုက်လတ်မြို့)၏ Profile နှင့် Post အား တွေ့ရစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာမြင့်နိုင်၊ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး(ဟောင်း) ဦးသန်းညွန့်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (ဟောင်း) ဦးစိုးဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး (ဟောင်း) ဦးလာလ်ထောင်ထန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ဟောင်း) ဦးကမ်ဇာမုံ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလင်းလှိုင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်သန့်စင်တို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ် အရေးယူ

**နေပြည်တော် မေ ၅**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် တာဝန် ထမ်းဆောင်ခဲ့သော ဒေါက်တာမြင့်နိုင်အပေါ် လုပ်ငန်းတာဝန်ထမ်းဆောင်စဉ် အဂတိလိုက်စားမှုကျူးလွန်ကြောင်း တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့၏စစ်ဆေးတွေ့ရှိချက်အရ ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာ မြင့်နိုင်သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ၎င်းတာဝန်ရှိသည့် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ငွေကြေးမြောက်မြားစွာ သုံးစွဲရသောတင်ဒါလုပ်ငန်းတွင် လုပ်ထုံးလုပ်နည်း စည်းကမ်းများ ဖောက်ဖျက်လျက် တင်ဒါကြမ်းခင်း ဈေးနှုန်းများ သတင်းပေါက်ကြားသဖြင့် တင်ဒါတန်ဖိုးငွေကျပ် သန်းပေါင်း ၂၀၀၀၀ ကျော်ရှိသည့် လုပ်ငန်း (၆၆)ခုမှာ မူလကြမ်းခင်းဈေးအတိုင်း တင်ဒါအောင်မြင်ခဲ့ကြသည့်အပေါ် နိုင်ငံတော်အတွက် သက်သာခွင့်ရရှိမည့် ငွေကြေးများ ဆုံးရှုံးနစ်နာခဲ့ကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တင်ဒါခေါ်ယူရာတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး(ဟောင်း) ဦးစိုးဦးက တာဝန်ပေးထားသော ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝေလင်းလှိုင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်သန့်စင်တို့ကို တင်ဒါလုပ်ငန်း အချက်အလက်များအတွက် ငွေကြေးရယူဆောင်ရွက်မှုတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ရန် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်အစီရင်ခံစာအား ဖုံးကွယ်၊ ဖျောက်ဖျက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မုံရွာမြို့နယ်၊ လယ်တီရပ်ကွက်အတွင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနပိုင် အင်းမြေစုစုပေါင်း(၅ ဒသမ ၇၈) ဧကအား နိုင်ငံတော်ပိုင်မြေဖြစ်ကြောင်းသိလျက်နှင့် ငွေကြေးရယူကာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် လူပုဂ္ဂိုလ်တစ်ဦးသို့ အခြားနည်းသုံးစွဲခွင့် ခွင့်ပြုခဲ့သဖြင့် နိုင်ငံတော်ပိုင်မြေ (၅ ဒသမ ၇၈)ဧက၏ ကာလတန်ဖိုး အနည်းဆုံးငွေကျပ်သိန်း ၂၈၉၀ မှ အများဆုံး ငွေကျပ်သိန်း ၈၆၇၀ အထိ နစ်နာဆုံးရှုံးခဲ့ရကြောင်း၊ မုံရွာမြို့ရှိ လုပ်ငန်းဆက်စပ်သည့် ကုမ္ပဏီပိုင်ရှင်တစ်ဦးထံမှ ငွေကျပ်သိန်း ၁၁၀ တန်ဖိုးရှိ HIJET အမျိုးအစား မော်တော်ယာဉ်တစ်စီးအား ၎င်းကိုယ်တိုင် ဦးစီးဖွင့်လှစ်ထားသည့် မေတ္တာရိပ်အမျိုးသမီးစောင့်ရှောက်ရေးဂေဟာတွင် အသုံးပြုရန်အတွက် တောင်းခံလှူဒါန်းစေခဲ့ကြောင်း၊ မေတ္တာရိပ် အမျိုးသမီး စောင့်ရှောက်ရေးဂေဟာနှင့်တစ်ဆက်တည်းရှိနေသော မြေဧက (၂ ဒသမ ၈၅) ဧကပေါ်တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီ၏ ခွင့်ပြုချက်တစ်စုံတစ်ရာ ရရှိခြင်းမရှိသေးဘဲ ဂေဟာမှူးအိမ်အဖြစ် ဆောက်လုပ်အသုံးပြုထားသည့်အတွက် နိုင်ငံတော်ပိုင်မြေ (၂ ဒသမ ၈၅) ဧကဆုံးရှုံးနစ်နာခဲ့ကြောင်း၊ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများကိုလိုက်နာရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ခွင့်ပြုချထားပေးသည့် ရွှေသတ္တုလုပ်ကွက်များအနက် အသေးစားလုပ်ကွက် ၂၄၃ ကွက်နှင့် လက်လုပ်လက်စား လုပ်ကွက် ၄၇ ကွက်တို့အတွက် တိုင်းဒေသကြီးဘဏ္ဍာစာရင်းသို့ ကြိုတင်ပေးသွင်းရမည့် အခွန်အခများကို ကောက်ခံခြင်းမပြုဘဲ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုခဲ့သဖြင့် နိုင်ငံတော်က ရရှိမည့် အခွန်ငွေ ငွေကျပ်သိန်း ၂၉၀၀၀ ကျော် နစ်နာဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာမြင့်နိုင် အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ လည်းကောင်း။

### တင်ဒါကြမ်းခင်းဈေးနှုန်းများ သတင်းပေါက်ကြား

စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တင်ဒါခေါ်ယူရာတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ဟောင်း) ဦးသန်းညွန့်ဝင်းနှင့် တင်ဒါခေါ်ယူရာတွင် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီတွင် ဝန်ကြီးချုပ်(ဟောင်း)ကိုယ်စား တင်ဒါကြမ်းခင်းဈေးနှုန်း တွက်ချက်သူအဖြစ် တာဝန်ယူဆောင်ရွက်သည့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး (ဟောင်း) ဦးစိုးဦး တို့သည် တင်ဒါကြမ်းခင်းဈေးနှုန်းများ သတင်းပေါက်ကြားကာ တင်ဒါလုပ်ငန်း (၆၆) ခုမှာ မူလကြမ်းခင်းဈေးအတိုင်း တင်ဒါအောင်မြင်ခဲ့သည့်အပေါ် နိုင်ငံတော်အတွက် ငွေကြေးနစ်နာဆုံးရှုံးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရ လည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ဟောင်း) ဦးကမ်ဇာမုံ၊ ချင်းတိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီး(ဟောင်း) ဦးလာလ်ထောင်ထန်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး(ဟောင်း) ဦးစိုးဦး တို့သည် ဝန်ကြီးချုပ်(ဟောင်း) ဒေါက်တာမြင့်နိုင် က မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပြီး နိုင်ငံတော်အတွက် စုစုပေါင်း ငွေကျပ်သိန်း ၂၉၀၀၀ ကျော်(ကျပ်သိန်းနှစ်သောင်းကိုးထောင်ကျော်) ထိခိုက်နစ်နာစေခဲ့ခြင်းအပေါ် စနစ်တကျ ကြပ်မတ်ဆောင်ရွက်မှုမရှိဘဲ အားပေးကူညီခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅/၆၃ အရ လည်းကောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ဟောင်း)၏ ကိုယ်ရေးအရာရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိဦးဝေလင်းလှိုင် သည် တင်ဒါလျှောက်ထားသော တင်ဒါကြမ်းခင်း ဈေးနှုန်းများအား ကုမ္ပဏီပိုင်ရှင်တစ်ဦးကို ပြောကြားခဲ့ပြီး တံစိုးလက်ဆောင်အဖြစ် ငွေကျပ်သိန်း (၉၀၀) ခန့်ကို (၄) ကြိမ်ခွဲ၍ လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း။

### တရားစွဲဆိုအရေးယူနိုင်ရေး

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး(ဟောင်း)၏ ကိုယ်ရေးအရာရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်သန့်စင်သည် တန်ဖိုးငွေကျပ် ၄၃၃ သန်းခန့်ရှိသည့် တင်ဒါ(၁)ခု၏ ကြမ်းခင်း ဈေးနှုန်းကို ကုမ္ပဏီပိုင်ရှင်တစ်ဦးထံ ပြောကြားခဲ့ပြီး တင်ဒါအောင်မြင်ပါက ၎င်းအတွက် လုပ်ငန်း၏ ၃ ရာခိုင်နှုန်းအား တံစိုးလက်ဆောင်ရယူရန် အားထုတ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

သတင်းစဉ်

## လက်လုပ်သေနတ်များ သက်ဆိုင်ရာသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၅**

နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း တရားမဝင်လက်နက် ကိုင်ဆောင်ခြင်းသည် အရေးယူခံရနိုင်ကြောင်း အုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများ၏ ဆွေးနွေးပြောကြားခြင်းကြောင့် မေ ၄ ရက်က ကံလှအုပ်စု ရွှေချိုင်းကျေးရွာမှ လေအိုးပါသော လက်လုပ်သေနတ်ခြောက်လက်၊ ဒူးလေးပြုလုပ်ဆဲ ကိုယ်ထည်တစ်ခုအား လည်းကောင်း၊ ထန်းတောကြီးကျေးရွာမှ လေအိုးပါသော လက်လုပ်သေနတ် နှစ်လက်၊ ဒူးလေး နှစ်လက်၊ မြား နှစ်ချောင်း၊ လေအိုးတစ်ခုတို့ကို လည်းကောင်း သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် လာရောက်အပ်နှံကြရာ တပ်ကုန်းမြို့နယ် မြို့မရဲစခန်းတွင် သိမ်းဆည်းထားကြောင်း သိရသည်။

ရဲပြန်ကြား



## မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများ ဖြိုခွဲထိန်းသိမ်းစဉ် အမျိုးသားတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၅**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ဘုရားတောင်ကျေးရွာအနီး မေ ၄ ရက် မွန်းလွဲ ၃ နာရီ မိနစ် ၅၀ တွင် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့သည်။

ထိုသို့သွားရောက်စဉ် ရေပြာကျေးရွာသို့ အရောက်တွင် ဆူပူဆန္ဒပြရန် လှုံ့ဆော်ခြင်း၊ အများပြည်သူများ အထိတ်တလန့်ဖြစ်အောင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းများအား CDM ပြုလုပ်ရန် တွန်းအားပေးခြင်းများတွင် ဦးဆောင်ပြုလုပ်ခဲ့သူများကို လိုက်လံဖမ်းဆီးခဲ့ရာ ရေပြာကျေးရွာနေ ဦးကျော်စိုး (၅၅)နှစ် (ဘ) ဦးကြံပါ အမျိုးသား သုံးဦးတို့ကို ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ညနေ ၄ နာရီ ၅ မိနစ်တွင် ဘုရားတောင်ကျေးရွာအနီးသို့ ထွက်ခွာလာစဉ် ပေါက် - ပခုက္ကူကားလမ်း ဘုရားတောင်ကျေးရွာ လမ်းခွဲအရောက် ကားလမ်းဘေးဝဲယာမှ ဦးဆောင်သူ(စိစစ်ဆဲ)ဆူပူအကြမ်းဖက်သူ အင်အား ၃၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များလိုက်ပါလာသည့် ယာဉ်တန်းအား လေးခွ ၊ ဂျင်ကလိ၊ ကုန်းသီး၊ ကျောက်ခဲ၊ အုတ်ခဲကျိုးတို့ဖြင့် ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်ခဲ့၍ အဓိကရုဏ်းလက်နက်များဖြင့် ပြန်လည်ပစ်ခတ်လူစုခွဲခဲ့ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်ရာတွင် ပါဝင်သူ ဘုရားတောင်ကျေးရွာနေ နိုင်ဝင်း (၃၈) နှစ်ပါ အမျိုးသား ၁၀ ဦးကို ဖမ်းဆီးရမိခဲ့ကာ အကြမ်းဖက်သူများ၏တိုက်ခိုက်မှုကြောင့် လုံခြုံရေးယာဉ်နှစ်စီးမှာ လေကာမှန်များ ကွဲအက်ပျက်စီးခဲ့သည်။

ညနေ ၅ နာရီ ၂၅ မိနစ်တွင် ဆူပူအကြမ်းဖက်သူ အင်အား ၄၀၀ ခန့်သည် ဖမ်းဆီးသွားသူများ ပြန်လွှတ်ပေးရေးအတွက် ရေပြာနယ်မြေရဲစခန်း၏အရှေ့တောင်ဘက် ပခုက္ကူ-ပေါက်ကားလမ်းပေါ်မှနေ၍ ရဲစခန်းအား ဝိုင်းဝန်းအကြမ်းဖက်ရန်ပြုတိုက်ခိုက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်ရာတွင်ပါဝင်သူ အမျိုးသားခြောက်ဦး ဖမ်းဆီးရမိခဲ့ကာ ကျော်ဇင်လတ် (စိစစ်ဆဲ)သည် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ဆေးဝါးကုသမှုပေးနိုင်ရေး ပခုက္ကူဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိခဲ့သည့် ဆူပူအကြမ်းဖက်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စိုက်ပျိုးရေးသွင်းအားစုစရိတ်များ မြင့်တက်နေမှုကြောင့် မိုးငရုတ်စိုက်ပျိုးမည့်တောင်သူများ အခက်ကြုံနေ

**မန္တလေး မေ ၅**

စိုက်ပျိုးရေးသွင်းအားစုစရိတ်များ မြင့်တက်နေမှုကြောင့် မိုးငရုတ်စိုက်ပျိုးမည့် တောင်သူများ အခက်ကြုံနေကြောင်း မန္တလေးတိုင်းဒေသကြီးရှိ ငရုတ်သီးစီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်သူများထံမှ သိရသည်။

"အခုအခြေအနေမှာက စိုက်ပျိုးရေးသွင်းအားစု၊ မြေဩဇာပိုးသတ်ဆေးစရိတ်တွေက မြင့်တက်နေတယ်။ လောင်စာဆီဈေးလည်း တက်နေတယ်။ ငရုတ်တစ်ဧကေ စိုက်ရင် ငွေကျပ် ၁၅ သိန်းနဲ့ သိန်း ၂၀ ကြားမှာ အနည်းဆုံးကုန်တယ်။ အခုရနေတဲ့ ငရုတ်သီးဈေးနဲ့က တစ်ဧကေစိုက်စရိတ် အရင်းတောင် ပြန်မရတာများနေတယ်။ ဒီဈေးနဲ့ဆိုတော့ တွက်ခြေမကိုက်တဲ့အတွက် ဒီနှစ်မိုးရာသီမှာ စစိုက်ပျိုးတော့မယ့် မိုးငရုတ်ခင်းတွေကို စိုက်ပျိုးဖို့အတွက် စိုက်သင့်မစိုက်သင့်ကို စဉ်းစားကုန်ကြပြီ။ ဈေးကွက်က ဘာမှန်းမသိ၊ ငွေလွှဲရတာလည်း အဆင်မပြေ၊ သူများနိုင်ငံတွေကိုလည်း အားကိုးမရ၊ ကိုဗစ်ကလည်း မကင်းပြတ်သေးနဲ့ ဆိုတော့လေ"ဟု မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ငရုတ်ဈေးကွက် ကျွမ်းကျင်သူ ကိုမြင့်ထွန်းဦးက ပြောသည်။

လက်ကားဈေးကွက်အတွင်း ငရုတ်သီး အမှည့်အစို(အနီ)တစ်ပိဿာလျှင် ငွေကျပ်၉၀၀၊ ၁၀၀၀ ဝန်းကျင်၊ ငရုတ်သီးအခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၃၀၀ အတွင်း ဈေးနှုန်းများဖြင့် ရောင်းဝယ်ဖောက်ကားနေကြသည်။

"ငရုတ်သီးပို့ကုန်ဈေးကွက် ပြိုလဲနေပါတယ်။ ဈေးထက်ဝက်လောက်ကို ကျဆင်းနေတာပါ။ အရင်ကဆို ဒီအချိန် ငရုတ်သီးအမှည့်အစို တစ်ပိဿာကို ငွေကျပ် ၁၈၀၀ ရပါတယ်။ အခုက ဝယ်လက်ရှိနေသေးရင်ကို ကျေးဇူးတင်ရတဲ့ အနေအထားပါ။ ကျောက်ဆည်၊ ကူမဲဒေသတစ်ဝိုက်ရဲ့ ငရုတ်သီးဈေးကွက်အခြေအနေ ဖြစ်ပါတယ်။ ကူမဲ၊ ကျောက်ဆည်က ငရုတ်သီးတွေကို အအေးခန်းကားတွေနဲ့ ထည့်ပြီး တရုတ်ကို ပို့နေကျပါ။ အခုက ပြည်ပက မဝယ်တော့ဘူး။ တရုတ်နိုင်ငံဘက်မှာက ကိုဗစ်ရောဂါဖြစ်နေတော့ ငရုတ်သီးတင်ပို့တဲ့အခါ လူတွေရော၊ ကားတွေရော၊ ငရုတ်သီးတွေရော အစစ်အဆေးများတယ်။ စစ်ဆေးတာကို စောင့်ရင်းနဲ့ လမ်းခရီးမှာတင် နှစ်ရက်လောက်ကြာသွားတော့ ငရုတ်သီးတွေ ပျက်စီးကုန်တယ်။ အဲဒီလိုတွေ အဆင်မပြေတာကြောင့် တင်ပို့မှု ကျသွားတာပါ"ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိအခြေအနေတွင် မန္တလေးတိုင်းဒေသကြီး ငရုတ်သီးဈေးကွက်အတွင်း အခြောက်လှန်းရောင်းချရန်နှင့် ဈေးကောင်းရချိန်အထိ လှောင်ထားရန် ဝယ်ယူနေသည့် လှန်းသီးအဝယ် တချို့သာ ဝယ်လက်ရှိနေပြီး ဇူလိုင်နှင့် ဩဂုတ်လပိုင်းတို့တွင် စတင်စိုက်ပျိုးမည့် ငရုတ်ခင်းရှင်များမှာမူ ဈေးကွက်မသေချာမှုကြောင့် စိုက်ပျိုးရန် အခက်ကြုံတွေ့နေကြောင်း သိရသည်။

**နန်းထက်ထက်ချစ်**




## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၅ - ၅ - ၂၀၂၁

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၇၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၈၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၄၆၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၃၈၂၆၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၂၀ | ကျပ် | ၉၄၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၉၂၀ | ကျပ် | ၉၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၁၀၁၀ | ကျပ် | ၁၀၇၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၉၅ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၃၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ .၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၃၅၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၅ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၉၁၀၀ | ၁၆၂၆ | ၁၄၇၃၀၆၀၀ |
| MTSH | ၃၄၅၀ | ၃၄၅၀ | ၆၃၅ | ၂၁၉၀၇၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၂၄ | ၁၉၄၄၀၀ |
| FPB | ၁၉၅၀၀ | ၁၉၅၀၀ | ၁၂၉ | ၂၅၁၅၅၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၁၁ | ၂၉၇၀၀ |
| EFR | ၃၂၀၀ | ၃၂၀၀ | ၅ | ၁၆၀၀၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖွံ့ဖြိုးရေးနှင့် မဟာဓာတ်အားလိုင်းပြင်ပ ကျေးလက်မီးလင်းရေး

**– – – မယ်အိမ့်(ကျေးလက်) – – –**

**❀ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ကုန်အထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၆၀ ဒသမ ၃ ရာခိုင်နှုန်းကို ရေအားမှ လည်းကောင်း၊ ၃၅ ဒသမ ၆ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့မှ လည်းကောင်း၊ ကျန် ၄ ဒသမ ၁ ရာခိုင်နှုန်းကို ဆိုလာ၊ ကျောက်မီးသွေးနှင့်ဒီဇယ် စွမ်းအင်တို့မှ လည်းကောင်း ထုတ်ယူရရှိ**

ယနေ့ခေတ် ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးမှုညွှန်းကိန်းများတွင် လျှပ်စစ်ဓာတ်အားရရှိမှုသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပြီး လူသားတိုင်း လက်လှမ်းမီ ကောင်းမွန်သန့်ရှင်းသော ခေတ်မီစွမ်းအင်ရရှိရေးဟူသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်-၇ ပြည့်မီစေရေးမှာ ကမ္ဘာလုံးဆိုင်ရာဘုံရည်မှန်းချက်တစ်ခု ဖြစ်လာခဲ့သည်။ ခေတ်မီစွမ်းအင် ရရှိရေးဟုဆိုရာတွင် ကမ္ဘာကြီးပူနွေးလာမှု၊ ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှု တို့ကြောင့် သန့်ရှင်းသော စွမ်းအင်ရရှိရေး၊ စိမ်းလန်းသော ဝန်းကျင်ဖွံ့ဖြိုးရေးကို ဦးတည်ဆောင်ရွက်လာသည်နှင့်အမျှ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ဒီဇယ်ဆီစသည့် ကျောက်ဖြစ်ရုပ်ကြွင်း လောင်စာများကို သုံးစွဲခြင်းထက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် သုံးစွဲရေးကို ဦးစားပေးဆောင်ရွက်လာကြသည်။


သို့ဖြစ်ရာ မြန်မာနိုင်ငံသည်လည်း ကမ္ဘာ့နိုင်ငံများနည်းတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးကို အလေးပေးဆောင်ရွက်လျက်ရှိရာ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်ကုန်အထိ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၏ ၆၀ ဒသမ ၃ ရာခိုင်နှုန်းကို ရေအားမှ လည်းကောင်း၊ ၃၅ ဒသမ ၆ ရာခိုင်နှုန်းကို သဘာဝဓာတ်ငွေ့မှ လည်းကောင်း၊ ကျန် ၄ ဒသမ ၁ ရာခိုင်နှုန်းကို ဆိုလာ၊ ကျောက်မီးသွေးနှင့် ဒီဇယ် စွမ်းအင်တို့မှလည်းကောင်း ထုတ်ယူရရှိလျက်ရှိကြောင်း သိရသည်။ စစ်တမ်းများအရ ၂၀၂၅ ခုနှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြု လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ၁၂ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### ကျေးလက်မီးလင်းရေး

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် မဟာဓာတ်အားလိုင်း ပြင်ပဧရိယာအတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ကျေးလက်မီးလင်းရေးလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်မှ စတင်၍ ကျေးလက်မီးလင်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ဆိုလာ၊ အသေးစားရေအား၊ ဇီဝဒြပ်ထု စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြု၍ ကျေးရွာပေါင်း ၄၈၀၇ ရွာ လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး စုစုပေါင်းတပ်ဆင်စွမ်းအား ၃၀ မဂ္ဂါဝပ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ထို့ပြင် ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိရေး မျှော်မှန်းချက်ဖြင့် ကမ္ဘာ့ဘဏ်၏ နိုင်ငံတကာဖွံ့ဖြိုးရေးချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀ ရယူ၍ နိုင်ငံတော် ဘတ်ဂျက်၊ ပြည်သူ့ထည့်ဝင်ငွေတို့နှင့်အတူ အမျိုးသားလျှပ်စစ်ဓာတ်အား ရရှိရေးစီမံကိန်း၊ မဟာဓာတ်အားလိုင်းပြင်ပအစီအစဉ်ကို အိမ်သုံးဆိုလာ စနစ်၊ (၁) မဂ္ဂါဝပ်အောက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု အသေးစား ဓာတ်အားစနစ်များဖြင့် ၂၀၁၆-၂၀၁၇




ဆိုလာအသေးစားဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု။

ဘဏ္ဍာနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထိ အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၉၀၆၃ ရွာ၊ အိမ်ထောင်စုပေါင်း ၄၁၄၄၆၁ အိမ်၊ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်း နှင့် လမ်းမီးစသည့် အများသုံး ဆိုလာစနစ်ပေါင်း ၅၉၈၀၇ စုံ၊ ဆိုလာ၊ ရေအားနှင့် စပါးခွံလောင်စာသုံး အသေးစားဓာတ်အားစနစ်များဖြင့် စီမံကိန်းလုပ်ငန်း ၉၉ခု၊ ကျေးရွာပေါင်း ၁၁၉ရွာ၊ အိမ်ထောင် စုပေါင်း ၃၀၀၈၅ အိမ်ခန့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တပ်ဆင်စွမ်းအား ၄၃ ဒသမ ၉၅၆ မဂ္ဂါဝပ်အထိ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာတွင် ကမ္ဘာ့ဘဏ်ချေးငွေ၊ နိုင်ငံတော်ဘတ်ဂျက်နှင့် ပြည်သူ့အချိုးကျ ထည့်ဝင်ငွေများအပြင် အီတလီအစိုးရ၏ အတိုးမဲ့ ချေးငွေ ယူရိုသန်း ၃၀၊ ဂျာမန်ဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေ ယူရို ၉ သန်း၊ ဂျာမန်နိုင်ငံတကာ ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)နှင့် နယူးဇီလန်အစိုးရတို့ ပူးပေါင်းထည့်ဝင်သည့် နည်းပညာ အကူအညီပေးရေး ထောက်ပံ့ငွေ ယူရို ၄ ဒသမ ၈၇ သန်း စသည်တို့လည်း ပါဝင်သည်ဟု ဆိုသည်။

### ရာနှုန်းပြည့်ထောက်ပံ့ပေး

ကျေးလက်မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူ့အချိုးကျထည့်ဝင်ငွေ ထည့်ဝင်စေရခြင်းမှာ ကျေးလက်နေပြည်သူများအနေဖြင့် ကိုယ်တိုင်ဝယ်ယူပိုင်ဆိုင်ခြင်းဟူသော Ownership Mindset ရရှိစေဖို့အတွက် ရည်ရွယ်ကြောင်း သိရသည်။ အိမ်သုံးဆိုလာစနစ်တွင် ပြည်သူ့ထည့်ဝင်ငွေအနေဖြင့် ပစ္စည်းတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းခန့်အထိ ထည့်ဝင်ရကြောင်း သိရှိရပြီး စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်း နှင့် လမ်းမီး စသည့် အများသုံးဆိုလာစနစ်များကိုမူ စီမံကိန်းရန်ပုံငွေကနေ ရာနှုန်းပြည့်ထောက်ပံ့ပေး သည်ကို တွေ့ရှိရသည်။


ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြု အသေးစားဓာတ်အားပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်မူ Public-Private-People Partnership (4Ps) စနစ် ဖွံ့ဖြိုးစေရေးကို ရည်ရွယ်၍ ကျေးရွာနေပြည်သူနှင့် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်ကို စီမံကိန်းကုန်ကျငွေ၏ ၂၀ ရာခိုင်နှုန်းစီ ထည့်ဝင်စေပြီး ကျန် ၆၀ ရာခိုင်နှုန်းကို စီမံကိန်းရန်ပုံငွေမှ ထောက်ပံ့ပေးခြင်းဖြစ်သည်။ အသေးစားဓာတ်အားပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မဟာဓာတ်အားလိုင်း ရောက်ရှိလာပါက အလွယ်တကူချိတ်ဆက် ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မဟာဓာတ်အားလိုင်း တည်ဆောက်ရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ Grid Ready Standard ဖြင့် တည်ဆောက်ထားရှိခြင်းဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိတွင် လျှပ်စစ်ဓာတ်အားရရှိလွှမ်းခြုံနိုင်မှု ရာခိုင်နှုန်းအနေဖြင့် မဟာဓာတ်အားလိုင်း ပြင်ပဧရိယာ၏ ၃၅ ရာခိုင်နှုန်းခန့်ရှိပြီး လူဦးရေ ၂ ဒသမ ၂၂ သန်းခန့် အကျိုးပြုနိုင်ခဲ့ကာ စွမ်းအင်ကဏ္ဍစီမံခန့်ခွဲမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့ (ESMAP) ၏ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်ရရှိမှုအဆင့် သတ်မှတ်ချက်များ (Tier–0~5)အရ စွမ်းအင်ရရှိမှုအဆင့် Tier–1 မှ Tier–4 အထိ ဖြည့်ဆည်းပေးနိုင်လျက်ရှိကြောင်း တွေ့ရသည်။

ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း အိမ်သုံးဆိုလာစနစ်ဖြင့် ကျေးရွာပေါင်း ၇၅၇ ရွာ၊ အိမ်ခြေ ၄၈၉၇၄ အိမ်၊ အများသုံးဆိုလာစနစ် ၄၇၀၄ စုံနှင့် ဆိုလာအသေးစားဓာတ်အားစနစ် စီမံကိန်းလုပ်ငန်း ၁၇ ခု လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### အဓိကကျသောအခန်းကဏ္ဍ

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးရေးတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြု ကျေးလက်မီးလင်းရေးလုပ်ငန်းများသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်အားဖြည့်လျက်ရှိသည်ကို အားတက်ဖွယ်တွေ့မြင်နေရပါကြောင်း…။ ။




စွမ်းအင်ရရှိမှုအဆင့်။




မဟာဓာတ်အားလိုင်းပြင်ပဧရိယာအတွင်း လွှမ်းခြုံနိုင်မှု ရာခိုင်နှုန်း။



ဆိုလာအသေးစား ဓာတ်အားစနစ်ဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု။

## မွန်ပြည်နယ် စက်မှုစီးပွားလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မော်လမြိုင် မေ ၅**

မွန်ပြည်နယ် စက်မှုစီးပွားလုပ်ငန်းများ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

### ပြည်သူအကျိုးစီးပွား အဓိကထား

အစည်းအဝေးတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းက "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေပြီးတော့ မူဝါဒ(၅)ရပ် ချမှတ်ပြီး ဆောင်ရွက်တဲ့အခါမှာ မူဝါဒ (၅) ရပ်ထဲမှာပါတဲ့အတိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးလုပ်ငန်းတွေ ထိခိုက်ပြီး ရပ်တန့်နေတဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ဦးမော့လာစေဖို့နဲ့ စနစ်တကျ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ဖို့အတွက် ရည်မှန်းချက်တစ်ရပ်အနေနဲ့ ထည့်ပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အနေအထားတွေဖြစ်ပါတယ်။ စီးပွားရေးလုပ်ငန်းတွေ ပြန်လည်ဦးမော့လာဖို့ ဆောင်ရွက်တဲ့အခါမှာ ဒီမှာရှိတဲ့ စွန့်ဦးတီထွင် စက်မှုလုပ်ငန်းရှင်တွေ အနေနဲ့လည်း အစိုးရနဲ့ ပူးပေါင်းပြီး လိုအပ်တာတွေကို မြန်မြန်ဆန်ဆန်နဲ့ ဆောင်ရွက်နိုင်ဖို့အတွက် အဓိကထားပြီး ဒီအစည်းအဝေးကို ခေါ်ယူလိုက်တာ ဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားကို အဓိကထားပြီး ဆောင်ရွက်ပေးဖို့အတွက်ကိုလည်း ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အဓိကထားပြီး မှာကြားလိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် မော်လမြိုင်စက်မှုဇုန် ကြီးကြပ်ရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ပြည်နယ်စက်မှု ကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ညိုက မော်လမြိုင်စက်မှုဇုန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

### လုပ်ငန်းဆောင်ရွက်မှု တင်ပြ

ယင်းနောက် Southern Myanmar Development Co., Ltd မှ ဦးစိန်ဝမ်းနှင့် Mon Petrol Co., Ltd မှ ဦးမြင့်တင်တို့က မိမိတို့လုပ်ဆောင်လျက်ရှိသည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော စက်မှုစီးပွားလုပ်ငန်းရှင်များက စက်မှုဇုန်တွင် လိုအပ်လျက်ရှိသော ရေ၊ လျှပ်စစ်မီးနှင့် လမ်းအခြေအနေတို့ကို တင်ပြရာ တင်ပြချက်များအပေါ် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ ကောင်စီဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းဆွေးနွေးပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





## မြို့ပြနှင့်ကျေးလက်ကွာဟမှု လျော့နည်းစေရေး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်ရန် လိုအပ်

**ပဲခူး မေ ၅**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းဝေးခန်းမ၌ ယမန်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြခြင်း အခမ်းအနား ကျင်းပသည်။ **(အပေါ်ပုံ)**

### ရေရရှိမည့် နည်းလမ်းများ

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက မြို့ပြနှင့် ကျေးလက်ကွာဟမှု လျော့နည်းစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်အတူ ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့သည် အလွန်အရေးကြီးကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးခြင်း၊ ရေရရှိရေး ဆောင်ရွက်ပေးခြင်း၊ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ပေးခြင်း၊ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးခြင်း၊ စိုက်ပျိုးရေးအပြင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ဒေသတွင်းဆန်ဖူလုံမှုရှိသော်လည်း တောင်သူများအတွက် အကျိုးရှိသည့် နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေရရှိနိုင်မည့်နေရာများ ရှာဖွေတင်ပြပေးရန်၊ စားသုံးဆီဖူလုံမှုသည် ၆၂ ရာခိုင်နှုန်းသာရှိ၍ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေးခြင်းလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများအတွက် အကျိုးရှိပြီး ဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်လှစ်သင်ကြားပေးရန်တို့ကို ပြောကြားသည်။

### လျှပ်စစ်မီး ရရှိရေးတင်ပြ

ထို့နောက် တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးသိန်းက ကျေးရွာအလိုက် လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေး၊ ကျေးလက် လမ်း/တံတား၊ မြစိမ်းရောင်စီမံကိန်း၊ ကျေးရွာ မတည်ရန်ပုံငွေစီမံကိန်း၊ စွမ်းရည်မြှင့်တင်ရေးသင်တန်းနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တင်ပြရာ ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အကြံပြုဆွေးနွေးတင်ပြရာ တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြစ်ကြီးနားတက္ကသိုလ် ကောလိပ်များအား သွားရောက်ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား မေ ၅**

ပြန်လည်ဖွင့်လှစ်၍ သင်ကြားရေးလုပ်ငန်းများ စတင်ဆောင်ရွက်တော့မည့် မြစ်ကြီးနားမြို့ရှိ တက္ကသိုလ် ကောလိပ်များအတွင်း ပြင်ဆင်ဆောင်ရွက်ထားမှုများနှင့် ပတ်သက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်နှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များက ယမန်နေ့က စစ်ဆေးခဲ့ပြီး သင်ကြားရေးလုပ်ငန်းတာဝန်ရှိသူများအား တွေ့ဆုံသည်။ **(ယာပုံ)**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ပြည်နယ်ကောင်စီ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ရှိ ပညာရေးဒီဂရီကောလိပ်ကျောင်း၊ ဉာဏစစ်သည်ခန်းမ၌ ပညာရေးကောလိပ်ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ယခုလို အခက်အခဲကာလအတွင်း မိမိတို့ သားသမီးများအတွက် ပညာသင်ကြားနိုင်ရေးကို အလေးထား လုပ်ဆောင်ပေးကြမည့်



ဆရာ ဆရာမများအား မိမိတို့ကောင်စီအနေဖြင့် အသိအမှတ်ပြုဂုဏ်ယူကြောင်း၊ မိမိတို့၏ သားသမီးများ ပညာသင်ကြားမှု နောက်ကျမှုမရှိအောင် ဆောင်ရွက်ရေးကို ဂရုပြုဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် မိမိတို့ကောင်စီအနေဖြင့် ပညာသင်ကြားရေးလုပ်ငန်းအတွက် လိုအပ်သည်များကို အပြည့်အဝပံ့ပိုး ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပညာရေးဒီဂရီကောလိပ်အတွင်း သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်သွားရန် စီစဉ် ဆောင်ရွက်ထားသည့် စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရွှေအိုက်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ်၌ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ကထိက ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ဒုတိယပါမောက္ခချုပ်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ကောင်စီအဖွဲ့ဝင်များအား ကျောင်းဆိုင်ရာ အချက်အလက်များ၊ သင်ကြားရေးဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက အားပေးအမှာစကား ပြောကြားကာ စာသင်ဆောင်များ ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ရှမ်းစုတောင်ရပ်ကွက်ရှိ ကွန်ပျူတာတက္ကသိုလ်သို့ သွားရောက်ပြီး ပါမောက္ခချုပ်၊ ကထိက ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အမှာစကား ပြောကြားကာ တက္ကသိုလ်အတွင်း သင်ကြားရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားသည့် ကွန်ပျူတာသင်တန်းခန်းမနှင့် စာသင်ခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် မြစ်ကြီးနားတက္ကသိုလ် ခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကထိကဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မြစ်ကြီးနားတက္ကသိုလ်မှ နောက်ဆုံးနှစ်သင်တန်းများ၊ ပဉ္စမနှစ်ဥပဒေသင်တန်း၊ ဂုဏ်ထူးတန်းနောက်ဆုံးနှစ် သင်တန်း၊ မဟာအရည်အချင်း စစ်သင်တန်း၊ မဟာသိပ္ပံ/ ဝိဇ္ဇာပထမနှစ် (ဒုတိယနှစ်ဝက်) သင်တန်းဖွင့်လှစ်သင်ကြားမည့် လုပ်ငန်းများကို စာမေးပွဲပြီးဆုံးသည်အထိ သင်ကြားပို့ချပေးနိုင်ရေး၊ လိုအပ်သည်များကို ကူညီဆောင်ရွက် ပေးမည်ဖြစ်ကြောင်း တိုက်တွန်း မှာကြားသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး ကျင်းပ

**စစ်တွေ မေ ၅**

ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၁)ကြိမ်မြောက်အစည်းအဝေးကို ယမန်နေ့က ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက မိမိတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို အဓိကထားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ စီးပွားရေးဦးတည်ချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးအချက်ပါဝင်သည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်ရန် အဓိကကျသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကဏ္ဍကိုတိုးမြှင့်ပြီး ဝင်ရောက် လာစေရန်အတွက် ခွင့်ပြုမိန့်များကို သေသေ ချာချာ စိစစ်ကာ ခွင့်ပြုနိုင်ရန်အတွက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြန်လည်ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရေးနှင့် စိစစ်ခွင့်ပြုပေးရေးဆိုင်ရာ လုပ်ငန်းများကို အထူးဦးစားပေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများစွာရှိကြောင်း၊ ထို့ကြောင့် ဒေသအတွက် အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်လာအောင် ဖိတ်ခေါ်ကာ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့အတူ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်မှု မဖြစ်ပေါ်စေရန်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများဖြစ်အောင် ထိန်းသိမ်းဆောင်ရွက်ရန် အရေးကြီးကြောင်း၊ ခွင့်ပြုပေးထားပြီးဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့မှုရှိစေရေးနှင့် စည်းကမ်းတကျ လိုက်နာဆောင်ရွက်နိုင်ရေး တို့အတွက်လည်း ဥပဒေနှင့်အညီ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန် လိုကြောင်းနှင့် ရခိုင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်အားလုံးအနေဖြင့်လည်း မိမိတို့ပြည်နယ်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန်အတွက် တတ်စွမ်းသမျှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာထူးမင်းသိမ်းက ရခိုင်ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ကော်မတီ၏ လုပ်ငန်းစဉ်များအပေါ် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့က ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပြန်လည်ညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တင်ထွန်း( ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း သောက်သုံးရေရှားပါးပြတ်လပ်နေသည့် ကျေးရွာရှစ်ရွာကို ရေဖြန့်ဝေပေးနေ

**မန္တလေး မေ ၅**

ယခုနှစ် မန္တလေးတိုင်းဒေသကြီးအတွင်း၌ နွေရာသီကာလတွင် ကျေးရွာများ၌ သောက်သုံးရေ ရှားပါးပြတ်လပ်နိုင်သော ကျေးရွာ ၇၀ ခန့်မှန်းထားပြီး သောက်ရေပြတ်လပ်နေသည့် ကျေးရွာရှစ်ရွာကို စတင်ပေးဝေနေပြီဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးသန်းက ပြောကြားသည်။

ယခုနှစ်တွင်လည်း ရာသီဥတုအခြေအနေအရ နွေရာသီကာလတွင် ရေရှားပါးပြတ်လပ်နိုင်သည့်ကျေးရွာများ စာရင်းပြုစုရာတွင် ခန့်မှန်း ကျေးရွာ ၇၀ သတ်မှတ်ထားပြီး ယင်းခန့်မှန်းထားသည့် ကျေးရွာများအနက် လက်ရှိအချိန်တွင် ရေပြတ်လပ်သည့် ကျေးရွာရှစ်ရွာကို ပေးဝေနေပြီဖြစ်ကြောင်း၊ ယင်းကျေးရွာများမှာ မြစ်သားမြို့နယ်တွင် သုံးရွာ၊ ပျော်ဘွယ်မြို့နယ်တွင် နှစ်ရွာ၊ ညောင်ဦးမြို့နယ်တွင် နှစ်ရွာ၊ ရမည်းသင်းမြို့နယ်တွင် တစ်ရွာ စုစုပေါင်း ရှစ်ရွာရှိ ကျေးလက်နေပြည်သူများ နွေရာသီရေရှားပါးပြတ်လပ်မှု မရှိစေရန်အတွက် ပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

“နွေရာသီ ရေရှားပါးပြတ်လပ်နိုင်တဲ့ ကျေးရွာတွေကို စာရင်းပြုစုပြီး အဲဒီရွာတွေကို ကွင်းဆင်းဆောင်ရွက်တဲ့အခါ အနီးဆုံးမှာရှိတဲ့ ရေအရင်းမြစ်ကနေ လွယ်ကူစွာဆောင်ရွက်ပေးနိုင်ဖို့ ပြုလုပ်ထားပါတယ်။ အဲဒီရွာတွေထဲက ပြည်သူတွေ သောက်သုံးရေပြတ်လပ်မှုကို ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့အတွက် မြို့နယ်ရုံးတွေက ကျေးရွာတွေကို ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေ ဖြန့်ဝေထားပါတယ်။ သောက်သုံးရေရှားပါးမှုဖြစ်ပေါ်ပါက ဆက်သွယ်ပြီးတော့ အကြောင်းကြားနိုင်ပါတယ်။ အခုဆိုရင် ကျေးရွာရှစ်ရွာကိုတော့ ပေးဝေနေပါပြီ။ ရေပြတ်လပ်တဲ့ရွာတွေကို အချိန်မီသွားရောက်ဖြန့်ဝေပေးနိုင်ဖို့အတွက် ဆီတွေကိုလည်း အဆင်သင့် ပြင်ဆင်ထားရှိပါတယ်။ ရေရရှိအောင်လုပ်ဆောင်ပေးတဲ့အခါမှာလည်း မြို့နယ်စည်ပင်၊ CSO၊ NGO အဖွဲ့တွေ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်” ဟု ၎င်းက ရှင်းပြသည်။

ယခုနှစ်တွင် နွေရာသီ ရေရှားပါးပြတ်လပ်နိုင်မည့် အိမ်ခြေ ၁၀၀၀၀ ကျော်ရှိ လူဦးရေ ၅၃၀၀၀ ကျော်တို့အတွက် ရေရှားပါးမှုများ မရှိစေရန် ကျေးလက်နေပြည်သူများအတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချောင်းဆုံ၌ မွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်

**ချောင်းဆုံ မေ ၅**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများတစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်ပြေစေရေးအတွက် ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက အဆိုပါ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် မွေးမြူရေးပညာပေးသင်တန်း ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းတွင် ဝက်မွေးမြူရေးနှင့်ပတ်သက်ပြီး ကောင်းမွန်သော ဝက်မွေးမြူရေးနည်းလမ်း၊ အာဖရိကဝက် အပြင်းဖျားရောဂါအကြောင်း၊ ဝက်ဝမ်းကျရောဂါ၊ ဝက်တွင်ဖြစ်ပွားတတ်သော သန်လုံးကောင်အကြောင်းအရာများကို မြို့နယ်အတွင်းရှိ(မရမ်း၊ ကွမ်သဲ၊ ကုလားဘီ၊ တိုးချဲ့) ရပ်ကွက်/ကျေးရွာရှိ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ သင်တန်းသား ၂၀ အား စာတွေ့/လက်တွေ့ဖြင့် (မွေး/ကု)ဦးစီးမှူး ဒေါက်တာနွဲ့နွဲ့ရီနှင့် ဒေါက်တာအေးမင်းတို့က သင်တန်းပို့ချပေးမည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အားကစားသင်တန်းများဖွင့်လှစ်

**ရန်ကုန် မေ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်လှစ်လျက်ရှိရာ ပြင်ဦးလွင်ခရိုင် အားကစားနှင့်ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံ အားကစားသင်တန်းများကို မေ ၂ ရက်က ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ ဖူဆယ်၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ကြက်တောင်၊ တင်းနစ်၊ ရိုးရာလက်ဝှေ့၊ ဂျူဒို၊ သိုင်း၊ Physical Fitness Dance၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘော စသည့်အားကစားနည်းများကို မေ ၂ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့အတူ ၂၀၂၁ ခုနှစ် ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဘောလုံး၊ ဘော်လီဘော၊ ဂျူဒို၊ ရေကူး၊ ဖူဆယ်၊ တင်းနစ်သင်တန်းများကို မေ ၅ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မြန်မာ့ရိုးရာအခြေခံ သိုင်း၊ ဘတ်စကက်ဘော၊ Physical Fitness Dance၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်အားကစားနည်းများကို မေ ၁ ရက်မှစ၍ မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ သင်တန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

**အာကာလင်း**

# တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

**တိုက်ကြီး မေ ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးသည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၃ ရက်က တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ ရန်ကုန်မြောက်ပိုင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဘသိန်းက အမှာစကားပြောကြားပြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သီတာလင်းက သင်ကြားဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းတွင် သင်ကြားပို့ချပေးမည့် သင်တန်းနည်းပြ ဒေါ်သီသီမာက သင်တန်းတွင် ပို့ချမည့် အခြေခံစက်ချုပ်နည်း ဘာသာရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အဆိုပါ သင်တန်းကို တိုက်ကြီးမြို့နယ် လိမ္မော်ခြံကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုးရွာမှ သင်တန်းသူ ၃၀ တက်ရောက်ကြရာ သင်တန်းကို စာတွေ့လက်တွေ့ ၄၅ ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**စိုးမိုးကျော်**

# (၇၅) နှစ်မြောက်မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မြင်းခြံ**

မြင်းခြံခရိုင် မီးသတ်တပ်ဖွဲ့ဝင်များက (၇၅)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မေ ၄ ရက်က မြင်းခြံမြို့ပေါ် ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့တွင် သန့်ရှင်းရေးပြုလုပ်ကြပြီး လုပ်အားဒါနပြုကြကြောင်း ခရိုင်မီးသတ်ထံမှ သိရသည်။

အလားတူ မြို့နယ်မီးသတ်စခန်းမှ ဦးစီးအရာရှိ ဦးဆောင်ပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုများပူးပေါင်း၍ ရန်အောင်မြင်ဘုရားကြီးကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ကြကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

**လပွတ္တာ**

(၇၅)နှစ်မြောက် စိန်ရတုမြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်းအဖြစ် မေ ၄ ရက်က လပွတ္တာမြို့နယ် သကျံာမာရဇိန် ဆုတောင်းပြည့်ဘုရားကြီး၌ ခရိုင်မီးသတ်လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မျိုးမြင့် ဦးဆောင်၍ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားရင်ပြင်တော်သန့်ရှင်းခြင်းလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ခြင်းနှင့် လပွတ္တာမြို့ပေါ်ရှိ အထက(၂)ကျောင်း အတွင်းအပြင် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အနာဂတ်ဘဝတွေ မပျောက်ရှရအောင်

*ထွန်းထွန်း(ခရေရိပ်)*

**နှစ်စဉ် ဇွန်လကိုရောက်ပြီဆိုရင် ဝသန်မိုးရဲ့ ကြိုဆိုနှုတ်ဆက်မှုနဲ့အတူ စာသင်နှစ်တစ်နှစ် စတင်ပါတော့တယ်။ “ ပန်းကလေးများ ပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်း” အစရှိတဲ့ ကဗျာရွတ်ဆိုသံ၊ စာအံသံ၊ ကျောင်းတက်ခေါင်းလောင်းသံတို့ဟာ နွေရာသီကာလအတွင်း သွေ့ခြောက်နေခဲ့ရတဲ့ ကျောင်းတွေကို ပြန်လည်သက်ဝင် စိုပြည်စေမြဲ ဖြစ်ပါတယ်။**

ပြီးခဲ့တဲ့နှစ်က ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စာသင်ကျောင်းတွေကို ပိတ်ထားခဲ့ရပြီး ကျောင်းသား ကျောင်းသူတွေဟာ ပညာသင်နှစ်တစ်နှစ်တာကို အိမ်မှာနေရင်း အချိန်တွေ အလဟဿကုန်ဆုံးခဲ့ရပါတယ်။ နာရီ၊ မိနစ်၊ စက္ကန့်တွေ နဲ့ ဖွဲ့စည်းထားတဲ့ အချိန်တွေဟာ ဘဝတွေဖြစ်တာမို့ နိုင်ငံတော်အနေနဲ့ရော ကျောင်းသား ကျောင်းသူတွေ၊ မိဘတွေပါ ထိခိုက်နစ်နာခဲ့ရတဲ့အတွက် နိုင်ငံတော်အစိုးရက ယခုနှစ်မှာ ကျောင်းတွေကို ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး အားထုတ်ကြိုးပမ်းလျက်ရှိပါတယ်။

**ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပညာရေးကဏ္ဍဟာ နိမ့်ကျနေသေးတာကြောင့် ကျောင်းသား ကျောင်းသူ၊ လူငယ်တွေဟာ တွေးခေါ်ဆင်ခြင်နိုင်မှု (Critical Thinking) အားနည်းနေတတ်ပြီး အလုပ်အကိုင် အခွင့်အလမ်းနဲ့ ဘဝရည်မှန်းချက်တွေဟာ ဝေဝါးနေမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးနှောင့်နှေးခြင်းဟာ နိုင်ငံအနာဂတ်တိုးတက်မှု နှေးကွေးခြင်းပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် မောင်ကျောင်းသားတို့ စာသင်နှစ်တစ်နှစ် ကုန်ဆုံးခဲ့ရပြီးပါပြီ**

### ကျောင်းတွေ ပြန်လည် ဖွင့်လှစ်

တစ်ဖက်မှာလည်း ကမ္ဘာ့နိုင်ငံအများစုမှာ မျိုးဗီဇပြောင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုနှုန်း မြင့်တက်နေတဲ့အချိန်ဖြစ်တာကြောင့် ကူးစက်မှုအန္တရာယ်ကနေ ကာကွယ်တားဆီးနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်တွေနဲ့အညီ ကျောင်းတွေ ပြန်လည်ဖွင့်လှစ်သွားမှာဖြစ်တယ်လို့လည်း နိုင်ငံတော်အစိုးရက ပြောကြားထားပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်တွေက ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် ဖွင့်လှစ်ခဲ့တဲ့ နောက်ဆုံးနှစ်သင်တန်းတွေ၊ မဟာဘွဲ့(ရေး၊ ဖြေ) သင်တန်းတွေ၊ သက်မွေးပညာကျောင်းတွေက A.G.T.I သုံးနှစ်ဒီပလိုမာသင်တန်းတွေရဲ့ နောက်ဆုံးနှစ် အတန်းတွေနဲ့ အစိုးရနည်းပညာအထက်တန်းကျောင်းတွေရဲ့ နောက်ဆုံးနှစ်သင်တန်းတွေကို မေ ၅ ရက်မှာ ပြန်လည်ဖွင့်လှစ်တော့မယ်လို့ သတင်းထုတ်ပြန်ထားတာ တွေ့ရပါတယ်။

### အခမဲ့ ထောက်ပံ့သွားမယ်

အခြေခံပညာကျောင်းတွေကိုတော့ ဇွန်လ ၁ ရက်မှာ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်တော့မှာဖြစ်တဲ့အတွက် မေလ ၂၄ ရက်မှ ၃၁ ရက်အထိကို ကျောင်းအပ်နှံရေး ရက်သတ္တပတ်အဖြစ် သတ်မှတ်ထားပြီး ကျောင်းအပ်နှံရာမှာ အခကြေးငွေမကောက်ခံဘဲ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် Mask နဲ့ Face Shield တွေကို အခမဲ့ ထောက်ပံ့သွားမယ်လို့လည်း သိရပါတယ်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာမှာ ပညာရေးကဏ္ဍဟာ အရေးတကြီး ဦးစားပေးတည်ဆောက်ရမယ့်ကဏ္ဍဖြစ်တာကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့လို့လည်း ပညာရေးဝန်ကြီးဌာနက တိုက်တွန်းနှိုးဆော်နေပါတယ်။

ပညာဆိုတာ ဉာဏစွမ်းရည်၊ အတတ်ပညာစွမ်းရည်၊ တွေးခေါ်မြော်မြင်နိုင်စွမ်း၊ ဆင်ခြင်စဉ်းစားနိုင်စွမ်း၊ အကြောင်းအကျိုး အကောင်းအဆိုးကို ဝေဖန်ပိုင်းခြားနိုင်စွမ်းတွေနဲ့ ပေါင်းစုထားတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပညာရေးဆိုတာဟာ စိတ်ကူးတွေ၊ စွမ်းဆောင်ရည်တွေ၊ ကိုယ်ကျင့်တရားတွေကို သင်ကြားပေးခြင်းဖြစ်ပါတယ်။

**ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပညာရေးကဏ္ဍဟာ နိမ့်ကျနေသေးတာကြောင့် ကျောင်းသား ကျောင်းသူ၊ လူငယ်တွေဟာ တွေးခေါ်ဆင်ခြင်နိုင်မှု (Critical Thinking) အားနည်းနေတတ်ပြီး အလုပ်အကိုင် အခွင့်အလမ်းနဲ့ ဘဝရည်မှန်းချက်တွေဟာ ဝေဝါးနေမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေး နှောင့်နှေးခြင်းဟာ နိုင်ငံအနာဂတ်တိုးတက်မှု နှေးကွေးခြင်းပဲ ဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကြောင့် မောင်ကျောင်းသားတို့ စာသင်နှစ်တစ်နှစ် ကုန်ဆုံးခဲ့ရပြီးပါပြီ။**

ပညာရေးနဲ့ ပတ်သက်ရင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတိုင်းက ပညာရေးကဏ္ဍကို အပြည့်အဝ အားပေးဆောင်ရွက်လျက်ရှိတာကို လေ့လာတွေ့ရှိရပါတယ်။ တိုင်းပြည်တစ်ခုရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ ပညာရေးကို အခြေခံတဲ့အတွက် ကျောင်းသား ကျောင်းသူတွေဟာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်အရေးပါတဲ့ လူသားအရင်းအမြစ်တွေလည်း ဖြစ်ပါတယ်။ ဒါကြောင့် ၂၁ ရာစု ပညာခေတ်မှာ ဂိမ်းတွေ၊ YouTube တွေ၊ တန်ဖိုးမရှိတဲ့ အရာတွေနဲ့ အချိန်တွေ မကုန်ဆုံးသွားဖို့ လိုပါတယ်။

### ပညာရေးကွာဟချက် မြင့်မား

ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ ချမ်းသာကြွယ်ဝတဲ့ နိုင်ငံတွေကို နှိုင်းယှဉ်ကြည့်တဲ့အခါ ပညာရေးကွာဟချက် မြင့်မားတာကို တွေ့ရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ ကောင်းမွန်တဲ့ ပညာရေးစနစ် အခြေခံအုတ်မြစ်ကြောင့် လူတစ်ဦးချင်းစီမှာ အလုပ်အကိုင် အခွင့်အလမ်းကောင်းတွေ ဖန်တီးပေးနိုင်ပြီး လုပ်ခလစာမြင့်မားတာ၊ ဝင်ငွေတိုးတက်ရရှိတာတွေကြောင့် လူနေမှုဘဝတွေ အဆင့်မြင့်ကြတာကို တွေ့ရပါတယ်။

ပညာတတ်တွေနဲ့ တည်ဆောက်ထားတဲ့ တိုင်းပြည်ဟာ ဆင်းရဲချမ်းသာလူတန်းစား ကွာဟချက်နည်းပြီး တန်းတူညီမျှမှု၊ လူ့အခွင့်အရေးတွေကို အပြည့်အဝရရှိကြတဲ့အတွက် လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုရှိတဲ့ဘဝတွေကို ပိုင်ဆိုင်ကြရမှာ ဖြစ်ပါတယ်။ ဘဝအာမခံချက် အပြည့်အဝပေးနိုင်တဲ့ လူနေမှုဘဝပုံစံ၊ အရည်အသွေးကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေကိုလည်း အကျိုးဆက်အဖြစ် လက်ခံရရှိကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံသားတစ်ဦးချင်းစီအတွက်သာမက နိုင်ငံအတွက် ပညာရေးဟာ အဓိကဖြစ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ပညာဆိုတာ ဝိဇ္ဇာဆိုတဲ့ အသိပညာနဲ့ သိပ္ပံဆိုတဲ့ အတတ်ပညာတို့ကို ပေါင်းစပ်ထားခြင်းဖြစ်ပါတယ်။ ပညာအားနည်းတဲ့အခါ ဘဝမှာကြုံတွေ့ရမယ့် အကျိုးတရားတွေကို အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့ မှာ “ဝိဇ္ဇာသိပ္ပ၊ လူ့ကိစ္စကို ငယ်ကမသင်၊ ပျော်ပါး လွင်မူ၊ အကြင်သူအား စကားချေတင်၊ သဘင်မပြွ၊ ခံတွင်းမဲ့သို့၊ ချို့တဲ့ပညာ၊ ညှိုးမျက်နှာနှင့် ရှုံ့ရှာလန့်ထိတ် အသံဆိတ်၏” လို့ ရေးဖွဲ့ခဲ့ပါတယ်။

ဘဝတစ်ခုမှာ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာလို့ ဆိုကြပါတယ်။ ပထမအရွယ် ပညာရှာချိန်မှာ ပညာမရှာခဲ့မိရင် ဘဝခရီးလမ်းကို လျှောက်လှမ်းရာမှာ ခက်ခဲပင်ပန်းမှာဖြစ်ပါတယ်။ တကယ်တော့ ပထမအရွယ် ပညာရှာချိန်ဆိုတာ အသက်အရွယ်အားဖြင့် ငယ်နုပြီး တွေးခေါ်မြော်မြင်နိုင်စွမ်းကလည်း နည်းနေသေးတာကြောင့် ကိုယ်ဖြစ်ချင်တဲ့ ဝါသနာ၊ ဘဝရည်မှန်းချက်၊ ပန်းတိုင်တွေက မကွဲပြားသေးပါဘူး။ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုတွေကိုလိုက်ပြီး ကျောင်းသား ကျောင်းသူ၊ လူငယ်တွေရဲ့စိတ်က လိုက်ပါပြောင်းလဲတတ်တာကလည်း သဘာဝပဲမို့ အပြစ်ဆိုစရာ မဟုတ်ပါဘူး။

အဲဒီလိုအရွယ်မှာ မိဘတွေက မိမိတို့သားသမီးတွေကို ဘဝလမ်းကြောင်းဖြောင့်တန်းအောင်၊ တွေးခေါ်မှုတွေ လမ်းကြောင်းမလွဲစေဖို့ ထိန်းမတ်ပေးရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့ အရာတွေကိုသာ ဆုံးဖြတ်လုပ်ကိုင်တတ်အောင် ပဲ့ပြင်ဆုံးမရမှာ ဖြစ်ပါတယ်။

### အနာဂတ်ဘဝတွေ မပျောက်ရှရအောင်

ကျောင်းသား ကျောင်းသူ လူငယ်တို့ရဲ့ နုပျိုလန်းဆန်းတက်ကြွတဲ့ အားမာန်တွေ၊ ထက်သန်ပြင်းပြတဲ့လုံ့လတွေကို ရည်ရွယ်ချက်မှန်မှန်နဲ့ အသုံးချတတ်ဖို့က ငြိမ်းချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ဖို့လိုပါတယ်။ ငယ်ရွယ်တဲ့၊ ဖြူစင်နုနယ်တဲ့၊ ဘာအရောင်မှ အစွန်းအထင်းမရှိသေးတဲ့ ပညာသင်ရမယ့်အရွယ် လူငယ်တွေဟာ ပညာရေးတစ်ပိုင်းတစ်စနဲ့ အယူအဆတွေ လွဲမှားပြီး အနာဂတ်ဘဝတွေ မပျောက်ရှရအောင် မိဘနဲ့ဆရာတို့က ဘေးရန်ဆီးကာကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

ပညာပြည့်ဝမှသာ ကောင်းဆိုးနှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်ကြမှာ ဖြစ်တဲ့အတွက် မှန်မှန်ကန်ကန် ပျိုးထောင်နိုင်ဖို့၊ အသိအမြင်တွေ ကျယ်ပြန့်လာအောင်၊ ပိုမိုစည်းကမ်းကျနတဲ့ ဘဝတစ်ခုကို တည်ဆောက်လာနိုင်အောင် မိဘတွေအနေနဲ့လည်း မိမိတို့ရင်သွေးငယ်တွေကို ကျောင်းအပ်နှံကြဖို့၊ စာသင်ခန်းတွေဆီ ပို့ဆောင်ကြဖို့ တိုက်တွန်းလိုပါတယ်။ ။

**ဘဝတစ်ခုမှာ ပထမအရွယ် ပညာရှာ၊ ဒုတိယအရွယ် ဥစ္စာရှာ၊ တတိယအရွယ် တရားရှာလို့ ဆိုကြပါတယ်။ ပထမအရွယ်ပညာရှာချိန်မှာ ပညာမရှာခဲ့မိရင် ဘဝခရီးလမ်းကို လျှောက်လှမ်းရာမှာ ခက်ခဲပင်ပန်းမှာ ဖြစ်ပါတယ်။ တကယ်တော့ ပထမအရွယ် ပညာရှာချိန်ဆိုတာ အသက်အရွယ်အားဖြင့် ငယ်နုပြီး တွေးခေါ်မြော်မြင်နိုင်စွမ်းကလည်း နည်းနေသေးတာကြောင့် ကိုယ်ဖြစ်ချင်တဲ့ ဝါသနာ၊ ဘဝရည်မှန်းချက်၊ ပန်းတိုင်တွေက မကွဲပြားသေးပါဘူး။ ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုတွေကိုလိုက်ပြီး ကျောင်းသား ကျောင်းသူ၊ လူငယ်တွေရဲ့စိတ်က လိုက်ပါပြောင်းလဲတတ်တာကလည်း သဘာဝပဲမို့ အပြစ်ဆိုစရာ မဟုတ်ပါဘူး**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၅

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ ငြိမ်းထက်ရန် (အထူးကု) | ဥတ္တရသီရိ သားဖွားမီးယပ်အထူးကု ဆေးရုံကြီး | ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး ။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ ဖွဲ့မင်းအောင် (အထူးကု) | ဥတ္တရသီရိ ကလေးရောဂါအထူးကု ဆေးရုံကြီး | မော်လမြိုင်မြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ ကျော်ဇင်သန့် (အထူးကု) | ဥတ္တရသီရိ ကလေးရောဂါအထူးကု ဆေးရုံကြီး | ဆားလင်းကြီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ လီလီစုမြတ် (အထူးကု) | ဥတ္တရသီရိ သားဖွားမီးယပ်အထူးကု ဆေးရုံကြီး | မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ အယ်လ်ဂျာအိန် (လ/ထ ဆရာဝန်) | ဥတ္တရသီရိ သားဖွားမီးယပ်အထူးကု ဆေးရုံကြီး | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ ဘိုမင်းထွန်း (လ/ထ ဆရာဝန်) | ကျောက်ထုံးကြီး တိုက်နယ်ဆေးရုံ | အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ မောင်မောင်ဌေး (ဆေးရုံအုပ်ကြီး) | ပုသိမ်ကြီး ပြည်သူ့ဆေးရုံ | ပုသိမ်ကြီးမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ သက်သက်အောင် (လ/ထ ဆရာဝန်) | စဉ့်ကူး ပြည်သူ့ဆေးရုံ | စဉ့်ကူးမြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ဖြိုးသီဟကျော် (လ/ထ ဆရာဝန်) | ပခုက္ကူ ပြည်သူ့ဆေးရုံ | ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ စိုးမိုးထွေး (ကလေးခရိုင် ကျန်းမာရေးမှူး) | ကလေး ခရိုင်ပြည်သူ့ကျန်းမာ ရေးဦးစီးဌာန | ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် စဉ့်ကူးပြည်သူ့ဆေးရုံမှ ဒေါက်တာ သက်သက်အောင် (လ/ထ ဆရာဝန်) သည် အမည်မရှိ ဆေးခန်း၌လည်းကောင်း၊ ပခုက္ကူပြည်သူ့ဆေးရုံမှ ဒေါက်တာ ဖြိုးသီဟကျော်(လ/ထ ဆရာဝန်)သည် "သပြေညို" ဆေးရုံ၌လည်းကောင်း၊ ကလေးခရိုင်ဆေးရုံ ဒေါက်တာစိုးမိုးထွေး (ခရိုင်ကျန်းမာရေးမှူး) သည် "အေးချမ်းသာ" ဆေးခန်း၌လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်း မပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ သက်သက်အောင် (လ/ထ ဆရာဝန်၊ စဉ့်ကူးပြည်သူ့ဆေးရုံ) ဆေးကုသနေသည့် အမည်မရှိ ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ သက်သက်အောင်



ဒေါက်တာ ဖြိုးသီဟကျော် (လ/ထ ဆရာဝန်၊ ပခုက္ကူပြည်သူ့ဆေးရုံ)အား ဆေးကုသခွင့်ပေးထားသည့် "သပြေညို"ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ ဖြိုးသီဟကျော်




ဒေါက်တာ စိုးမိုးထွေး (ကလေးခရိုင်ကျန်းမာရေးမှူး) ဆေးကုသနေသည့် "အေးချမ်းသာ"ဆေးခန်းမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ စိုးမိုးထွေး

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည် ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင် ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့ သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

# မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၂၁)ရပ်ကွက် ဆည်မြောင်းပတ်လမ်းမပေါ်၌ ဒေသခံပြည်သူတစ်ဦးကို ဓားထိုးမှုကျူးလွန်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၂၁)ရပ်ကွက် ဆည်မြောင်းပတ်လမ်းမပေါ်၌ ရွှေပေါက်ကံ မြို့သစ် အမှတ် (၂၁)ရပ်ကွက် ပုဂံလမ်း အိမ်အမှတ် (၂၆) နေ စောရန်အောင်(ခ)အသေးလေး(ဘ) ဦးမိုးမြင့်ဦးအား သက်မိုးထွန်း(ဘ) ဦးထွန်းဝင်း၊ ညီညီအောင်(ဘ)ဦးလှမျိုးနှင့် မွတ်တား (စိစစ်ဆဲ)တို့က "အသားထဲကလောက်ထွက်တဲ့ကောင်၊ သူလျှို၊ ဒလန်" ဟု အော်ဟစ်ပြောဆိုပြီး စောရန်အောင် (ခ) အသေးလေးအား သေစေရန် ကြံရွယ်ချက်ဖြင့် သက်မိုးထွန်း(ဘ) ဦးထွန်းဝင်းက အရိုးငါးလက်မခွဲခန့်၊ အသွားခြောက်လက်မခန့်ရှိ စုစုပေါင်း အရိုး/အသွား ၁၂ လက်မခွဲခန့်ရှိ သံလက်ကိုင်အဖြူရောင် ဓားအရိုးပါ ဓားဦးချွန် ဓားမြောင်တစ်ချောင်းဖြင့် လည်းကောင်း၊ ညီညီအောင် (ဘ) ဦးလှမျိုးနှင့် မွတ်တား(စိစစ်ဆဲ) တို့က အရိုးသုံးလက်မခွဲခန့်၊ အသွားခြောက်လက်မခန့်၊ စုစုပေါင်းအရိုး/အသွား ကိုးလက်မခွဲခန့်ရှိ သံလက်ကိုင်အနက်ရောင်တပ်လျက် ဓားဦးချွန်တစ်ချောင်းနှင့် အရိုးသုံးလက်မခွဲခန့်၊ နှစ်ဖက်ဓားသွားလေးလက်မခွဲခန့်ရှိ ဓားဦးချွန် ဓားမြောင်တစ်ချောင်းတို့ဖြင့် လည်းကောင်း လိုက်လံထိုးခဲ့ခြင်းကို ပြုလုပ်ခဲ့ကြသည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီးပုဒ်မ - ၃၀၇ အရ ၎င်းတို့အား မေ ၄ ရက်တွင် " အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်" စီ အမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

အဆိုပါပြစ်ဒဏ်ချမှတ်ခံရသူ သုံးဦးအနက် ညီညီအောင်(ဘ) ဦးလှမျိုးနှင့် မွတ်တား(စိစစ်ဆဲ)တို့သည် ထွက်ပြေးလွတ်မြောက်နေသဖြင့် ၎င်းနှင့်စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၈၇၊ ၈၈ အရ ဖမ်းဝရမ်းထုတ်ဆင့်ရန် အမိန့်ချမှတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအား မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှုမဆောင်ရွက်နိုင်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ဆူပူအကြမ်းဖက်သူများက အကြောင်းမဲ့ဝင်ရောက်အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိ ကျဆုံး

**နေပြည်တော် မေ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံ၌ လုံခြုံရေးဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်သူများက အကြောင်းမဲ့ဝင်ရောက်အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦး ထိခိုက်ဒဏ်ရာရရှိကာ ကျဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ ၁၀ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် တောမကျေးရွာအနီးရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့စက်ရုံရှေ့သို့ ဆူပူအကြမ်းဖက်သူအင်အား ၃၀ ခန့်က ဓား၊ လေးခွ၊ ဂျင်ကလိများ ကိုင်ဆောင်ရောက်ရှိလာပြီး ဆူပူအော်ဟစ်ဆဲဆိုကာ လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များအား အကြောင်းမဲ့ အနီးကပ်လုံးထွေးကာ ထိုးခုတ်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ နံနက် ၅ နာရီ ၁၅ မိနစ်တွင် ဆူပူအကြမ်းဖက်သူများသည် တောမကျေးရွာနှင့် စံပြကျေးရွာများဘက်သို့ အသီးသီး ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများ၏ အကြောင်းမဲ့အကြမ်းဖက်ရန်ပြုတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်သုံးဦးတို့တွင် ခန္ဓာကိုယ်နေရာအနှံ့အပြား၌ ထိုးသွင်း/ပြတ်ရှဒဏ်ရာများရရှိကာ ကျဆုံးခဲ့ရသည်။

အထက်ပါဖြစ်စဉ်များမှ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသက်သေဆုံးစေသည်အထိ အကြောင်းမဲ့အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်သူများကို ဥပဒေနှင့်အညီ ဖမ်းဆီးရမိ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သောပိတ်ဆို့စစ်ဆေးရှာဖွေမှုများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







# ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ အခြေခံပညာမူလတန်းကျောင်းခွဲအား အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီး

**နေပြည်တော် မေ ၅**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်၌ မေ ၄ ရက်တွင် အခြေခံပညာမူလတန်းကျောင်းခွဲကို အကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၂ နာရီခန့်တွင် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်မြို့တောရှည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းခွဲကို ဆူပူအကြမ်းဖက်သူ(စိစစ်ဆဲ)က မီးရှို့ခဲ့သဖြင့် ကျေးရွာနေပြည်သူများမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ဝါးတိုင်/ထရံကာ/သွပ်မိုးတစ်ထပ် ကျောင်းဆောင်တစ်ဆောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ မီးရှို့ခဲ့သူအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူသွားနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ လက်လုပ်ဗုံးပေါက်ကွဲ၍ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသော ဆူပူအကြမ်းဖက်သူတစ်ဦးအပါအဝင် အမျိုးသားသုံးဦး သေဆုံး

**နေပြည်တော် မေ ၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ မေ ၄ ရက်တွင် လက်လုပ်ဗုံး ပေါက်ကွဲ၍ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရသော ဆူပူအကြမ်းဖက်သူတစ်ဦး အပါအဝင် အမျိုးသားသုံးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့ မြို့မရပ်ကွက်နေ ဝေယံအောင် (၃၀နှစ်) (ဘ) ဦးမြင့်ဦးသည် မိတ်ဆွေများဖြစ်သည့် တောင်ပြင်ကျေးရွာနေ ဦးမြင့်သန်း၊ ဦးမင်းစိုးတို့နှင့်အတူ ဦးမြင့်သန်း၏ နေအိမ်သို့ ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာခဲ့ပြီး ဝေယံအောင်က ၎င်းစီးနင်းလာသည့် ဆိုင်ကယ်တူးဘောက်အတွင်းရှိ ဝက်သားများအား ထုတ်ယူရန် ဆိုင်ကယ်တူးဘောက်အား ဖွင့်လှစ်ခဲ့ရာ တူးဘောက်အတွင်း၌ ဝက်သားများနှင့်အတူ ရောနှောထည့်ထားသည့် အကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် အသင့်ဆောင်ထားသော လက်လုပ်မိုင်း ပေါက်ကွဲ၍ဝေယံအောင်နှင့် ၎င်း၏ မိတ်ဆွေနှစ်ဦးတို့သည် လက်လုပ်မိုင်းအစများ ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

လက်လုပ်မိုင်း ပေါက်ကွဲသေဆုံးမှုတွင် ပါဝင်သည့် ဝေယံအောင်မှာ နယ်မြေအတွင်း မကြာခဏ ဆူပူဆန္ဒပြသူတစ်ဦးဖြစ်၍ နယ်မြေခံရဲစခန်း၌ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံထားရပြီး ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရှိရကာ လူသေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေနှင့်အညီ သေမှုသေခင်းရေးဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိ




**နေပြည်တော် မေ ၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ ဆက်လက်ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၂ ခုနှစ် မေ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဈေးရပ်ကွက်ရှိ အမှတ်(၁၄) အခြေခံပညာမူလတန်း ကျောင်းဝင်းအတွင်း၌ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများ သိုဝှက်ထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကျောင်းဝင်းအတွင်းမှ သံဒိုင်းငါးချပ်၊ ကော်ဒိုင်းလေးချပ်၊ ကျည်ကာအင်္ကျီ ၂၇ ခု၊ ဖိုက်ဘာဦးထုပ် တစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်း ရမိခဲ့ကြောင်း။

အလားတူ ညနေ ၄ နာရီ မိနစ် ၅၀ တွင် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအတွင်း၌ CDM လှုပ်ရှားဆောင်ရွက်မှု စာရွက်စာတမ်းများ သိမ်းဆည်းထားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကျောင်းဝင်းဝင်ပေါက် လုံခြုံရေးဂိတ်အတွင်းမှ နိုင်ငံတော်ဆန့်ကျင်ရေး စာသားပါ ဗီနိုင်းစ ၁၄ ခု၊ ကော်ဦးထုပ်ခြောက်လုံး၊ ခတ်ငွေ့ကာနှာခေါင်းစွပ်တစ်ခု၊ မျက်မှန်တစ်လက်၊ နိုင်ငံတော်ဆန့်ကျင်ရေး စာသားပါ စာရွက် ၃၅၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့အတူ ည ၉ နာရီခွဲခန့်တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာနေ အောင်သိုက်စိုး(ဘ)ဦးထွန်းလှကို လက်လုပ်သေနတ်တစ်လက်နှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများ သိုဝှက်သိမ်းဆည်းထားရှိသူများကို ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များနှင့်အတူ တွေ့ရှိသူအား ဖမ်းဆီးရမိ

**နေပြည်တော် မေ ၅**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့်ဆောင်ရွက်လိုသူအချို့မှလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများအား အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များအား ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များအား ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ၊ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက် ရေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထိုသို့ဆောင်ရွက်ခဲ့ရာ မေ ၅ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် သင်ပန်းကုန်းရပ်ကွက် ၁၁၂-၁၁၃ လမ်းကြား ၅၆ လမ်းအရောက်၌ အဆိုပါလမ်းပေါ်ရှိ အမှတ် (၂၀) အခြေခံပညာအလယ်တန်းကျောင်းရှေ့၌ ဆူပူသူအမျိုးသားသုံးဦးက နိုင်ငံတော်ဆန့်ကျင်ရေးစာသားများရေးသားထားသည့် စာရွက်များ ကျောင်းဝင်ပေါက်တံခါးတွင် ကပ်နေသည်ကို တွေ့ရှိရ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးရာ အဆိုပါအမျိုးသားသုံးဦးအနက် သင်ပန်းကုန်းရပ်ကွက်နေ ထွန်းမျိုးအောင်(၁၉နှစ်) (ဘ)ဦးထွန်းထွန်းအား ဖမ်းဆီးရမိခဲ့သည်။ **(ယာပုံ)**



**ဥပဒေနှင့်အညီအရေးယူ**

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❐ *ကျောဖုံးမှ*

ငါးသင်းပြောင်းရွှေ့သည့် ထိုင်းကလပ်အသင်း ဖြစ်လာခဲ့သည်။ ကျော်ကိုကိုသည် ၂၀၁၈ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ချင်းရိုင်ယူနိုက်တက်အသင်း၊ ၂၀၁၉ ရာသီတွင် ထိုင်းလိဂ်-၁ ကလပ် ဆာမတ်ပရာခန်အသင်း၊ ၂၀၂၀ ရာသီ ပထမအကျော့တွင် ထိုင်းလိဂ်-၁ ကလပ် ဆူခိုထိုင်းအသင်း၊ ၂၀၂၀ ရာသီဝက်နောက်ပိုင်းတွင် ထိုင်းလိဂ်-၂ ကလပ် ချင်းမိုင်ယူနိုက်တက်အသင်းများတွင် ပါဝင်ကစားခဲ့သည်။

ကျော်ကိုကိုသည် ချင်းရိုင်ယူနိုက်တက်အသင်းတွင် ကစားနေသည့်ကာလတွင် ဒူးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့သဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ရသည်။ **သတင်း-ရဲရင့်လွင်၊ ဓာတ်ပုံ-ဖာရေးယူနိုက်တက်**

❍ *ကျောဖုံးမှ*

လိုအပ်နေသည့်ဂိုးများကို ဖော်ဆောင်နိုင်ခဲ့ခြင်း မရှိချေ။ ပီအက်စ်ဂျီအသင်းသည် ဒုတိယပိုင်းတွင် ကစားကွက်အပြောင်းအလဲအဖြစ် အီကာဒီ၏ နေရာကို မွိုက်စ်ကိန်း၊ ဟာရဲရား၏နေရာကို ဒရက်ဇ်လာတို့ဖြင့် အစားထိုးခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများကို မြင်တွေ့ခဲ့ရခြင်း မရှိချေ။ ပွဲချိန် ၆၃ မိနစ်တွင် မန်စီးတီးဒုတိယဂိုး ရရှိခဲ့ပြီး ဖိုဒင်၏ ဖန်တီးပေးမှုမှတစ်ဆင့် မာရက်ဇ်ကပင် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် ပီအက်စ်ဂျီအသင်းသည် မန်စီးတီးအသင်းကို ဖိအားပေးရန် ကြိုးစားလာခဲ့သော်လည်း ပွဲချိန် ၆၉ မိနစ်တွင် အသင်းမှ ဒီမာရီယာမန်စီးတီးကစားသမား ဖာနန်ဒင်ဟိုကို ကစားပုံကြမ်းတမ်းခဲ့သောကြောင့် အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသောကြောင့် နစ်နာခဲ့ရသည်။

ယနေ့ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းသည် မန်စီးတီးအသင်း ဘက်သို့ ဂိုးကန်သွင်းခွင့် ၁၄ ကြိမ် ထက်မနည်း ရှိခဲ့သော်လည်း ဂိုးပေါက်တည့်မတ်မှု မရှိခဲ့ကြောင်း သိရသည်။ ယနေ့ပွဲစဉ်တွင် မန်စီးတီးအသင်းအတွက် နှစ်ဂိုးစလုံး သွင်းယူပေးနိုင်ခဲ့သည့် မာရက်ဇ်သည် ၂၀၁၇-၂၀၁၈ ခုနှစ် မာနေးနောက်ပိုင်း အင်္ဂလန် ကလပ်အသင်းတစ်သင်းအတွက် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် နှစ်ကျော့စလုံးဂိုးသွင်းယူနိုင်သည့် ဒုတိယမြောက် ကစားသမားဖြစ်လာခဲ့သည်။ ပီအက်စ်ဂျီအသင်းသည် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်တွင် နှစ်ကျော့စလုံး အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည့် တတိယမြောက်အသင်း ဖြစ်လာခဲ့သည်။

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည့်အတွက် ယခုနှစ်ရာသီဖလားသုံးလုံး မျှော်လင့်ချက် ဆက်လက်ရှင်သန်လာခဲ့ပြီဖြစ်သည်။ မန်စီးတီးအသင်းသည် ကာရာဘောင်ဖလားကို ပြီးခဲ့သည့်လတွင် ဆွတ်ခူးထားပြီး ပရီမီယာလိဂ်တွင်လည်း ချန်ပီယံဖြစ်ရန် လက်တစ်ကမ်းအလိုသို့ ရောက်ရှိလာပြီဖြစ်သည်။ မန်စီးတီး အသင်းသည် လာမည့်ပွဲစဉ်အဖြစ် မေ ၈ ရက်တွင် ပရီမီယာလိဂ် ပွဲစဉ် (၃၅) အဖြစ် အသင်းကြီး ချယ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ **အောင်ဇော်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်လုပ်မိုင်းဖြင့် ပစ်ဖောက်ထွက်ပြေးသူအား ပစ်ခတ်ဖမ်းဆီးစဉ် ဒေသခံပြည်သူနှစ်ဦး မတော်တဆ ဒဏ်ရာရရှိ

**နေပြည်တော် မေ ၅**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် CDM လှုပ်ရှားမှုကိုအခြေခံပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်မှုကို ဦးတည်စေသော ဆူပူဆန္ဒပြမှုများအား သွေးထိုးလှုံ့ဆော်လျက်ရှိခြင်းကြောင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ အရေးယူဖမ်းဆီးထိန်းသိမ်းလျက်ရှိသည်။

ထိုသို့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသောအုပ်ချုပ်မှုအဖွဲ့အစည်းများနှင့် လုံခြုံရေးအဖွဲ့အစည်းများအား ဆူပူဆန္ဒပြမှုကို အခြေခံ၍ အကြမ်းဖက်မှုများကို ဦးတည်ဆောင်ရွက်နေသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက ဒေသန္တရလက်လုပ်သေနတ်များ၊ လက်လုပ်မိုင်းများ၊ မီးလောင်ဗုံးများ၊ စကေဘာများ၊ ပုဆိန်များ၊ ဂျင်ကလိများ၊ ဒူးလေးများဖြင့် အကြမ်းဖက်တိုက်ခိုက်လာကြသည်။

ထိုသို့ အကြမ်းဖက်တိုက်ခိုက်လာသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့များအလိုက် လှည့်ကင်း၊ ပတ်ကင်းများဖြင့် စစ်ဆေး ဆောင်ရွက်လျက်ရှိရာ ယနေ့ ညနေပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၂ လမ်းနှင့် ၆၆ လမ်းထောင့်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ တာဝန်ထမ်းဆောင်နေစဉ် ဆိုင်ကယ်စီးနင်းလာသူ အမျိုးသားတစ်ဦးက လက်လုပ်မိုင်းတစ်လုံးဖြင့် ပစ်ပေါက် ထွက်ပြေးခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင် တစ်ဦးက အဆိုပါ ပစ်ပေါက်ထွက်ပြေးသူအား ဖမ်းဆီးရမိရေး ပစ်ခတ်ဖမ်းဆီးခဲ့သည်။ ထိုသို့ပစ်ခတ်ခဲ့ရာ တရားခံအား ထိမှန်မှုမရှိဘဲ ကားလမ်းမျက်နှာပြင်မှတစ်ဆင့် အလုပ်သမားဆေးရုံရှေ့၌ ရပ်ထားသည့် မော်တော်ယာဉ်တစ်စီးပေါ်ရှိ သိန်းသန်းထွန်း(၂၄နှစ်) (ဘ)ဦးမောင်ဆိုင်းရန်အား ဝဲပါးရပ်ထိ ဒဏ်ရာတစ်ချက်၊ မနီနီဝင်း(ခ) အားဝေ(၃၀နှစ်)(ဘ) ဦးဆူထွေးခံ့အား ဝဲမျက်လုံးတွင် တစ်ချက် မတော်တဆထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရသူများအား အထွေထွေရောဂါကုဆေးရုံကြီးသို့ အချိန်မီပို့ဆောင် ကုသပေးသော်လည်း မနီနီဝင်းမှာ ရရှိဒဏ်ရာဖြင့် သေဆုံးသွားကြောင်း သိရှိရသည်။

ထိုသို့ မတော်တဆ ထိခိုက်သေဆုံးမှုအတွက် လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်တွင် နွေစပါးထက် မိုးစပါးကို အားပြုစိုက်ပျိုးရန် တောင်သူများ မျှော်မှန်းထား

**ရန်ကုန် မေ ၅**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မေ ၁ ရက်မှစတင်ကာ နွေစပါးများကို စက်ဖြင့် ရိတ်သိမ်းလျက်ရှိပြီး ဖြုတ်ပိုးကျခြင်းကြောင့် ယခင်နှစ်ထက် အထွက်နှုန်းကျကြောင်းနှင့် တောင်သူများအနေဖြင့် နွေစပါးထက် လာမည့်မိုးစပါးကို အားပြုစိုက်ပျိုးရန် မျှော်မှန်းထားကြောင်း ဒေသခံတောင်သူများ၏ ပြောကြားမှုများအရ သိရသည်။



နွေစပါးများကို စက်ယန္တရားများဖြင့် ခြွေလှေ့သိမ်းဆည်းနေသည့် တောင်သူများ။

**နွေစပါး အရင်းသာရ**

ပြီးခဲ့သောနှစ်က နွေစပါး စိုက်ခင်းများတွင် ရောဂါပိုးနည်းခဲ့၍ တစ်ကေလျှင် တင်း ၁၂၀ အထိ ထွက်ခဲ့ပြီး စပါးဈေးမှာလည်း ငွေကျပ်ငါးသိန်းအထက်ရရှိသောကြောင့် တောင်သူတို့ အဆင်ပြေခဲ့သည်။ ယခုနှစ် နွေစပါးရာသီတွင် ရေရရှိမှုစော၍ တောင်သူများအတွက် စိုက်ပျိုးရေ အဆင်ပြေခဲ့ပြီး ရေကွက်ဝင်ရက် ၉၀ စပါးဖြစ်သော ထိုင်းနံ့ကောက်စပါးမျိုးနှင့် ပေါ်ဆန်းမွှေးကို အများဆုံးစိုက်ပျိုးခဲ့ရာ ဖြုတ်ပိုးကျမှုများသောကြောင့် မျှော်မှန်းထားသည့်အတိုင်း စပါးမထွက်ဘဲ တစ်ကေလျှင် တင်း ၅၀ မှ ၈၀ ခန့်သာ ထွက်ရှိကြောင်း သိရသည်။

"ကေ ၈၀ စိုက်တာ တစ်ကေ ပျမ်းမျှ တင်း ၈၀ ပဲ ထွက်တယ်။ ဒီနှစ် စိုက်ပျိုးရေ စောပြီးရလို့ တောင်သူတွေ အဆင်ပြေခဲ့ကြတယ်။ ဒါပေမယ့် ထူးထူးခြားခြား ဖြုတ်ပိုးက လယ်ကွက်အားလုံးနီးပါး ကျတာ။ ဆေးမနိုင်လို့ လက်လွှတ်လိုက်ရတဲ့ လယ်တွေလည်းရှိတယ်။ မနှစ်က တစ်ကေ တင်း ၁၂၀ ထွက်ခဲ့တဲ့လယ်တွေ ဒီနှစ်မှာ တင်း ၆၀ ကနေ ၈၀ အထိပဲ ထွက်တယ်။ အခု ပေါက်ဈေးက တင်း ၁၀၀ ကို ငွေကျပ် ၄၈၀၀၀၀၊ ၅၀၀၀၀၀ ဈေးရှိတယ်။ ငါးသိန်းဆို စပါးနှစ်ပေါင် ပိုပေးရတယ်။ မနှစ်က ငါးသိန်းကျော်တယ်။ ဒီနှစ်မှာတော့ ကုန်ကျစရိတ်များတယ်၊ အထွက်နှုန်းနည်းပြီး စပါးဈေးက ငြိမ်တယ်လို့ ပြောရမယ်။ ဒါကြောင့် မိုးစပါးကို အားပြုစိုက်ဖို့ တောင်သူတွေ အားခဲထားကြပါတယ်။ ဒီနွေစပါးကတော့ အရင်းပဲရကြတယ်"ဟု တိုက်ကြီးမြို့နယ် ဥတိုကျေးရွာမှ တောင်သူ ဦးစိုးဝေအောင်က ပြောသည်။

**မိုးစပါးကို အားပြုစိုက်ရန်**

ရန်ကုန်တိုင်းဒေသကြီးတွင် တိုက်ကြီးမြို့နယ်သည် နွေစပါးစိုက်ပျိုးမှုအများဆုံး မြို့နယ်များအနက် တစ်ခုအပါအဝင်ဖြစ်ပြီး နွေစပါးကို ဒီဇင်ဘာလကုန်တွင် ပျိုးထောင်၍ ဇန်နဝါရီလတွင် စိုက်ပျိုးကာ ဧပြီလကုန်တွင် စတင်ရိတ်သိမ်းနေခြင်းဖြစ်သည်။ သွင်းအားစုအနေဖြင့် ယူရီးယားမြေဆီ တစ်အိတ်လျှင် ယခင်က ငွေကျပ် ၂၇၀၀၀ သာရှိရာမှ နွေစပါးစိုက်ချိန်တွင် ငွေကျပ် ၃၂၀၀၀ ရှိခဲ့ပြီး တစ်ကေလျှင် မြေဆီ သုံးအိတ်နှင့် ကွန်ပေါင်းတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ ခန့်နှုန်းဖြင့် တစ်အိတ်ခွဲ အသုံးပြုရကြောင်း၊ သွင်းအားစု ကုန်ကျစရိတ် အပါအဝင် ထွန်ယက်ခ၊ ရိတ်သိမ်း ခြွေလှေ့ခ၊ အလုပ်သမားစရိတ်များအရ အထွက်နှုန်း နည်းသော ယခုနှစ် နွေစပါးရာသီတွင် အရင်းသာ ရရှိသည့်အတွက် ယခုလာမည့် မိုးစပါးကိုသာ အားပြုစိုက်ပျိုးရန် တောင်သူတို့ မျှော်မှန်းထားခြင်း ဖြစ်သည်။

**ဆန်ချောဈေးမြင့်တက်မှုနှင့် ဆက်နွယ်မှုရှိနိုင်**

ရန်ကုန်မြို့၌ လက်ရှိတွင် ဆန်ချော တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀ ခန့် ဈေးမြင့်တက်ပြီး ဆန်ကြမ်း တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀ ခန့် ဈေးကျလျက်ရှိရာ မတ်လဆန်းပိုင်းက ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဆန်ဈေး တည်ငြိမ်ခဲ့သော်လည်း လကုန်ပိုင်းမှစ၍ ဆန်ချောဈေးများ မြင့်လာခြင်းဖြစ်သည်။ ယခင်လို ဘဏ်မှ ငွေလွှဲခြင်းထက် လက်ငင်းငွေချေသော စနစ်ကို အသုံးပြု ရောင်းဝယ်လာကြသောကြောင့် ဒိုင်မှဝယ်၍ ပြန်ရောင်းသူများမှာ ဆန်သိုလှောင်ရန် အခက်အခဲရှိသည့်အတွက် စားသုံးမှုများလာသော ဆန်ချောဈေး မြင့်တက်လာမှုနှင့် ဆက်နွယ်မှုရှိနိုင်ကြောင်း အင်းစိန်ဈေးရှိ ဆန်လက်လီလက်ကား ဈေးကွက်မှ သိရသည်။

တိုက်ကြီးမြို့နယ်တွင် ဆန်ကြမ်းနှင့် ဆန်ချော နှစ်မျိုးလုံးကို နှစ်စဉ်စိုက်ပျိုးကြပြီး ပြီးခဲ့သည့်နှစ်က ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်ပသို့ ဆန်တင်ပို့မှုနည်းခဲ့၍ ပြည်တွင်းစားသုံးမှု ပိုလျှံလျက်ရှိသည်။ တိုက်ကြီးမြို့နယ်မှတောင်သူတို့အနေဖြင့် နွေစပါးများ စပါးနံ့ထွက်ချိန်၊ နို့ရည်ခဲချိန်တွင် ဖြုတ်ပိုးကျခဲ့ပြီး အထွက်နှုန်းကျခြင်းကြောင့် အမြတ်ရရှိမှု နည်းပါးခဲ့သော်လည်း လာမည့် မိုးစပါးကို ကုန်ကျစရိတ်သက်သာသော နည်းလမ်းဖြင့် ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ၊ ဓာတ်ပုံ - ကနူး**

# မြန်မာ့ထွက်ကုန် ဂျုံသီးနှံများ မန္တလေးဈေးကွက်သို့ နေ့စဉ်ဝင်ရောက်ကာ အရောင်းအဝယ်များ ကောင်းမွန်

**မန္တလေး မေ ၅**

ပြည်တွင်း၌ စားသုံးမှုများပြားသည့် မြန်မာ့ထွက်ကုန် ဂျုံသီးနှံများ ယခုသကြၤန်အပြီးကာလတွင် မန္တလေးဈေးကွက်သို့ နေ့စဉ်ပုံမှန်ဝင်ရောက်ကာ ဈေးနှုန်းတည်ငြိမ်စွာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။



အဆိုပါ ဂျုံသီးနှံမှာ ဈေးကွက်၌ လက်ရှိပေါက်ဈေးများအနေဖြင့် ရှမ်းဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ နှုန်း၊ မြန်မာ့ဂျုံ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၁၀၀၀ နှုန်းနှင့် ဩစတြေးလျားဂျုံမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၅၈၀၀၀ နှုန်းများဖြင့် သကြၤန်မတိုင်မီကာလက ဖြစ်ပေါ်ခဲ့သည့် ပေါက်ဈေးများအတိုင်း ဈေးနှုန်းတည်ငြိမ်စွာ အရောင်းအဝယ် ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"ဂျုံသီးနှံက ကမ္ဘာမှာ စားသုံးမှုအများဆုံးဖြစ်ပြီး မြန်မာနိုင်ငံမှာတော့ ဆန်စပါးပြီးရင် ဒုတိယ စားသုံးမှု အများဆုံးဖြစ်ပါတယ်။ လက်ရှိပြည်တွင်းစားသုံးမှုနဲ့ ဂျုံစိုက်ပျိုးထွက်ရှိမှုက မျှတမှုမရှိတဲ့အတွက် နှစ်စဉ်ဩစတြေးလျားနိုင်ငံလို ဂျုံထွက်တဲ့ နိုင်ငံတွေကနေတစ်ဆင့် တင်သွင်းနေရပြီး အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေကလည်း ဂျုံမှုန့်တွေကို တင်သွင်းနေရတယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေကနေ တင်သွင်းမှုလျှော့ချနိုင်အောင် ပြည်တွင်းမှာ ဂျုံစိုက်ကေကို အခုထက်ပိုမိုပြီး တိုးချဲ့စိုက်ပျိုးနိုင်အောင် လုပ်ဆောင်ကြဖို့ အကြံပြုချင်ပါတယ်။ ဒီလိုတိုးချဲ့စိုက်ပျိုးနိုင်မယ်ဆိုရင် ဂျုံအခြေပြု စက်မှုလုပ်ငန်းတွေဖြစ်တဲ့ ဂျုံစက်၊ ခေါက်ဆွဲစက်နဲ့ ဘီစကွတ်စက်ရုံတွေလို လုပ်ငန်းတွေလည်း အခုထက်ပိုပြီး ဖွံ့ဖြိုးတိုးတက်လာနိုင်မှာပါ"ဟု ၎င်းကဆက်လက် ပြောသည်။

ဂျုံသီးနှံကို မြန်မာနိုင်ငံ အလယ်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းဒေသများနှင့် ချင်းပြည်နယ်တို့တွင် စိုက်ပျိုးကြပြီး တစ်နှစ်လျှင် တစ်ရာသီသာလျှင် ဆောင်းသီးနှံအဖြစ် တန်ဆောင်မုန်းလဆန်းတွင် စတင်စိုက်ပျိုးကာ တပေါင်းလဆန်း၌ ရိတ်သိမ်းထွက်ရှိကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရေစကြိုမြို့နယ်တွင် စန္ဒကူးစိုက်ပျိုးမှု ကေများလာပြီး ဈေးကွက်ကောင်းရန်မျှော်လင့်

**ရေစကြို မေ ၅**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် စန္ဒကူးစိုက်ပျိုးမှု များလာပြီး ခုတ်ယူရောင်းချချိန် ဈေးနှုန်းကောင်းရရှိရန်သာ မျှော်လင့်နေကြကြောင်း စန္ဒကူးစိုက်ပျိုးထားသည့် တောင်သူ ဦးမြသင်းထံမှ သိရသည်။

ရေစကြိုမြို့နယ်တွင် စန္ဒကူးစိုက်ပျိုးမှုများလာပြီး ဒေသခံများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ပေးလာနိုင်ကြောင်း သိရသည်။ စန္ဒကူးကို ရာသီမရွေး စိုက်ပျိုးလာကြပြီး မြေအောက်ရေ တူးဖော်ကာ စန္ဒကူးပင်အခြေ ရေပိုက်အစက်ချစနစ်ဖြင့် ရေပေးကာ ရာသီမရွေး စိုက်ပျိုးနိုင်ကြောင်း သိရသည်။

စတင်စိုက်ပျိုးရန် နှစ်နှစ်သားစန္ဒကူးပျိုးပင်များကို ဝယ်ယူ စိုက်ပျိုးခြင်း၊ ကိုယ်တိုင်ပျိုးထောင်စိုက်ပျိုးခြင်းများဖြင့် စိုက်ပျိုးလာခဲ့ရာ ကိုးပေပတ်လည် ပန္နက်ရိုက်စိုက်ပျိုးကြကြောင်း စန္ဒကူးပင်ပေါက်များ နေဒဏ်၊ လေဒဏ်ခံနိုင်စေရန် ကပ်ပါးပင်အဖြစ် ပဲစင်းငုံပင်များဖြင့် မဲဇလီပင်များနှင့် စိုက်ပျိုးခြင်းဖြင့် စန္ဒကူးပင်ကို အထောက်အကူဖြစ်စေကြောင်း သိရသည်။

စန္ဒကူးပင်ပေါက် နှစ်နှစ်သားခန့် တစ်ပင်လျှင် ငွေကျပ် ၁၅၀၀ ပေးဝယ်စိုက်ပျိုးရပြီး လေးနှစ်သား စန္ဒကူးပျိုးပင်ပေါက် တစ်ပင်လျှင် ငွေကျပ် ၄၅၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးကြကြောင်း သိရသည်။ စန္ဒကူးပျိုးပင်ပေါက်များကို ကျောက်ပန်းတောင်းမြို့နယ် ဆည်ပေါက်ကျေးရွာ၊ ညောင်ကန်ကျေးရွာနှင့် မြိုင်မြို့နယ်တို့တွင် ဝယ်ယူရရှိကြောင်း သိရသည်။


